


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၆၄၈/၉၃ (၉) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၇၃၉/၉၃ (၁၀) |
| ထုတ်ဝေသည့်ကာလ | ၁၉၉၄-ခုနှစ်၊ မေလ |
| အကြိမ် | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ အုပ် |
| တန်ဖိုး | ၃၄ ကျပ် |
| ထုတ်ဝေသူ | ဦးတင်ဦး (၀၅၅၇)<br>အရှက်ဦးစာပေ<br>၁၁၂၀/က၊ စိန်ရတနာလမ်း၊<br>၉-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဒေါ်ကြည်သန်း (၀၁၉၂၆)<br>ရွှေဝ ပုံနှိပ်တိုက်၊<br>အမှတ် (၁)၊ ဗိုလ်ရာညွန့်လမ်း၊<br>ဒဂုံမြို့နယ်။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း (၀၂၄၃၁)<br>နေသရောင် အော့ဖ်ဆက်၊<br>၉၆(ခ)၊ (၁၁) လမ်း၊ ရန်ကုန်မြို့။ |


# ရဲမင်းဟိန်း

ရွှေတောင်ပံ သိမ်းငှက်

ဒုတိယပိုင်း (ဇာတ်သိမ်း)

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ မြေဒင်
တောင်ငူမြို့
ဖုန်း ၂၀၇၅၅

အခန်း (၁)

ရာသီဥတုက သာယာကြည်လင်နေသည်။

တောက်ပ ပူနွေးသော နေရောင်ခြည်က တစ်လောကလုံး အပေါ်သို့ ဖြန့်ကျက်ကျရောက်နေသည်။

တောတန်းတစ်ခွင် တောင်တန်းတစ်လျှောက်တို့ကို စိမ်းစိုစိုနှင့် တွေ့ရသည်။

အစာရှာထွက်သော ကျေးငှက် သာရကာတို့၏ အသံကို စီစီညံညံ ကြားရသည်။

စုကျိုးမြိုင်ရှိ တောတန်းသည် အေးချမ်းသာယာသော အသွင်ကို ဆောင်နေ၏။

ထိုတောတန်းသို့ ရှောင်းရိတို့လူစု ရောက်လာသည်၊

သူတို့သည် နံနက်စောစောတွင် ခရီးဆက်ရန် ဖြစ် သော်လည်း ရေဘေးရန်ပုံငွေအတွက် ရွှေစင်အစိတ် ဝင်လှူလိုက်သဖြင့် ကယ်ဆယ်ရေးလုပ်ငန်း လုပ်ဆောင် နေ သူ များ က နံနက်စာ အတင်းကျွေးသဖြင့် စားရင်း မွန်း တည့် ခါနီး သို့ ရောက်လာသည်။

သူတို့က ခရီးဆက်စရာရှိသေးသဖြင့် တောင်းပန်၍ ခရီးဆက်ခဲ့သဖြင့် ယခု မွန်းတည့်ချိန်တွင် မြို့ပြင်တောတန်းသို့ ရောက်လာခြင်းဖြစ်သည်။

ရှောင်းရိတို့လူစုမှာ မြင်းလေးစီး မြင်းနှစ်ကောင်ကသော အလုံပိတ် မြင်းလှည်းတစ်စီးတို့ဖြင့် ခရီးဆက်လာခြင်းဖြစ်သည်။

မြင်းလှည်းရှေ့တွင် ခေါးစကြာနှင့် လေခွဲလက်ဝါးတို့က မြင်းကိုယ်စီဖြင့်ဦးဆောင်ပြီး မြင်းလှည်း၏ နောက်တွင် တိမ်ပျံကုန်းချိနှင့် ရှောင်းရိတို့က မြင်းကိုယ်စီဖြင့် ပါလာသည်။

တောတန်းလေးသို့ အဝင်တွင် ရှေ့မှသွားနေသော မြင်းနှစ်ကောင် တုံ့ခနဲ ရပ်သွားပြီး ငှက်အော်သံနှင့်ပမာတူသော အသံဖြင့် အချက်ပေး အော်ဟစ်သည်။

အလုံပိတ်မြင်းလှည်း ရပ်သွားသည်။





မြင်းလှည်းနောက်မှ ပါလာသော တိမ်ပျံကုန်းချိနှင့် ရှောင်းရိတို့က ရှေ့ကို လှမ်းကြည့်၏။

ခေါးစကြာတို့ရှေ့တွင် လှမ်းပိတ်ပြီး ရပ်နေသော လူတစ်စုကို တွေ့ရ၏။

"ခင်ဗျား မြင်းလှည်း အပြင်ကနေ ခြုံဘွားဘွားတို့ကို အကျိုးအကြောင်း ပြောပြပါ။ ကျွန်တော် ရှေ့ကို သွားမယ်"

"ကောင်းပြီ.... ညီလေး"

ရှောင်းရိက ရပ်ထားသော မြင်းကို ဖနှောင့်ဖြင့် တို့ပြီး ရှေ့သို့ စီးထွက်၏။

မြင်းလှည်းကိုပိတ်ပြီး မြင်းလှည်းရှေ့ မလှမ်းမကမ်းတွင်ရှိသော ခေါးစကြာတို့အနီးသို့ ချဉ်းကပ်ခဲ့သည်။

သူ့မျက်လုံးအစုံက ခေါးစကြာတို့ရှေ့တွင် ရှိနေသောလူစုကို အကဲခတ် ကြည့်ရှုလာသည်။

ခေါးစကြာတို့ရှေ့တွင် ရှိနေသော လူစုမှာ လက်နက်ကိုယ်စီ ကိုင်ထားသည့် လူခြောက်ယောက်ဖြစ်သည်။

ရုပ်ရည်ကြမ်းတမ်းပြီးရက်စက်ရမ်းကားမည့်အသွင်သဏ္ဌာန်ရှိသူများပင် ဖြစ်သည်။

"မိတ်ဆွေတို့က ဘာဖြစ်လို့ ကျွန်တော်တို့ရဲ့ လမ်းကို ပိတ်ပြီး ရပ်နေကြတာလဲ"

ရှောင်းရိက ထိုသူခြောက်ယောက်ကို စေ့စေ့ကြည့်ရင်း မေးလိုက်သည်။

လူ ခြောက် ယောက် အနက် ခေါင်းဆောင် ဖြစ်သော မုတ်ဆိတ်မွေး ပါးမြိုင်းမွေးထူထူ မျက်နှာတွင် ကျောက်ပေါက်ရာများ ပြည့်နေသူက အက်ကွဲကွဲနိုင်သောအသံဖြင့် ရယ်လိုက်သည်။

"ခင်ဗျားတို့က အလှူအတန်းရက်ရောလွန်းလို့ အလှူခံဖို့ စောင့်နေတာပါ"

"ကျွန်တော်တို့ လှူသင့်တဲ့ ကိစ္စအတွက် လှူခဲ့ပြီးပါပြီ၊ ခင်ဗျားတို့က ဘာအတွက် အလှူခံမှာလဲ"

"ကျွန်တော်တို့မိသားစုအတွက် အလှူခံမှာပါ။ ရှောင် အစိတ်လောက် ကျွန်တော်တို့ကိုလဲ လှူခဲ့ပါဦး"





"ကျွန်တော်တို့က စေတနာမပေါက်လို့ မလှူဘူး ဆိုရင်ကော"

"အဲဒါဆိုရင်တော့ ခင်ဗျားတို့ကို မလွှဲမကင်းသာ တိုက်ခိုက်ရမှာပဲ"

ရှော့မှ လူခြောက်ယောက်သည် စကား အချီအသာဖြင့် ဓားပြတိုက်မည့်သူများဟု သိလိုက်သည်။

"ကျွန်တော်တို့က အတင်းအကျပ် အလှူခံမယ့်သူတွေရှင်းပစ်ဖို့ ဆုံးဖြတ်ထားပြီးသား ဆိုတော့ ပြန် တိုက်ခိုက်ဖို့ အဆင်သင့်ပါပဲ၊ အမှန်မှာတော့ ခင်ဗျားတို့ဟာ အလှူခံတွေမှ မဟုတ်ဘဲ"

"ကျုပ်တို့ အလှူခံတွေ မဟုတ်ရင် ဘာလဲ"

"ခင်ဗျားတို့ ဓားပြတွေဆိုတာ ကလေးတောင် သိပါတယ်"

ရှောင်းရိ၏ စကားကြောင့် ကျောက်ပေါက်မာသံ့သဲ့နှင့်လူ အားရပါးရ ရယ်လိုက်သည်။

ကျယ်လောင်သော သူ့ရယ်သံ တောတန်း တစ်ခုလုံးသို့ ပျံ့နှံ့သွား၏။

"ဟား....ဟား....။ ရှင်းရှင်းပြောတတ်တဲ့လူနဲ့ လာတွေ့နေတာကိုး။ ကျုပ်တို့က ဒါမျိုးမှ ကြိုက်တာ။ ခုခံမယ်ဆိုတဲ့လူ လှကန်ကန်ထုတ်"

ကျောက်ပေါက်မာနှင့်လူအား ကြည့်ပြီး ရှောင်းရိ ပြုံးလိုက်သည်။

သူက မြင်းပေါ်မှ လှစ်ခနဲ ခုန်ဆင်းပြီး....

"ကျွန်တော့်မှာ လက်နက်မပါဘူး။ ခင်ဗျားရဲ့ လက်နက်ကို ငှားရမှာပဲ"

ပခုံးတစ်ချက်လှုပ်ပြီး ခုန်ထွက်လိုက်သည်နှင့် ရှောင်းရိ၏ ခန္ဓာကိုယ်မှာ ကျောက်ပေါက်မာ သဲ့သဲ့နှင့်လူ၏ ရှေ့သို့ ရောက်သွားသည်။

ရှောင်းရိသည် ကျောက်ပေါက်မာရှိသူအား ညာလက်ဖြင့် လှမ်းရိုက်သည်။

ထိုသူ၏ လက်ထဲမှ အနျည် တစ်တောင်ခန့်သာရှိပြီး ဓားရှက် တစ်ခုလုံး ပြာလဲ့လဲ့ အရောင်သမ်းနေသော ဓားကို ဆွဲလုလိုက်သည်။





လက်ဝါးရိုက်ချက်ကို ရှောင်တိမ်းနေစဉ် ဓားအလုခံလိုက်ရသဖြင့် ကျောက်ပေါက်မာနှင့်လူ မျက်နှာကွက်ခနဲ ပျက်သွားသည်။

ဓားလုယူပြီးသည်နှင့် ရှောင်းရိသည် သူ့မြင်းပေါ်သို့ နောက်ပြန် ခုန်တက်လိုက်၏။

တစ်ပြိုင်နက်တည်းပင် မြင်းကို တစ်ဟုန်ထိုး စီးထွက်၍ လမ်းပိတ်နေသူများကြား ဖောက်ဝင်လျက် တရကြမ်း တိုက်ခိုက်သည်။

ဓားစကြာတို့ကလည်း ရှောင်းရိ စတင်တိုက်ခိုက်သည်နှင့် သူတို့ပါ ဝင်ပြီး တိုက်ခိုက်၏။

မာန်သွင်း အော်ဟစ်သံ၊ လက်နက်ချင်း ထိခတ်သံတို့ တောတန်းလေးအတွင်း တစ်ခဲနက် ပေါ်လာသည်။

ကျောက်ပေါက်မာတို့ လူစုမှာ သူတို့၏ မျှော်လင့်ထားသည်ထက် ပို၍ အဆင့်မြင့်သော သိုင်းသမားများနှင့် တွေ့နေရသဖြင့် အသေအလဲ ခုခံကြသည်။

ခုခံရင်း ရှောင်းရိ၏ လက်ချက်ဖြင့် လူနှစ်ယောက် အကြောပိတ် ခံရပြီး မြေပြင်ပေါ် လဲကျသွားလေ၏။

ကျောက်ပေါက်ရာနှင့် လူမှာ ဓားဦးဖြင့် အကြောထိုးပိတ်သော ရှောင်းရီ၏ ပညာကို သိမြင်ပြီး ဆုတ်ခွာရန် ပြင်ဆင်၏။

"ဒီကောင်တွေ တစ်ကောင်မှ မလွတ်စေနဲ့"

ရှောင်းရီက အော်ဟစ်ပြီး ကျောက်ပေါက်မာနှင့် လူထံ ပြေးဝင်သည်။

လက်နက်မဲ့နေပြီဖြစ်သော ကျောက်ပေါက်မာနှင့် လူက ရှောင်တိမ်းရန် ကြိုးစားရင်း ရှောင်းရီအား ပြန်လည် တိုက်ခိုက်၏။

ရှောင်းရီက ထိုသူ၏ တိုက်ကွက်ကို မြင်သည်နှင့် ရယ်လိုက်သည်။

ပြီး.... သူက ဓားကို ဝှေ့ယမ်း၍ တရကြမ်း ဝင်ရောက်တိုက်ခိုက်လေသည်။

*





လူခြောက်ယောက်မှာ တဖြည်းဖြည်း အရေးနိမ့်လာသည်။

အချိန်ကြာမြင့်လေ သူတို့၏ တိုက်ခိုက်မှုက အင်အားကင်းမဲ့လေ ဖြစ်လာ၏။

လူခြောက်ယောက်အနက် ခေါင်းဆောင်ဖြစ်သူက သူ့လူများအား မျက်ရိပ်ပြပြီး နောက်သို့ ခုန်ဆုတ်သည်။

သူ၏ နှုတ်မှ မတိုးမကျယ်နိုင်သော လေချွန်သံတစ်ချက် လွင့်ထွက် ပေါ်ပေါက်လာသည်။

လူခြောက်ယောက် ထွက်ပြေးတော့မည်ဟု ရှောင်းရီ သိလိုက်သည်။

လူခြောက်ယောက် အနက်မှ တစ်ယောက်ကို အမိအရ ဖမ်းရမည်ဟု စိတ်ကူးလိုက်စဉ်မှာပင် မြင်းလှည်းတံခါး ပွင့်သွားပြီး မြင်းလှည်းအတွင်းမှ အစိမ်းရောင်အရိပ် ခုန်ပျံထွက်လာသည်။

ထိုလူရိပ်မှာ ခြူဘွားဘွားဖြစ်ပြီး လူခြောက်ယောက်၏ ပြေးလမ်းကို ပိတ်ဆို့လိုက်သည်။

တစ်ပြိုင်နက်တည်းမှာပင် ခြူဘွားဘွားက သူ့လက်ထဲမှ တောင်ဝှေးကို လွှပ်ရှားလိုက်သည်။

မင်း၈၁၆၀

ခြူသံတချွင်ချွင်က သာယာနာပျော်ဖွယ် ပေါ်လာသည်၊

ပြေးရန် ပြင်နေသူတို့ မြေပြင်ပေါ် အတုန်းအရုန်းလဲကျကြကုန်၏။

ခြူဘွားဘွားက အေးစိမ့်စိမ့်နိုင်သော အသံဖြင့် ရယ်ပြီး ရှေ့တိုးလာသည်။

"သူတို့ကို ဒီအတိုင်းမထားနဲ့ စစ်မေးကြည့်ပါ လူလေး၊ သူတို့ဟာ အလှူခံတာလဲ မဟုတ်ဘူး။ ဓားပြတွေလဲ မဟုတ်ဘူး။ ဝံပုလွေခြောက်ဖော်ဆိုတာ သူတို့မဲ....။

"တစ်ယောက်ယောက်က ခိုင်းလိုက်လို့ ဘွားဘွားတို့ကို လမ်းပိတ်ပြီး အနှောင့်အယှက်ပေးတာ။ ဘယ်သူက ခိုင်းလိုက်သလဲဆိုတာ သိဖို့လိုတယ်"

"ကျွန်တော် သူတို့ကို စစ်မေးလိုက်ပါ့မယ် ဘွားဘွား"

ရှောင်းရိက ဝံပုလွေခြောက်ယောက်ထံသို့ ချဉ်းကပ်သည်။

အကြောပိတ်ခံထားရသော ထိုသူ ခြောက် ယောက်မှာ ရှောင်းရိအား မျက်လုံးအဝိုင်းသားနှင့် ကြည့်နေ၏။





"ခင်ဗျားက ဝံပုလွေခြောက်ဖော်ထဲက အကြီးဆုံး ယဲ့လိန် မဟုတ်လား။ ခင်ဗျားတို့ဟာ လမ်းဓားပြတွေ မဟုတ်ဘူး။ အဆင့်အတန်းရှိတဲ့ သိုင်းသမားတွေဆိုတာ ကျုပ်တို့သိတယ်။ အခုလို ကျုပ်တို့ရဲ့ သွားလမ်းကို ပိတ်ပြီး နှောင့်ယှက်တာ အကြောင်းရှိလိမ့်မယ်....။

"အဲ.... ဒီအကြောင်းက ဘာလဲ။ ခင်ဗျားတို့ ဝံပုလွေခြောက်ဖော်ဟာ လိမ်ညာပြောတတ်သူတွေ မဟုတ်ဘဲ မလိမ်နဲ့နော်"

ရှောင်းရိက ပါးမြိုင်းမွေးထူထူ ကျောက်ပေါက်မာသဲ သဲ ရှိသော ဝံပုလွေခေါင်းဆောင် ယဲ့လိန်အား အကြောဖြေပေးရင်း မေးသည်။

ယဲ့လိန်သည် တည်ကြည်သောမျက်နှာနှင့် ရှောင်းရိအား လှမ်းကြည့်၏။

"ဒီအကြောင်းကို ဖော်ရင် ကျုပ်တို့ကို သေဒဏ်ပေးမယ်လို့ ခိုင်းစေတဲ့လူက ပြောထားတယ်။ အခု ကျုပ်တို့က သူခိုင်းတာကို အောင်မြင်အောင် မဆောင်ရွက်နိုင်တော့ သေဒဏ် အပေးခံရမှာပဲ။ ဘယ်လိုနေနေ သေရမယ့် အတူတူ မထူးတော့ပါဘူး။ လျှို့ဝှက်ချက်ကို ကျုပ် ပြောပါ့မယ်"

ယွဲ့လိန်က ဆုံးဖြတ်ချက်ချပြီးဟန်ဖြင့် ပြတ်ပြတ်သားသား ပြောသည်။

ထိတ်လန့် ကြောက်ရွံ့ခြင်း မရှိတော့သည့် သူ့မျက်နှာမှာ တည်ကြည်အေးချမ်းနေ၏။

"ကျွန်တော်တို့က အကြောင်းမဲ့ လူမသတ်ပါဘူး။ အဖြစ်မှန် သိပြီးရင် ခင်ဗျားတို့ကို လွှတ်ပေးလိုက်ပါ့မယ်"

ယွဲ့လိန် ပြုံးပြီး ခေါင်းခါသည်။

"မိတ်ဆွေလေးက လွှတ်လိုက်ပေမယ့် ကျုပ်တို့ အသက်ချမ်းသာမှာ မဟုတ်ပါဘူး။ ခိုင်းတဲ့ကိစ္စ မအောင်မြင်တဲ့အတွက် အသတ်ခံရမှာပါပဲ"

ယွဲ့လိန်၏ စကားကြောင့် ရှောင်းရိ၏ စိတ်ထဲတွင် ထူးဆန်းသွားမိသည်။

သူက ယွဲ့လိန်ကို စူးစူးနစ်နစ် ကြည့်လိုက်ပြီး....

"ခင်ဗျားတို့ဟာ သိုင်းလောကထဲမှာ နာမည်ရပြီးသားတွေပါ။ ခင်ဗျားတို့က လူတစ်ယောက်ကို ကြောက်နေရတယ်ဆိုတာ သိစ်အံ့သြဖို့ ကောင်းနေပြီ။ အဲဒီလူက ဘယ်သူမို့လဲ"





ယဲလိန်က ပတ်ဝန်းကျင်ကို လျင်မြန်စွာ တစ်ချက်ကြည့်သည်။ ပြီး.... အသံကိုနှိမ့်၍....

"ကျုပ်တို့ကို ခိုင်းစေလိုက်တဲ့လူက ရွှေတောင်ပံ သိန်းငှက်ပါ"

"ရွှေတောင်ပံ သိန်းငှက်"

ရှောင်းရိသည် မျက်မှောင်ကြုံ့ရင်း ပဲ့တင်ထပ် ရေရွတ်မိသည်။

ယွဲ့လိန်က ခေါင်းညိတ်ပြလျက်....

"သူက ခင်ဗျားတို့ကို လမ်းခုလတ်ကနေ တားဆီးနှောင့်ယှက်ဖို့ အမိန့်ပေးလိုက်တယ်။ ခင်ဗျားတို့ထဲမှာပါတဲ့ အသက်အငယ်ဆုံး ကောင်လေးကို အကြောပိတ်ပြီး ခေါ်လာခဲ့ဖို့ မှာလိုက်ပါတယ်။ ခု ကျုပ်က အဲဒါတွေ တစ်ခုမှ မလုပ်နိုင်တော့ အပြစ်ပေးခံရဖို့ပဲရှိတယ်"

ရှောင်းရိသည် ယွဲ့လိန်၏ စကားကို လက်မခံနိုင်ဟန်ဖြင့် ခေါင်းဆတ်ခါသည်။

"ရွှေတောင်ပံ သိန်းငှက်က ဘယ်သူမို့ ခင်ဗျားတို့ ကြောက်နေကြတာလဲ။ ခင်ဗျားတို့ သူ့ကို မယှဉ်နိုင်ဘူးလား"

"အမှန်အတိုင်းပြောရရင် ကျုပ်တို့ သူ့ကို မယုံနိုင်ပါဘူး။ သူမပြောနဲ့ သူ့ကိုယ်စား ကျုပ်တို့နဲ့လာတွေ့တဲ့ စေတမန်ကိုတောင် မယုံနိုင်ပါဘူး"

ရှောင်းရိ၏ ခေါင်းထဲတွင် မေးခွန်းတစ်ခု ရုတ်တရက် ပေါ်လာ၏။

"ကျွန်တော် တစ်ခု မေးပါရစေ"

"မေးပါ"

"ခင်ဗျားတို့ ရွှေတောင်ပံ သိန်းငှက်ကို မြင်ဖူးတယ်ပေါ့ ဟုတ်လား"

ယွဲ့လိန် ခေါင်းခါပြသည်။

"မမြင်ဖူးပါဘူး။ သူ့ရဲ့ အမိန့်ပေး တံဆိပ်ပြားကိုပဲ မြင်ဖူးတယ်၊ ဒီတံဆိပ်ပြားပြပြီး အမိန့်ပေးခံရရင် ရွှေတောင်ပံ သိန်းငှက်ကိုယ်တိုင်က အမိန့်ပေးတယ်ဆိုတာ နားလည်ရပါတယ်။ သူ့ကိုယ်စား သွားလာလှုပ်ရှား ဆောင်ရွက်နေတာက စေတမန်ပါ"

"အဲဒီ စေတမန်ကို ဖမ်းဆီးနိုင်လိုက်ရင် ရွှေတောင်ပံ သိန်းငှက်နဲ့ ပတ်သက်ပြီး အားလုံး သိရမှာပါပဲ၊ အခုလို ကျွန်တော်





တို့ မေးသမျှ ဖြေတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောင်ကြီးတို့ သွားချင်ရာ သွားနိုင်ပါပြီ၊ မသွားခင် တစ်ခုတော့ ပြောလိုက်ပါရစေ။ သိုင်းသမားဆိုတာ ကြောက်ရွံ့ပြီး အသက်ရှင်မနေရဘူး။ တိုက်ခိုက်ရင်းနဲ့ သေရတယ်။ ခင်ဗျားတို့ ဒီအတိုင်း ခေါင်းငုံ့ ခံမနေပါနဲ့တော့"

ရှောင်းရိ၏ စကားက ထက်မြချွန်မြသော လှံသွားပမာ ယွဲ့လိန်တို့၏ နှလုံးသားထဲ စိုက်ဝင်သွားသည်။

ခံပြင်းဟန်၊ အားတင်းဟန်ဖြင့် ယွဲ့လိန် အံတင်းတင်း ကြိတ်လိုက်လေ၏။

1.21

## အခန်း (၂)

အဲဝေးမှ လှမ်းကြည့်စဉ်မှာပင် စည်စည်ကားကား ရှိနေသော မြို့၏သဏ္ဍာန်ကို ထင်ထင်ရှားရှား မြင်ရသည်။

ကျန်းနန်မြို့နှင့် နီးကပ်လာချိန်၌ ဖွင့်လိုက်သော မြင်းလှည်း ပြတင်းတံခါးပေါက်မှနေ၍လင်းလင်းခေါင်းပြူ၍ ကြည့်သည်၊

တိမ်ကင်းစင်သော လမင်းပမာ သူ၏ မျက်နှာမှာ ဝင်းပ ကြည်လင်နေသည်။

"ပြတင်းပေါက်ကို ပြန်ပိတ်ထားလိုက်ပါ သခင်မလေး၊ ခုချိန်ထိ အန္တရာယ်စက်ကွင်းက လွတ်ကင်းပြီလို့ မပြောနိုင်သေးပါဘူး။ စံအိမ်တော်ကို ရောက်မှပဲ လွတ်လွတ်လပ်လပ် နေပါ"

ပြုံးရွှင်ကြည်လင်နေသော လင်းလင်း၏မျက်နှာ သိသိသာသာ ညိုမည်းသွားသည်။





သူက မျက်မှောင်ကြုံ့လျက် တိမ်ပျံကုန်းချီအား လှမ်းကြည့်၏။

တာဝန်ဝတ္တရားကိုသာ ရှေ့တန်း တင်တတ်သော တိမ်ပျံကုန်းချီ၏ မျက်နှာမှာ တည်ကြည် ဣန္ဒြေရနေသည်။

လင်းလင်း သက်ပြင်းချပြီး ခန်းဆီးကိုချသည်၊

ပြီး.... ပြတင်းတံခါးကို ပြန်ပိတ်သည်။

ထိုအခါကျမှ တိမ်ပျံကုန်းချီက စိတ်ကျေနပ်ယွားဟန်နှင့် ခေါင်းတဆတ်ဆတ်ညိတ်၏။

ရှောင်းရိသည် တိမ်ပျံကုန်းချီနှင့် လင်းလင်းတို့ကို ကြည့်ပြီး ပြုံးနေသည်၊

လင်းလင်းက ပြတင်း တံခါးကို ပြန်ပိတ်လိုက်သောအခါ သူ့အကြည့် နီးကပ်လာပြီဖြစ်သော မြို့ဆီသို့ ရောက်သွားသည်။

ကျန်းနန်မြို့သည် လှပကျယ်ပြန့်ပြီး လူဦးရေ ထူထပ်သော လမ်းဆုံမြို့ကြီးတစ်မြို့ ဖြစ်သည်။

ပတ်ဝန်းကျင်ရှိ ပြည်နယ်လေးခုမှ ရောက်ရှိလာတတ်သည့် ကုန်သည်များ ခရီးသွားများနှင့် အမြဲ စည်ကားလှုပ်ရှားနေသည့် မြို့တစ်မြို့ပင် ဖြစ်သည်။

ကုန်သည်မြို့တစ်မြို့ ဖြစ်သည်နှင့်အညီ ရောင်းဝယ်ဖောက်ကားခြင်းဖြင့် ချမ်းသာလာသူများ အများအပြားရှိသည်။

မြို့အတွင်းသို့ဝင်မိသည်နှင့် ရှောင်းရိက တိမ်ပျံကုန်းချိနားသို့ ကပ်ပြီး မြို့စားစံအိမ်ရှိသည့် နေရာကို မေးသည်။

တိမ်ပျံကုန်းချိက မြို့တောင်ဘက်သို့ လက်ညှိုးထိုးပြသည်။

ရှောင်းရိက ခေါင်းညိတ်လိုက်ပြီး....

"အစ်ကိုကြီးတို့ သွားနှင့်ပါ။ ကျွန်တော် ဈေးကို ခဏဝင်ပြီး လိုက်ခဲ့ပါ့မယ်"

"ညီလေး ဘာဝယ်ချင်လို့လဲ။ စံအိမ်တော်ကို ရောက်ပြီးမှ တစ်ခေါက် ထွက်ပါလား"

"လက်ဆောင်ပစ္စည်းကို မြို့စားကြီးနဲ့တွေ့ပြီးမှ ဝယ်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ။ ဒါမျိုးက လူချင်းတွေ့တာနဲ့ ပေးရတာ ကျွန်တော့်ကြောင့် အစ်ကိုကြီးတို့ အနှောင့်အယှက် မဖြစ်စေရပါဘူး။ ပစ္စည်းဝယ်ပြီးတာနဲ့ ချက်ချင်း လိုက်လာမှာပါ"





တိမ်ပျံကုန်းချိသည် ရှောင်းရိအား တားဆီးရန် အကြောင်းမရှိသဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ညီလေးလာတဲ့အခါ အနှောင့်အယှက် မတွေ့ရအောင် ဓားစကြာကို အပေါက်ဝကနေ ကြိုခိုင်းထားလိုက်ပါ့မယ်။ အဲသလိုမှမလုပ်ရင် စံအိမ်တော်ထဲကိုဝင်ရတာ အခက်အခဲဖြစ်လိမ့်မယ်"

"အစီအစဉ်လုပ်ပေးတဲ့အတွက် အစ်ကိုကြီးကို ကျေးဇူးတင်ပါတယ်၊ သခင်မလေးမေးရင် ကျွန်တော် လက်ဆောင်ပစ္စည်းဝင်ဝယ်နေတဲ့အကြောင်း ပြောပြလိုက်ပါ"

ရှောင်းရိက မြင်းဇက်ကြိုးကိုဆွဲလှည့်ပြီးလမ်းခွဲထွက်ခဲ့သည်။

မြို့လယ်လမ်းအတိုင်း အနည်းငယ်မျှသွားမိသည်နှင့် ဈေးဆိုင်တန်းများကို တွေ့ရသည်။

ရှောင်းရိသည် ပန်းပုဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။

ဆိုင်ရှေ့မှပင် အတွင်းရှိ ပန်းပုရုပ်တုများကို ကြည့်သည်။

"အစ်ကိုလေး ဘာအလိုရှိလို့လဲ။ မြင်းပေါ်က ဆင်းပြီး ဆိုင်ထဲကိုဝင်ကြည့်ပါ။ ကျွန်တော်တို့ဆိုင်က ပန်းပုဆရာကြီးရဲ့ လက်ရာကို အဓိကထားပြီး ရောင်းပါတယ်"

ရှောင်းရိက ညှော်ကြိုကောင်လေးအား ပြုံးပြပြီး မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

"မြင်းကို ခဏကြည့်ထားလိုက်ပါ"

"မြင်းအတွက် စိတ်ချပါ။ ကျွန်တော် အစာကျွေးရေတိုက်ထားလိုက်ပါ့မယ်"

ရှောင်းရိက ညှော်ကြိုလူငယ်အား ခေါင်းညိတ်ပြပြီး ဆိုင်အတွင်းသို့ ဝင်လိုက်သည်။

အတွင်းသို့အရောက်တွင် ဆိုင်ရှင်က ကြိုဆိုသည်။

"ကြွပါ.... ကျွန်တော်တို့ဆိုင်မှာ ဆရာကြီး ရှီရဲ့ ပန်းပုလက်ရာ အမျိုးမျိုးရှိပါတယ်"

"ကျောက်ဖြူစစ်သူကြီးရုပ် ရှိတယ်မဟုတ်လား"

"ရှိပါတယ်ဗျာ.... ရှိပါတယ်။ ဆရာကြီးရှီရဲ့ လက်ရာထဲမှာ ကျောက်ဖြူ စစ်သူကြီးရုပ်ဟာ အကောင်းဆုံး ဆိုပြီး နာမည်ကျော်နေတာပဲ။ ကျွန်တော်တို့ဆိုင်က အဲဒီ ပန်းပုရုပ်တစ်ရုပ်ကို ရှားရှားပါးပါး ရထားပါတယ်။ မိတ်ဆွေလေးက သိပ်ကံကောင်းတာပဲ။ ကျွန်တော်တို့ ဒီရုပ်တုကို ရထားတာ နှစ်ရက်ပဲ ရှိပါသေးတယ်"





ပိန်ပိန်ကိုင်းကိုင်းနှင့် လူမမာရုပ်ပေါက်နေသောဆိုင်ရှင်က စင်ပေါ်တင်ထားသော ကျောက်ဖြူစစ်သူကြီးရုပ်ကိုယူပြသည်။

ရှောင်းရိက ပန်းပုရုပ်ကို စစ်ဆေးကြည့်ရှု၏။

"ဆရာကြီးရှီရဲ့ လက်ရာ အစစ်နော်"

"အဲဒီအတွက် အာမခံပါတယ်။ ကျွန်တော်တို့ ဆိုင်က ဝယ်သွားရင် ပစ္စည်းမမှားစေရဘူး။ စိတ်ချပါ"

ရှောင်းရိက ပန်းပုပညာနှင့် ရင်းနှီးကျွမ်းဝင်သူပမာ စစ်သူကြီး ရုပ်တုကို အသေအချာ စစ်ဆေးကြည့်ရှုသည်။

"မိတ်ဆွေလေးက ပန်းပုပညာအကြောင်း သိပုံရပါတယ်။ ဆရာကြီးရှီရဲ့ လက်ရာ နတ်မိမယ်ရုပ်တုတစ်ခု ရှိပါသေးတယ်။ လက်ရာအစစ် ဟုတ်-မဟုတ် သိရအောင် တိုက်ဆိုင်စစ်ဆေးကြည့်ပါ"

ဆိုင်ရှင်က ရှောင်းရိ ကျောခိုင်းထားရာဘက်သို့ ထွက်သွားသည်။

ရှောင်းရိသည် သူကိုင်ထားသည့် စစ်သူကြီးရုပ်တု၏ ခြေဖဝါးကို ပွတ်လိုက်၏။

ခြေဖနောင့်နေရာကို တွန်းလိုက်သောအခါ ရွှေ့သွားပြီး အံဝှက်လေးတစ်ခု ပေါ်လာသည်။

ထိုအံဝှက်ထဲတွင် စာရွက်ခေါက် တစ်ခုကို တွေ့ရသဖြင့် နှိုက်ယူထားလိုက်၏။

"ဒီမှာကြည့်ပါ မိတ်ဆွေလေး။ ဒီနတ်မိမယ် ရုပ်တုကလဲ လက်ရာမြောက်ပါတယ်"

"စစ်သူကြီး ရုပ်တုကို ကျွန်တော် သံသယ မရှိပါဘူး။ ဒါ ဆရာကြီး ရှိရဲ့ လက်ရာအစစ်ပါပဲ။ ဈေးပြောပါဦး"

ရှောင်းရိအား ပန်းပုပညာရှင် တစ်ယောက်ဟု ထင်မှတ်သွားပုံရသည့် ဆိုင်ရှင်က သင့်တင့်မျှတသော ဈေးကို ပြောသည်။

ရှောင်းရိက ဈေးမဆစ်ဘဲ စစ်သူကြီးရုပ်တုကို ဝယ်လိုက်၏။

"နောင် လိုတာရှိရင်လဲ လာပါ။ ဆရာကြီးရှိရဲ့ ရှားပါးတဲ့ လက်ရာရုပ်တုတွေ ရောက်လာဖို့ ရှိပါသေးတယ်"

"နောက်လေးရက်နေရင် ကျွန်တော် တစ်ခါလာပါ့မယ်။ တကယ်လို့ ကျားသစ်နက်ရုပ်တုတွေ ရောက်လာရင် တခြားလူကို မရောင်းပါနဲ့"





"စိတ်ချပါ မိတ်ဆွေလေး။ ကျုပ် မိတ်ဆွေလေးအတွက် ဖယ်ထားလိုက်ပါ့မယ်။ အဖိုးတန်တဲ့ လက်ရာတွေဟာ ချက်ချင်း အရောင်းအဝယ် မဖြစ်တတ်ကြပါဘူး အဲဒါမျိုးက ဈေးများတော့ အိမ်ရှေ့ခန်းမှာ အလှထားချင်တဲ့လူတွေ စိတ်မဝင်စားကြပါဘူး"

"ကျွန်တော်က လက် ရာ ကောင်း တွေ ကို စု ဆောင်း ဖို့ ဝါသနာပါလို့ပါ"

လူမမာရုပ်ပေါက်နေသော ဆိုင်ရှင်က ဝါထိန်သော သွားများ ပေါ်အောင် ပြုံးရင်းက ခေါင်းညိတ်ပြပြီး....

"မိတ်ဆွေလေးက ပန်းပု ဝါသနာရှင်တစ်ယောက်ဆိုတာ မြင်တာနဲ့ သိပါတယ်။ ကျွန်းနန်ကို ရောက်တိုင်း ကျုပ်ရဲ့ ဆိုင်ကို ဝင်ကြည့်ပေါ့။ ရှားပါးလက်ရာ ပန်းပုရုပ်တု တွေ့ရတတ်ပါတယ်။ ဈေးကလဲ မများစေရပါဘူး"

"ကျွန်တော် လာခဲ့ပါ့မယ်။ ကျားသစ်နက်ရုပ်ရောက်ရင် ဖယ်ထားဖို့ မမေ့ပါနဲ့"

"စိတ်ချပါ မိတ်ဆွေလေး။ စိတ်ချပါ"

ရှောင်းရိက ဝယ်ပြီးသား ပန်းပုရုပ်တုကို ကိုင်လျက် ဆိုင် အပြင်သို့ ထွက်သည်။

သူက ပန်းပုရုပ်တုကို နှစ်သက်လှန်းဟန်ဖြင့် ကြည့်သည်၊ သူ့စိတ်မှာ ပန်းပုရုပ်ထဲ လျှို့ဝှက်ပါလာသော စာဆီသို့ ရောက်နေလေ၏။

*

ရှောင်းရှီသည် စာကို ဖတ်ပြီးသည်နှင့် အစိတ်စိတ် အမြွာမြွာ ဖြစ်အောင် ဆုတ်ဖြဲလိုက်၏။

စာရွက် အစအနများကို ဟိုတစ်စ သည်တစ်စ ဖြစ်အောင် လွှင့်ပစ်လိုက်သည်။

ပြီးနောက် သူသည် ကျန်းနန်မြို့စား စံအိမ်သို့ မြင်းကို အသော့နှင်ခဲ့၏။

ညနေစောင်းပြီဖြစ်၍ လူအများအပြား လမ်းများပေါ်သို့ ထွက်လာကြသည်။

ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြသည့် မိန်းကလေးများက ဘုံကျောင်းများသို့ သွားကြပြီး ယောကျ်ားများမှာ





စားသောက်ဆိုင်များ၊ လောင်းကစားဝိုင်းများသို့ ခြေဦးလှည့်ကြသည်။

ရှောင်းရှီသည် လမ်းတစ်လျှောက် တွေ့ခဲ့ရသော ဖြတ်သန်းသွားလာသူများအား အကဲခတ် ကြည့်ရှုခဲ့သည်။

အများစုမှာ တစ်နေကုန် အလုပ်ခွင်၌ ပင်ပန်းခဲ့သဖြင့် အနားယူ အပန်းဖြေရန် အရက်ဆိုင်၊ လောင်းကစားဝိုင်းများဆီသို့ သွားနေကြခြင်းဖြစ်ပြီး အချို့မှာ စိတ်ညစ်ဖြေလို၍လည်းကောင်း၊ အကျင့်ပါနေ၍လည်းကောင်း၊ စီးပွားကြီးပွားရေးအတွက် အခွင့်အလမ်း ရနိုင်သည်ဟု မျှော်လင့်၍လည်းကောင်း စားသောက်ဆိုင်၊ အရက်ဆိုင်နှင့် လောင်းကစား ဝိုင်းများသို့ သွားနေကြခြင်း ဖြစ်၏။

ရှောင်းရှီသည် ဖြတ်သန်းသွားလာနေသူများအား လေ့လာကြည့်ရှုရင်းမှ မြင်းသယ်ဆောင်ရာအတိုင်း လိုက်ခဲ့သည်။

အတန်ကြာမှ သူက သတိရကာ အတွေးတွေ ပြတ်တောက်လျက် ပတ်ဝန်းကျင်ကို ကြည့်မိ၏။

ထိုအခါကျမှ သူသည် မြို့စား စံအိမ်ရှေ့သို့ ရောက်နေကြောင်း သိလိုက်ရသည်။



လွင်စာပေ

စံအိမ်ဝင်း ပတ်လည်ကို ထူထဲမြင့်မားသော အုတ်တံတိုင်းဖြင့် ကာရံထားသည်။

အုတ်တံတိုင်းပတ်လည် ကာရံထားသည့် အတွင်း၌ ခန်းနားသော မြို့စားစံအိမ်ကြီး ရှိသည်။

ရှောင်းရိသည် ခြံတံခါးရှေ့တွင် ရပ်လိုက်သည်။

ပြီး.... စူးစမ်းသော အကြည့်ဖြင့် တံခါးစောင့်ကို လှမ်းကြည့်သည်။

"မိတ်ဆွေက ဘယ်သူလဲ၊ ဘာကိစ္စနဲ့ လာတာလဲ"

ရှောင်းရိက တံခါးစောင့် နားနေရန် ဆောက်ထားသည့် အစောင့်တဲကို လှမ်းကြည့်လိုက်သည်။

ပြီး.... အစောင့်ဘက်သို့လှည့်၍....

"ဓားစကြာကို ရှောင်းရိ ရောက်နေပြီလို့ သွားပြောလိုက်စမ်းပါ"

ရှောင်းရိ၏ အမည်ကို ကြားသည်နှင့် အစောင့်က လျင်မြန်စွာ ခေါင်းညိတ်သည်။





ပြီး.... နေရာမှခွာ၍ အစောင့်တဲအတွင်းသို့ ဝင်သွားသည်။

ချက်ချင်းပင် ထိုအစောင့် ပြန်ထွက်လာ၏။

သူ၏ နောက်မှ ဓားစကြာဟုန်ရင် လိုက်ထွက်လာသည်။

ဓားစကြာ ဟုန်ရင်က ခြံတံခါး အပြင်ဘက်တွင် ရပ်နေသော ရှောင်းရိအား လှမ်းကြည့်ပြီး တံခါးစောင့်ကို တစ်စုံတစ်ရာ ပြောလိုက်သည်။

အစောင့်က ခြံတံခါးရှိရာသို့ လျှောက်လာပြီး ပိတ်ထားသည့် တံခါးကို ဖွင့်လိုက်သည်။

"ခြံဝင်းထဲကို ဝင်ပါ ခင်ဗျား"

ရှောင်းရိက မြင်းကို ဖနောင့်ဖြင့် တို့လိုက်သည်။

မြင်းညိုကြီးသည် ခြံဝင်းအတွင်းသို့ လျင်မြန်စွာ ဝင်သည်။

လူကော မြင်းပါ အထဲသို့အရောက်တွင် တံခါးစောင့်က ခြံတံခါးကို ပြန်ပိတ်လိုက်သည်။

ရှောင်းရိက ဓားစကြာအနီးတွင် မြင်းကို ရပ်လိုက်သည်။

ဓားစကြာက စံအိမ်တော်ဘက်သို့ လက်ညှိုး ထိုးပြပြီး....

"သခင်မလေးက ညီလေးကိုပဲ မေးနေတယ်။ မြန်မြန်သွားလိုက်ပါ"

ရှောင်းရိ ခေါင်းညိတ်ပြပြီး မြင်းကို စီးထွက်သည်။

တစ်ခဏအတွင်းမှာပင် စံအိမ်ရှေ့သို့ ရောက် ၏။

စံအိမ်ရှေ့တွင် တိမ်ပျံကုန်းချိအား စောင့်ဆိုင်းနေလျက်တွေ့ရသည်။

"ညီလေး လက်ဆောင်ပစ္စည်း သွားရှာတာ ရခဲ့ရဲ့လား"

ရှောင်းရိက ခေါင်းညိတ်ပြလိုက်ပြီး....

"ရခဲ့ပါတယ်.... ကျွန်တော် လိုချင်တဲ့ စစ်သူကြီးရုပ်တုပန်းပုဆိုင်မှာရှိနေတ နဲ့ အဆင်ပြေသွားတယ်"

"စံအိမ်ထဲကို ဝင်ပါ ညီလေး၊ မြင်းကို အစောင့်တွေက မြင်းဇောင်းထဲ ပို့ထားကြပါလိမ့်မယ်"

တိမ်ပျံကုန်းချိက ရှောင်းရိအား ပြောရင်း မနီးမဝေးတွင်ရှိ အစောင့်တစ်ယောက်အား လက်မာန်ပြလိုက်သည်။

အစောင့်က ရှောင်းရိ၏မြင်းကို လှမ်းဆွဲယူသွားသည်။





"မြို့ဘွားဘွားနဲ့ မြို့စားကြီး တွေ့ပြီးသွားပြီလား"

"တွေ့ပြီးပါပြီ။ မြို့စားကြီးက ညီလေးကို တွေ့ချင်နေတယ်။ သခင်မလေးကလဲ ညီလေး နေရစ်ခဲ့တဲ့အတွက် အစ်ကိုတို့ကို အပြစ်တင်လို့မဆုံးဘူး"

"အဲဒီအတွက် သူ့ကို ကျွန်တော် ရှင်းပြလိုက်ပါ့မယ်။ အစ်ကိုတို့ကို အပြစ်တင်လို့ ဘာဆူးမှာလဲ။ ကျွန်တော်က ကိုယ့်သဘောနဲ့ကိုယ်သွားတာ အစ်ကိုတို့မှာ တာဝန်မရှိပါဘူး"

တိမ်ပျံကုန်းချိက ရှောင်းရိအား ခန်းနားသောစံအိမ်တော်ကြီး အတွင်းသို့ ဦးဆောင် ခေါ်ခဲ့သည်။

ရှောင်းရိသည် တိမ်ပျံကုန်းချိ၏ နောက်မှ တိတ်ဆိတ်စွာလိုက်ခဲ့လေ၏။

*

## အခန်း (၁)

သိပ်သည်းနက်ရှိုင်းသော အမှောင်ထုက ကျန်းနန်တစ်မြို့လုံးကို ဝါးမြို ဖုံးအုပ်ထား၏။

မြို့စားစံအိမ်တော်ဝင်းအတွင်း၌မူ အမှောင်ကို အံတုနေသော မီးလင်းများ ရှိနေသည်။

စံအိမ်စင်းအတွင်း၌ ချိတ်ဆွဲထားသော မီးပုံးများမှာ လေတိုက်တိုင်း ယိမ်းလှုပ်နေသည်။

မီးပုံးလှုပ်သဖြင့် မီးပုံးမှ အလင်းရောင်ကြောင့်ထင်နေသည့် အရိပ်များကလည်း လှုပ်ယိမ်းနေသည်။

ခန်းနားကြီးကျယ်သော စံအိမ်တော်ကြီး၌မူ အလင်းရောင်များများစားစားမရှိ။ -

ဧည့်ခန်းဆောင်နှင့် စံအိမ် အပေါ်ထပ်ရှိ မြို့စားကြီး၏ အခန်း၌သာ မီးရောင်ရှိနေသည်။





အခြားအခန်းများ၌ အလင်းရောင်မရှိဘဲ မှောင်မည်းတိတ်ဆိတ်နေသည်။

အမှောင်ရိပ်ကျသော စင်္ကြံလမ်း၌ အနက်ရောင်ဝတ်ဆင်ထားသည့် လူရိပ်တစ်ရိပ် လျင်မြန်စွာ လှုပ်ရှားသွားနေသည်။

ထိုလူရိပ်မှာ ရှောင်းရိပင် ဖြစ်သည်။

သူသည် အလင်းရောင်နှင့် ဝေးနိုင်သမျှဝေးအောင်ရှောင်ပြီး တစ်အိမ်လုံးကို လှည့်ပတ်ကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုရင်း အပေါ်ထပ်ရှိ မြို့စားကြီး၏ အခန်းဆီမှ စကားပြောသံသဲ့သဲ့ကို ကြားလိုက်မိသည်။

မြို့စားကြီး၏ အခန်းမှာ သူ့အတွက်ပေးထားသောအခန်း၏ အပေါ်တည့်တည့်တွင်ရှိသည်ကို ရှောင်းရိ သတိရသည်။

စင်္ကြံလမ်းအတိုင်းလျှောက်နေရာမှ သူက စိတ်ကူးတစ်ခုရလိုက်ပြီး သူ့အခန်းရှိရာသို့ ပြန်ခဲ့သည်။

အမှောင်ထဲမှာပင် စမ်း၍ အခန်းထဲသို့ ဝင်သည်။

အခန်းထဲသို့အရောက်တွင် တံခါးကို အသေအချာပြန်ပိတ်၏။

F.22

ပြီး.... အခန်းပြတင်းရှိရာသို့ လျှောက်ခဲ့၍ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

ညလေပြည်က အခန်းထဲသို့ ပြေးလွှား ဝင်ရောက်လာသည်။

ရှောင်းရိက ဖွင့်ထားသည့် ပြတင်းပေါက်မှ အပြင်သို့ခုန်ထွက်လိုက်၏။

တစ်ဆက်တည်းပင် သူက ပခုံးတစ်ချက်လှုပ်၍ အပေါ်သို့ ခုန်တက်သည်။

သူ၏ ခန္ဓာကိုယ်သည် ဖက်ရွက်လေးတစ်ရွက်ပမာ အပေါ်သို့ ပေါ့ပါးလျင်မြန်စွာ တက်သွား၏။

အုတ်ကြွပ်ပြားများ မိုးထားသည့် အမိုးပေါ်ခြေချမိသည်နှင့် သူက ခေတ္တ ငြိမ်နေလိုက်သည်။

ခေါင်မိုးပေါ်မှနေ၍ ခြံဝင်းတစ်ခုလုံးကို အကဲခတ်ကြည့်ရှုသည်။

မီးပုံးငယ်များ နေရာအနှံ့အပြားချိတ်ဆွဲထားသော စံအိမ်ဝင်းအတွင်း၌ ကင်းလှည့်နေသည့် အစောင့်များအား လည်းကောင်း၊ မီးပုံကြီးဖိုပြီး ဝိုင်းဖွဲ့ထိုင်နေသော ကင်းသမားများလည်းကောင်း တွေ့ရသည်။



ကင်းသမားများအား ကြည့်ရသည်မှာ ပုံမှန်အတိုင်းရှိနေပုံ ရသဖြင့် စံအိမ်အတွင်း၌ ထူးခြားမှု မရှိနိုင်ဟု ရှောင်းရိတွေးမိသည်။

သူက ငြိမ်နေရာမှ အပေါ်ဘက်သို့ တိုးရွှေ့သည်။

အမိုးအုတ်ကြွပ်ပြားကို နားငြင့်ကပ်ပြီး အောက်ဘက်မှ အသံဗလံများကြားရကောင်းနိုး နားစွင့်သည်။

ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့ အပြန်အလှန် စကားပြောနေသံကို မတိုးမကျယ် ကြားရသည်။

ရှောင်းရိက အုတ်ကြွပ်ပြားတစ်ချပ်ကို ဖြည်းညင်းစွာ တွန်းရွှေ့၏။

အောက်သို့ ကြည့်သာရုံ ချောင်းကြည့်ပေါက် ပေါ်လာသည်နှင့် အပေါက်နားသို့ မျက်နှာကပ်ပြီး ကြည့်သည်။

အောက်ဘက်တွင် မီးလင်းနေသော အခန်းကျယ်ကြီးတစ်ခန်း ရှိသည်။

ထိုအခန်းထဲတွင် မြို့စားကြီးနှင့် ခြူဘွားဘွားတို့အားတွေ့ရသည်။

သူတို့ တရင်းတနှီး စကားပြောနေသဖြင့် ရှောင်းရိ စိတ်ထဲတွင် ထူးဆန်းသွားမိ၏။

အမှန်စင်စစ် မြို့စားကြီးနှင့် ခြူဘွားဘွားတို့သည် ယနေ့ကျမှ တွေ့ဖူးကြသူများဖြစ်သည်။

စတွေ့ချိန်တွင် သိဟောင်းကျွမ်းဟောင်းများ ပြန်လည်တွေ့ဆုံသည့် ပုံသဏ္ဌာန်မျိုးမရှိ။

ယခုသော် တွေ့စကနှင့်မတူဘဲ ငယ်ပေါင်း ကြီးဖော်များပမာ တရင်းတနှီး ရှိနေကြသည်။

"ရှင် အမှုမဲ့အမှတ်မဲ့ မနေပါနဲ့။ သတိထားပါ။ အကြံအစည်တွေ မအောင်မြင်ခင်မှာ လူအသိခံလို့မဖြစ်ဘူး"

ခြူဘွားဘွား၏ စကားကို ရှောင်းရိ အတိုင်းသား ကြားလိုက်ရ၏။

မြို့စားကြီးက ချောင်းတစ်ချက် ဟန့်ပြီး....

"စိတ်ချပါ.... ကျုပ် ဘယ်တုန်းကမှ ပေါ့တီပေါ့ဆနေဖူးပါဘူး"





ကြားနေရသည့် စကားများကြောင့် ရှောင်းရိ မျက်မှောင်ကြုံ့သွားသည်။

ခြူဘွားဘွားနှင့် ကျန်းနန်မြို့စားကြီးသည် ယခင်ကတည်းက ပတ်ပတ်သက်သက် ရှိခဲ့ဖူးသူများဖြစ်ကြောင်း သိလိုက်ရသည်။

ထို့အပြင် မြို့စားကြီးနှင့် ခြူဘွားဘွားတို့တွင် လျှို့ဝှက်အကြံအစည်တစ်ခု ရှိလိမ့်မည်ဟု တွေးမိ၏။

ရှောင်းရိသည် စစ်သူကြီးရုပ်တု အံဝှက်အတွင်း၌ ပါလာသော စာကို ဖျတ်ခနဲ သတိရသည်။

စာတွင်ပါသည့် အကြောင်းအရာများကို သူ ပြန်စဉ်းစားမိ၏။

စာမှာ ရွှေတောင်ပံ သိန်းငှက်နှင့် ပတ်သက်ပြီး သတိပေးသော စာဖြစ်သည်။

ရွှေတောင်ပံသိန်းငှက်သည် ကျန်းနန်နယ်ကို ခြေကုတ်ယူ၍ လှုပ်ရှားမည်ဆိုသည့် သတင်းသည် အခြေအမြစ်ရှိကြောင်းနှင့် ကျန်းနန်မြို့စားကို သတိထားကြည့်ရန် ညွှန်ကြားသည့်စာဖြစ်၏။

ယခုအတိုင်းဆိုလျှင် ကျန်းနန် မြို့စားသည် ရွှေတောင်ပံ သိန်းငှက်နှင့် အဆက်အသွယ်ရှိသူဟု ထင်စရာအကြောင်းများ ရှိနေသည်။

ထိုအထဲတွင် မထင်မှတ်သော ခြူဘွားဘွားပါ ပါဝင် ပတ်သက်နေပုံရသဖြင့် ရှောင်းရှိ၏ စိတ်ထဲတွင် မကျေနပ်သလို ဖြစ်နေမိသည်၊

ခြူဘွားဘွားလို ထူးဆန်းငါးဖော်တွင် ပါဝင်သော သိုင်းပညာရှင်တစ်ယောက်က မည်သည့်အတွက်ကြောင့် ရွှေတောင်ပံ သိန်းငှက်လို ဒုစရိုက်သမားနှင့် ပတ်သက်ဆက်နွယ်နေပါလိမ့်ဟု စဉ်းစား၍မရအောင် ဖြစ်နေမိသည်။

အတွေးတွေ ထွေပြားနေသဖြင့် အောက်ဘက်မှ စကားသံကို သတိမပြုမိဘဲရှိသည်။

သူသတိပြုမိချိန်တွင် စကားပြောသံမကြားရသဖြင့် ချောင်းကြည့်ပေါက်မှ အောက်သို့ ငုံ့ကြည့်သည်၊

မြို့စားကြီး၏ အခန်းထဲတွင် ခြူဘွားဘွားအား မတွေ့ရတော့ပေ။





မြို့စားကြီး တစ်ယောက်တည်းသာ အခန်းထဲတွင် ခေါက်တုန့် ခေါက်ပြန် လမ်းလျှောက်နေလျက် တွေ့ရ၏။

အိမ်ခေါင်မိုးပေါ်တွင် ဆက်နေနေ၍ အကြောင်းမထူးတော့သဖြင့် ရှောင်းရှိ နေရာမှ ခွာရန် ပြင်သည်၊

ရေညှိတက်နေသော အုတ်ကြွပ်ပြားကို နင်းမိသဖြင့် ခြေတစ်ချက် ချော်ပြီး တိုးတိတ်သော အသံတစ်သံ ပေါ်ထွက်သွား၏။

"ဟိတ်.... ဘယ်သူလဲ"

မြို့စားကြီး၏ အောင်မြင်ခန့်ညားသောအသံ ဟိန်းထွက်လာသည်၊

ရှောင်းရှိသည် တွေဝေမနေဘဲ အောက်သို့ လှစ်ခနဲ ခုန်ချလိုက်၏။

ထိုအချိန်မှာပင် အစောင့်များ၏ အော်ဟစ်သံကို ကြားလိုက်ရလေ၏၊

*

ရှောင်းရိုက ပြတင်းပေါက်ဖွင့်ထားသော သူ့ အိပ်ခန်းအတွင်းသို့ ခုန်ဝင်လိုက်သည်။

သူက ချက်ချင်းပင် ဝတ်ထားသည့် အနက်ရောင်ဝတ်စုံကို ချွတ်လိုက်၏။

အောက်တွင် တစ်ထပ်ဝတ်ထားသော အဖြူရောင်ဝတ်စုံ ပေါ်လာ၏။

သူက ချွတ်လိုက်သည့် ဝတ်စုံနက်ကို အိပ်ရာအောက် ထိုးသွင်းပြီး ပြတင်းပေါက်အနီးသို့ လျှောက်ခဲ့သည်။

အပြင်ဘက်တွင် ကင်းသမားများ၏ ညာသံပေး အော်ဟစ်သံများ ပေါ်ထွက်နေဆဲ ဖြစ်၏။

ထိုအော်ဟစ်သံများမှာ အိမ်အမိုးပေါ်မှ ခုန်ချလာသော သူ့အား ရည်ရွယ်ခြင်းမဟုတ်ကြောင်း နားထောင်ရင်းနှင့် သိလာရသည်။

"လိုက်ဟေ့....လိုက်"

"ဝိုင်းယား။ မလွတ်စေနဲ့"

"ဒီမှာ ရန်သူကို ဝိုင်းမိထားပြီဟေ့။ အိမ်တောင်ဘက်ကို လာကြ"



စံအိမ်ဝင်းအတွင်း ကျူးကျော် ဝင်ရောက်လာသူ တစ်ယောက်အား ကင်းသမားများက ဝိုင်းမိထားပြီဖြစ်ကြောင်း သိလိုက်ရသည်။

သူက အသံဗလံများကြောင့် အိပ်ရာမှ နိုးလာသည့်ပမာ ဟန်ဆောင်ရန် စဉ်းစားပြီး အပြင်သို့ ခုန်ထွက်လိုက်သည်။

"ဟေ့.... ရပ်လိုက်စမ်း။ မင်း ဘယ်သူလဲ"

အိမ်၏ အခြားတစ်ဖက်မှ ပြေးလာသော ကင်းသမားသုံးယောက်က ရှောင်းရိုအား တွေ့သွားပြီး ဝိုင်းရံလိုက်ကြသည်။

"ကျုပ် ရှောင်းရိုပါ။ သခင်မလေး လင်းလင်းရဲ့ ဧည့်သည်အဖြစ် ဒီစံအိမ်ကို ရောက်နေတဲ့ လူပဲ"

"ဧည့်သည်က ဘာဖြစ်လို့ အချိန်မတော် အပြင်ကို ထွက်လာရတာလဲ"

"အော်သံတွေကြားလို့ ကျုပ် အိပ်ရာက နိုးပြီး ထွက်ကြည့်တာပါ။ ဘာဖြစ်လို့ ဒါလောက် ဆူညံနေတာလဲ"

"စံအိမ်ဝင်းထဲကို ရန်သူတစ်ယောက် ကျူးကျော်ဝင်လာလို့ပါ။ မိတ်ဆွေ အခုလို အပြင်ထွက် သွားလာတာ မကောင်း

ဘူး။ သိပ် အန္တရာယ်များတယ်။ ခင်ဗျား အခု ကျုပ်တို့နဲ့ လိုက်ခဲ့ပါ။ ကျူးကျော်ဝင်လာတဲ့လူရဲ့ ကိစ္စပြီးသွားရင် ခင်ဗျားကို ပြန်ပို့ပေးပါ့မယ်"

ကင်းသမား သုံးယောက်အနက် ခေါင်းဆောင်က သိမ့်မွေ့စွာ ပြောသည်။

ချိုချိုသာသာ ပြောနေသော်လည်း ဇော်သူက သူ့အား သက်ာမကင်း ဖြစ်နေကြောင်း ရှောင်းရိ သိလိုက်သည်။

သို့သော် မသိဟန်ဖြုပြီး ခေါင်းညိတ်ရင်း....

"ကျွန်တော်က စပ်စုချင်နေတာနဲ့ အတော်ပါဝဲ"

"ဟိုမှာ တိုက်ခိုက်နေကြပြီ သွားမယ်"

ကင်းသမား သုံးယောက်သည် ရှောင်းရိအား ခြံရံလျက် အော်ဟစ်သံ၊ တိုက်ခိုက်သံများ ကြားရာသို့ ပြေးထွက်သည်။

စံအိမ်ဝင်း တောင်ဘက် ပန်းခြံကိုကျော်ပြီး ဆက်ပြေးသည်။

ပန်းခြံတစ်ဖက် မြေကွက်လပ်တွင် အနက်ရောင်ဝတ်စုံဝတ်ထားသူ တစ်ယောက်အား ကင်းသမားများက ဝိုင်းဝန်းပြီး တိုက်ခိုက်နေကြသည်။





အနက်ရောင် ဝတ်ဆင်ထားသူသည် တုံ့ပြန်တိုက်ခိုက်ခြင်း မပြုဘဲ လှည့်ပတ် ရှောင်တိမ်းနေသည်။

ထိုသူသည် သူ့မျက်နှာကို မမှတ်မိစေရန် မျက်နှာတု တပ်ထားသည်။

လှုပ်ရှားပုံက မိန်းမတစ်ယောက်ပမာ နွဲ့နှောင်းနေသဖြင့် အမျိုးသမီး သိုင်းပညာရှင် တစ်ယောက်ထံတွင် တပည့်ခံခဲ့သူ ဖြစ်လိမ့်မည်ဟု ခန့်မှန်းမိ၏။

ရှောင်းရိသည် အနက်ရောင် ဝတ်ဆင်ထားသူအား မြင်မြင်ချင်း စိတ်ဝင်စားသွားသည်။

သူနှင့် အကြုံတူသူ ဖြစ်သော်လည်း ရန်သူဟု မသတ်မှတ်မိဘဲ ထိုသူအား ကူညီလိုစိတ် ပေါ်လာသည်။

သူက ဝတ်စုံနက်အား ဝိုင်းဝန်း တိုက်ခိုက်နေသူများထဲတွင် တိမ်ပျံကုန်းချိတို့ ပါ မပါ ကြည့်ရှုသည်။

တိုက်ခိုက်နေသူများမှာ ဂေါင်း စောင့် များသာ ဖြစ်ပြီး အဆင့်မြင့် သိုင်းသမား မပါရှိချေ။

သို့သော် တိုက်ခိုက်နေသည့် အသံဗလံများကြောင့် မြို့စားစံအိမ်ရှိ အဆင့်မြင့် သိုင်းသမားများ ထွက်လာကြမှာ သေချာသည်။

ထိုသူတို့နှင့်အတူ ခြုံဘွားဘွားပေါ် ထွက်လာလျှင် ဝတ်စုံနက် အတွက် လွယ်မှာမဟုတ်ဟု တွေးမိ၏။

သူသည် ဝတ်စုံနက်အား ကူညီမည်ဟု စိတ်ကူးထားပြီး ဖြစ်၍ ခဲလုံးတစ်လုံးကို အမှတ်မဲ့ ကောက်ယူပြီး ကင်းသမား တစ်ယောက်ထံ ပစ်လွှတ်လိုက်သည်။

တစ်ဆက်တည်းပင် လျှို့ဝှက်အသံဖြင့် ဝတ်စုံနက်အား လှမ်း၍....

"အချိန်ရှိတုန်း ထွက်ပြေးပါ၊ နောက်ထပ် လူအင်အား တိုးလာရင် ခင်ဗျားအတွက် လွယ်မှာ မဟုတ်ဘူး"

ဝတ်စုံနက်က သူ့နားထဲ တိုးဝင်လာသော လျှို့ဝှက်အသံကြောင့် ဟိုဟိုသည်သည် ကြည့်သည်။

ရှောင်းရီကို မြင်သည်နှင့် မသိမသာ ခေါင်းညိတ်ပြ၏။

ပြီး.... ရှောင်းရီ လက်ချက်ကြောင့် အကြောပိတ်ပြီး မလှုပ်မယှက် ရပ်နေသော အစောင့်ကို တွန်းဖယ်လျက် တိုက်ပွဲစည်း အပြင်ဘက်သို့ ခုန်ထွက်လိုက်သည်။

"ပြေးပြီ....ပြေးပြီ"





"လိုက်....လိုက်"

"မလွှတ်စေနဲ့ဟေ့"

ကင်းသမားများသည် ဆူဆူညံညံအော်ဟစ်လျက် ဝတ်စုံနက် နောက်သို့ ပြေးလိုက်သည်။

ရှောင်းရီက ရပ်ကြည့်နေရာမှ ခြေတစ်ချက်ဆောင့်၍ ခုန်လိုက်၏။

"ဟိတ်.... မပြေးနဲ့"

စံအိမ်ဝင်းအပြင်သို့ ကိုယ်ဖော့ပညာသုံးလျက် လျင်မြန်စွာ ပြေးထွက်နေသော ဝတ်စုံနက်နောက်သို့ ပြေးလိုက်ခဲ့သည်။

ဝတ်စုံနက်သည် စံအိမ်ဝင်းအပြင်သို့ လျင်မြန်ပေါ့ပါးစွာ ခုန်ထွက်သွားသည်။

ရှောင်းရီက ထိုသူ၏နောက်သို့ ထပ်ချပ်မကွာလိုက်၏။

ဝတ်စုံနက်သည် ရှောင်းရီ လိုက်မှန်းမသိဘဲ အိမ်ခေါင်မိုး တစ်ခုမှ တစ်ခုသို့ ခုန်ကူးပြီး ပြေးသည်။

ရှောင်းရီသည် နောက်မှလိုက်ရင်း ထိုသူ၏ ကိုယ်ဖော့ပညာကို ကြိတ်ပြီး ချီးကျူးမိ၏။

ရှေ့မှပြေးနေသော ပတ်စုံနက်သည် တဖြည်းဖြည်း မြို့အနောက်ဘက်သို့ ရောက်လာသည်။

သူက မြေပြင်ပေါ်သို့ ခုန်ဆင်းပြီး ဆက်ပြေးသည်၊

ခြံဝင်းကျယ်တစ်ခုသို့ ရောက်သောအခါ ခြံဝင်းအတွင်းသို့ စွတ်ခနဲ ပြေးဝင်၏။

ရှောင်းရီသည် ခြံဝင်းအတွင်းသို့ ဝင်ရိုးဝင်စဉ် အတိုင်း မဝင်ဘဲ သစ်ပင်တစ်ပင်ပေါ် ခုန်တက်လိုက်သည်၊

သစ်ပင်ပေါ်မှနေ၍ ခြံဝင်းအတွင်းသို့ ကြည့်၏။

ခြံဝင်းအတွင်း၌ ဝတ်စုံနက်နှစ်ဆယ်ခန့်သည် တစ်စုံ တစ်ယောက်အား စောင့်မျှော်ဟန် ရပ်နေကြသည်ကို တွေ့လိုက်ရ၏။

*



# အခန်း (၄)

ညဉ့်နက်ချိန်တွင်ထွက်သည့် လက တဖြည်းဖြည်းမြင့်တက်လာသည်။

လရောင်သည် ခြံဝင်းကျယ်ကြီးအတွင်းသို့ အဆီးအတားမဲ့စွာ ကျနေသည်။

ရှောင်းရီက လရောင်ဖြင့်မြင်နေရသော ခြံဝင်းတစ်ခုလုံးကို စေ့စေ့စပ်စပ် ကြည့်ရှုသည်။

ခြံဝင်းအလယ်တွင် အဆောက်အအုံပျက်တစ်လုံး ရှိသည်၊

ထိုအဆောက်အအုံပျက်ရှေ့ ကွက်လပ်တွင် ဝတ်စုံနက်များ ရပ်နေကြသည်။

ထိုဝတ်စုံနက်များကြားတွင် မြို့စားစံအိမ်မှ ထွက်ပြေးလာသူ ပါ မပါ မသိနိုင်၊

ဝတ်စုံနက်များ၏ တည်ငြိမ်လွန်းသည့် ဟန်အမူရာကြောင့် ရှောင်းရိ စိတ်ဝင်တစား ဖြစ်မိသည်။

သူက ဝတ်စုံနက်များအားလေ့လာရန် ဆုံးဖြတ်ပြီး သစ်ပင်ခွကြားတွင် အကျအန ထိုင်လိုက်၏။

အဆောက်အအုံပျက်အတွင်းမှ အဖြူရောင် သဏ္ဌာန်တစ်ခု ထွက်လာသည်။

ဝတ်စုံနက်များ ပထမဆုံးအကြိမ် လှုပ်ရှားလာပြီး အဖြူရောင် ဝတ်စုံရှင်ကို ဦးညွှတ် အရိုအသေပြုလိုက်ကြ၏။

"မင်းတို့တစ်တွေ အခုလို တက်တက်ကြွကြွ ရှိနေကြတာ ဝမ်းသာစရာပဲ။ ဒီည မင်းတို့အားလုံးကို ခေါ်လိုက်တာဟာ တိုက်ပွဲစတော့မယ်ဆိုတာ သတိပေးချင်လို့ပဲ...."

"ငါတို့ ရန်သူဟာ ဒီမြို့ကို ရောက်နေပြီလို့ ယူဆရတယ်၊ သူ့ကို အမြန်ဆုံး ရှာဖွေဖော်ထုတ် သုတ်သင်ပစ်ဖို့လိုတယ်၊ သူဟာ ဒီမြို့ကို ရောက်နေနေပေမယ့် အကွယ်ကနေ ထွက်ချင်မှ ထွက်လိမ့်မယ်။ သူရောက်နေရင် အကွယ်ကနေ ထွက်လာအောင်၊ မရောက်သေးရင်လဲ ရောက်လာအောင် အစီအစဉ်လုပ်ရမယ်....။





"မင်းတို့တစ်တွေ ကိုယ့်အလုပ်တာဝန်ကိုကိုယ်ထမ်းဆောင်ရင်း တစ်နေ့တစ်ခါ ဒီနေရာကို လာဆက်သွယ်ပါ။ ဒီနေရာမှာ မင်းတို့ရဲ့ ဒုတိယခေါင်းဆောင် အမြဲရှိနေလိမ့်မယ်"

စကားသံအရ ဝတ်စုံဖြူဝတ်ထားသူသည် မိန်းကလေးတစ်ယောက်ဟု သိလိုက်ရ၏။

ရှောင်းရိက ထိုမိန်းကလေး၏ မျက်နှာကို မြင်သာအောင် နေရာရွှေ့ပြီး ကြည့်သည်။

မိန်းကလေးမှာ အသက်များစွာ ကြီးရင့်သေးပုံမပေါ်ပေ။

ရှည်လျားသောဆံပင်ကို ဖြန့်ချထားပြီး ဆံပင်များက သူ့မျက်နှာ ထက်ဝက်ကို အုပ်နေ၏။

ထိုဆံပင်ကြောင့်ပင် ဖြူဝင်းသည်ဟု ခန့်မှန်းရသောမျက်နှာကို ထင်ထင်ရှားရှား မမြင်ရပေ။

"မင်းတို့က အဆင့်မြင့် သိုင်းသမားတွေ မဟုတ်ပေမယ့် သိုင်းပညာအရာမှာ အဆင့်မနိမ့်ကြပါဘူး။ အတွေ့အကြုံကလဲ ကြွယ်ဝပြီးသားဆိုတော့ ရန်သူနဲ့ ရင်ဆိုင်ရတဲ့အခါမှာ ဘာမှ ကြောက်စရာမလိုဘူး။ ရန်သူကို ထိထိရောက်ရောက် ဒုက္ခပေးနိုင်မယ်လို့ ကျုပ်ယုံကြည်တယ်။ ဒါပေမယ့် မင်းတို့တာဝန်က

F.23

တိုက်ခိုက်ဖို့ထက် ရန်သူ့ရဲ့ အခြေအနေကို မျက်ခြည်မပြတ် ကြည့်နေဖို့ ပိုအရေးကြီးတယ်....။

"ကျုပ်တို့ဟာ ကျုပ်တို့ရန်သူကို ဘယ်သူဘယ်ဝါ ဆိုတာ ခုချိန်ထိအောင် မသိကြသေးဘူး။ ဒီမှာရှိနေတဲ့ လူတွေဟာ ရန်သူ့ရဲ့ လက်ချက်ကို ကိုယ်စီကိုယ်ငှ ခံစားဖူးတဲ့ လူတွေပဲ။ ဒီအတွက်နဲ့ မင်းတို့အားလုံး ရန်သူကို လက်စားချေချင်နေကြတယ်"

ဝတ်စုံဖြူမိန်းကလေးက သူ့မျက်နှာပေါ် အုပ်ကျနေသည့် ဆံပင်ကို သပ်တင်လိုက်သည်။

ထိုအခါ အကာအကွယ်မဲ့သွားသော မျက်နှာ ဝင်းဝင်းလေးကို တွေ့လိုက်ရလေသည့်။

ဝတ်စုံဖြူမိန်းကလေးကို တစ်နေ ရာမှာ တွေ့ဖူးသည် ဟု ရှောင်းရဲ စိတ်က ထင်နေသည်။

ထိုမိန်းကလေးအား ရင်းနှီးနေသလို သူ့စိတ်က ခံစား နေရ၏။

သို့သော် ထိုမိန်းကလေးသည် မည်သူမည်ဝါမှန်း သူမသိ၊





မိန်းကလေးက စကားကို ရှည်ရှည်လျားလျားပြောနေရာမှ ရပ်လိုက်ပြီး ကွက်လပ်တွင် ရပ်နေသော ဝတ်စုံနက် တစ်ယောက်စီကို ခေါ်တွေ့သည်။

ဝတ်စုံနက်အနားသို့ရောက်သည်နှင့် တစ်စုံတစ်ရာ တီးတိုးပြော၏။

ပြီး.... ဝတ်စုံနက်အား ပြန်လွှတ်၏။ နောက်တစ်ယောက်ကို ခေါ်သည်။

ဒုတိယလူနှင့်လည်း စကားကို ခပ်တိုးတိုးပြောသည်။

အတန်ကြာအောင် ပြောဆိုပြီးနောက် ပြန်လွှတ်လိုက်သည်။

ဤသို့ဖြင့် ဝတ်စုံဖြူမိန်းကလေးက ဝတ်စုံနက်တစ်ယောက်ပြီး တစ်ယောက်ကို ခေါ်တွေ့သည်။

တွေ့စရာလူ ကုန်သွားသည်နှင့် သူက လက်တစ်ဖက်ကို ဝှေ့ယမ်းပြီး....

"မင်းတို့ သွားကြတော့။ အတတ်နိုင်ဆုံးတာဝန်ကျေအောင် ကြိုးစားပါ။ အခုကိစ္စဟာ သွေးကြေးဆပ်တဲ့ကိစ္စဆိုတာ ဘယ်တော့မှ မမေ့မ နဲ့"

ဝတ်စုံနက် တစ်ယောက်ပြီးတစ်ယောက် ဝတ်စုံဖြူ မိန်းကလေးအား ဂါရဝပြုပြီး ထွက်သွားကြသည်။

ဝတ်စုံနက်အားလုံးကုန်သွားပြီး အဆောက်အအုံပျက်ရှေ့တွင် အဖြူရောင်ဝတ် မိန်းကလေး တစ်ယောက်တည်းကျန်ရစ်သည်။

ထိုမိန်းကလေးက ခြံဝင်းအတွင်းသို့ မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး....

"ထွက်လာခဲ့ပါ မာကုန်းလျှောင်း။ မင်းသွားခဲ့တာ ဘာထူးခြားသလဲ"

သစ်ပင်တွေကြားထဲမှ ဝတ်စုံနက်တစ်ယောက် ဖြည်းညင်းစွာ လှမ်းထွက်လာသည်။

ထိုဝတ်စုံနက်မှာ မြို့စားစံအိမ်မှ ထွက်ပြေးလာသည့် မျက်နှာတူနှင့် လူပင် ဖြစ်သည်။

"ဘာထူးခြားသလဲ မာကုန်းလျှောင်း"

မာကုန်းလျှောင်းဟု အခေါ်ခံရသည့် ဝတ်စုံနက်က ခေါင်းခါပြသည်။





"ကျွန်တော် ဘာမှ မစုံစမ်းရသေးခင် ကင်းသမားတွေ သိသွားပြီး ဝိုင်းတိုက်လို့ လက်လွတ်ထွက်ပြေးခဲ့ရတယ်။ ကျွန်တော် ထွက်ပြေးဖို့အတွက် စံအိမ်ထဲက လူတစ်ယောက် အကူအညီ ပေးခဲ့တယ်"

"စံအိမ်ထဲကလူ ဟုတ်လား.... ဘယ်သူလဲ"

"ကျွန်တော် စုံစမ်းဖို့သွားတဲ့ ရှောင်းရိပါပဲ"

"ရှောင်းရိက မင်းကို ကူညီလိုက်တယ် ဟုတ်လား။ အဲဒါ ဘာသဘောလဲ"

"ကျွန်တော်လဲ မပြောတတ်ဘူး။ သူက ကျွန်တော့်ကို ရန်သူလို့ သဘောမထားတာတော့ အမှန်ပဲ"

"ဘာပဲဖြစ်ဖြစ် သူ့ကို မင်း ဆက်ပြီး စောင့်ကြည့်ပါ။ အရေးကြီးရင် မာထီဝါးကို လာပြီး တိုင်ပင်ပါ"

ဝတ်စုံဖြူမိန်းကလေးက မာကုန်းလျှောင်းအား ပြောပြီး လက်တစ်ဖက်ဝေ့ယမ်းပြလျက် အဆောက်အအုံပျက် အတွင်းသို့ ဝင်သွားလေသည်။

*

မာကုန်းလျော်ဇီးသည် အဆောက်အအုံပျက်ရှေ့တွင် ရပ်နေရာမှ ချော်ဝးတစ်ချက်ဟန့်ပြီး အတွင်းသို့ ဝင်လိုက်သည်။

ရှောင်းရီသည် သစ်ပင်ပေါ်တွင် ထိုင်မြဲထိုင်ပြီး အတွေးနက်နေသည်။

မာကုန်းလျော်ဇီးနှင့် မာထီစ ါးဆိုသည့် အမည်များကိုနှုတ်မှ တိုးတိုး ရေရွတ်ကြည့်ပြီးနောက် သူ ဆတ်ခနဲ ခေါင်းထောင်လာသည်။

နဂါးနက်စံအိမ်မှ နဂါးနက် မာစင်းလျံက သူ့သားနှစ်ယောက် ပျောက်နေကြောင်း ပြောခဲ့သည်ကို ပြန်သတိရ၏။

အဆောက်အအုံပျက် အတွင်းသို့ ဝင်သွားသည့် မာကုန်းလျော်ဇီးမှာ ပျောက်ဆုံးနေသော နဂါးနက် မာစင်းလျံ၏ သားအငယ်ပင် ဖြစ်သည်။

ရှောင်းရီ အတွေးဖြတ်လိုက်ပြီး သစ်ပင်ပေါ်မှ လှစ်ခနဲ ခုန်ဆင်းသည်။

ပြီး.... အဆောက်အအုံပျက်အတွင်းသို့ ပြေးဝင်လိုက်၏။

အဆောက်အအုံပျက်ထဲတွင် ကျယ်ပြန့်သော ခန်းမကြီး တစ်ခုရှိသည်။





ထိုခန်းမကြီးမှာ ရှင်းလင်းနေပြီး မည်သူ့ကိုမှ မတွေ့ရ။

ဝတ်စုံဖြူမိန်းကလေးနှင့် မာကုန်းလျော်ဇီးတို့ ပျောက်ခြင်းမလှ ပျောက်နေသဖြင့် သူ မျက်မှောင်ကြုံ့သွားသည်။

သူက ကျယ်ဝန်းသောအခန်းကြီးကို လှည့်ပတ် ကြည့်ရှုသည်။

ခန်းမကြီးတွင် လျှို့ဝှက်ထွက်ပေါက်တစ်ခုရှိရမည်ဟု သူ တွေးနေဆဲ အနက်ရောင်အရိပ်နှစ်ရိပ် သူ့ထံသို့ ခုန်ပျံ ဝင်ရောက်လာ၏။

"ဟိတ်.... မင်း ဘယ်သူလဲ"

ရှောင်းရီက သူ့ရှေ့တွင်ရပ်နေသော ဝတ်စုံနက်နှစ်ယောက်အား ကြည့်လိုက်သည်။

ထိုသူနှစ်ယောက်စလုံးမှာ မျက်နှာတုများ တပ်ဆင်ထားကျက် ရှိသည်ကို တွေ့ရ၏။

"အစ်ကိုကြီး ကျွန်တော့်ကို ကူညီလိုက်တာ သူပဲ"

"ဟင်.... ဟုတ်လား၊ မိတ်ဆွေက ဘာသဘောနဲ့ ကျုပ်ညီကို ကူညီလိုက်ရတာလဲ"

"ကြုံကြိုက်လို့ပါ။ ဒါထက် ကျွန်တော် ခင်ဗျားတို့ကို တစ်ခုမေးချင်တယ်။ ခင်ဗျားတို့ဟာ နဂါးနက် မာထိဝါးနဲ့ မာကုန်းလျှောင်းတို့ပဲ မဟုတ်လား"

မာကုန်းလျှောင်းနှင့် မာထိဝါးတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ပြီး ပြိုင်တူပင် ခေါင်းညိတ်ပြလျက်....

"ဟုတ်ပါတယ်.... မိတ်ဆွေက ဘယ်လိုလုပ်သိတာလဲ"

"ခင်ဗျားတို့ဟာ ပျောက်ဆုံးနေတဲ့ ညီမကို လိုက်ရှာနေကြတာ မဟုတ်လား"

"ဟုတ်ပါတယ်။ ခင်ဗျား ဘယ်သူလဲဆိုတာ ပြောပါဦး"

"ကျွန်တော် ရွှေဒင်းရိုပါ။ ပျောက်ဆုံးနေတဲ့ ခင်ဗျားတို့ တစ်တွေကို ရှာပေးမယ်လို့ ခင်ဗျားတို့ အဖေကို ကတိပေးခဲ့တယ်။ နဂါးနက်ဆရာကြီးဟာ ခင်ဗျားတို့အတွက် သိပ်စိတ်ပူနေတယ်။ သူက သစ္စာဆိုထားလို့ ပြင်ပကို မထွက်နိုင်တဲ့ အတွက်လည်း တော်တော်စိတ်မကောင်းဖြစ်နေပါတယ်"

မာကုန်းလျှောင်းနှင့် မာထိဝါးတို့ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။



"ဖေဖေက ခင်ဗျားကို ကကူအညီတောင်းလိုက်တာကိုး။ ကျွန်တော်တို့လဲ အပြင်လောကကို ထွက်လာပြီးမှ မထူးခြားသေးတာနဲ့ အိမ်မပြန်တာပါ"

"ခင်ဗျားတို့ ညီမနဲ့ ပတ်သက်ပြီး ဘာသတင်းမှ မရဘူးလား"

မာထိဝါးတို့ ခေါင်းခါပြကြသည်။

"သတင်းမရပါဘူး။ ဒါပေမယ့် ညီမလေး ပျောက်နေတာဟာ လူတစ်ယောက်ရဲ့ လက်ချက်လို့ ယုံကြည်ရတယ်။ အခု ကျွန်တော်တို့ အဲဒီလူကို ရှာနေတာပဲ"

ရွှေဒင်းရိုက မာထိဝါးတို့ ညီအစ်ကိုနှစ်ယောက်အား တည်ငြိမ်စွာ ကြည့်သည်။

"ကျွန်တော် နောက်တစ်ခု မေးပါရစေ"

"မေးပါ"

"စောစောက ခင်ဗျားတို့နဲ့ အတူရှိနေတဲ့ အဖြူရောင် မိန်းကလေးက ဘယ်သူလဲ"

"အဲဒါ ကျွန်တော်တို့ ခေါင်းဆောင်ပါ"

"ခင်ဗျားတို့ရဲ့ ခေါင်းဆောင် ဟုတ်လား"

"ဟုတ်ပါတယ်"

"ခု သူ ဘယ်မှာလဲ"

"ဒီကနေ ထွက်သွားပါပြီ"

ရှောင်းရီ မျက်မှောင်ကြုံ့လျက် ပတ်ဝန်းကျင်ကို ကြည့်သည်။

"သူ ထွက်သွားပြီ ဟုတ်လား"

"ဟုတ်ပါတယ်။ လျှို့ဝှက် ထွက်ပေါက်ကနေ သူ ထွက်သွားပါပြီ"

ရှောင်းရီက မာထိဝါးတို့ဘက် မျက်နှာ လှည့်လိုက်သည်။

လေးနက်တည်ကြည်သော မျက်နှာနှင့် မာထိဝါးတို့အား ကြည့်လိုက်ပြီး....

"သူ ဘယ်သူလဲဆိုတာ ပြောမပြနိုင်ဘူးလား။ ကျွန်တော်ဟာ ခင်ဗျားတို့ ရန်သူ မဟုတ်ပါဘူး"





"ကျွန်တော်တို့ကလဲ ခင်ဗျားကို ရန်သူလို့ မသတ်မှတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ခေါင်းဆောင်နဲ့ ပတ်သက်ပြီး ပြောမပြနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ကိုယ်တိုင် သူ ဘယ်သူလဲဆိုတာ မသိပါဘူး....။

"သူက ရွှေတောင်ပံ သိန်းငှက်ကြောင့် ဒုက္ခရောက်ရတဲ့ လူတွေကို လိုက်ရှာပြီး စုစည်းတယ်။ ပြီးတော့ ရွှေတောင်ပံ သိန်းငှက်ကို ကလဲ့စားချေဖို့ ကြိုးစားနေတာပါပဲ"

ရှောင်းရီက မာထိဝါး၏ စကားကို နားထောင်ရင်း ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ဒါဆိုရင် ကျွန်တော် တစ်ခုမှာခဲ့မယ်။ ကျွန်တော်ဟာ ရွှေတောင်ပံ သိန်းငှက်ကို ရှာနေတဲ့ လူပါပဲ။ ဒီအတွက် ကျွန်တော် တို့ဟာ ရည်ရွယ်ချက်ချင်း တူပါတယ်။ ခင်ဗျားတို့ ခေါင်းဆောင်နဲ့တွေ့ရင် ပြောပြပါ။ ကျွန်တော်တို့ ရွှေတောင်ပံ သိန်းငှက်ကို ဖော်ထုတ်ဖို့ လက်တွဲကြပါစို့။ အခု ကျွန်တော် သွားမယ်။ ကျွန်မတော် ဒီနေရာကို မကြာခဏ လာခဲ့ပါမယ်။ ကျွန်တော့်ကို မိတ်ဆွေသတ်မှတ်ဖို့ ကြိုးစားကြပါ"

*

## အခန်း (၅)

လေးရက်မြောက်တွင် ပန်းပုရုပ်စာ အရောင်းဆိုင်သို့ ဒုတိယ အကြိမ် ရောက်သည်၊

မှာထားသည့် နတ်မိမယ်ရုပ်တုကို ရသဖြင့် ရှောင်းရိက စစ်ဆေးကြည့်ရှုပြီး ကျသင့်ငွေ ပေးချေလိုက်၏။

ဆိုင်ရှင်က ရှောင်းရိအား ပြုံးရွှင်သောမျက်နှာနှင့် ကြည့်ပြီး....

"ရေနွေးကြမ်း သောက်ပါဦး။ ကျုပ်ဆိုင်က ပန်းပုရုပ်တွေ အခုလို ဝယ်ယူအားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ရေနွေးကြမ်းနဲ့ မုန့်အချို့တွေ ကျွေးမွေးပါရစေ"

ဆိုင်ရှင်၏ မျက်လုံးတွင် ထူးခြားသော အရိပ်အယောင်ကို မြင်သဖြင့် ရှောင်းရိ ခေါင်းညိတ်လိုက်သည်။

သူက နတ်မိမယ်ရုပ်တုကိုကိုင်ပြီး ဆိုင်ရှင် ခေါ်ရာနောက်သို့ လိုက်ခဲ့၏။





လမ်းတွင် နတ်မိမယ်ရုပ်တု၏ အံဖွက်ထဲမှရသော စာကို သိမ်းဆည်းလိုက်သည်။

ပန်းပုဆိုင်ရှင်က ဆိုင်ကို အလုပ်သမားနှင့် ထားခဲ့ပြီး ရှောင်းရိအား အတွင်းခန်းသို့ ခေါ်သည်။

အတွင်းခန်းမှာ သပ်ရပ်သော ဧည့်ခန်း တစ်ခန်းဖြစ်ပြီး ဧည့်ခန်းစားပွဲတွင် ရေနွေးကြမ်းနှင့် မုန့်ပွဲများ ပြင်ဆင်ထားသည်။

ထိုစားပွဲတွင် ဟစ်ခေါင်းလုံးရှိ ဆံပင်များ ဖွေးဖွေးဖြူနေသော ဥပဓိရုပ် ခန့်ညားသည့် လူကြီးတစ်ယောက် ထိုင်နေသည်။

အပြာရောင် ချည်ကြမ်းဝတ်စုံကို ဝတ်ဆင်ထားပြီး ဆံပင်ကို ထိပ်တည့်တည့်တွင် စုစည်းထုံးဖွဲ့ထားသည်။

ထိုသူအား တွေ့လိုက်သည်နှင့် ရှောင်းရိ၏ မျက်နှာတွင် ရှိသေလေးစားဟန်များ ဖျတ်ခနဲ ထင်သွားသည်။

သူက လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုပြီး....

"အမတ်ချုပ်ကြီးကိုယ်တိုင် ရောက်နေတာ အရေးကြီးပြီ ထင်တယ်"

အမတ်ချုပ်ကြီးဟု အခေါ်ခံရသူက စူးရှသော မျက်လုံးအစုံဖြင့် ရှောင်းရိအား ဖျတ်ခနဲ လှမ်းကြည့်လျက် ခေါင်းညိတ်ပြသည်။

"အခြေအနေက ထူးခြားလို့ ကျုပ်ကိုယ်တိုင် လိုက်ခဲ့တာပါ မင်းသားလေး။ မင်းသားလေးရဲ့ နောင်တော် ဘုရင်မင်းမြတ်က မင်းသားလေးကို စိတ်မချဘူး"

"ကျွန်တော့်အတွက် စိတ်မချစရာ မရှိပါဘူး။ ခုချိန်ထိအောင် အန္တရာယ်ကင်းနေပါတယ်။ ဒါပေမယ့် ခုအချိန်ထိအောင် လိုချင်တဲ့ သတင်း မရသေးတာ အားမရဘူး၊ အထောက်တော်တွေရဲ့ သတင်းပို့ချက်ကလဲ အားရစရာ မရှိဘူး"

"ကျုပ်ကိုယ်တိုင် အထောက်တော်တွေကို စီမံခန့်ခွဲပြီး ခိုင်းစေပါမယ်။ မင်းသားလေးအနေနဲ့ ကျုပ်ကို အမြဲဆက်သွယ်နေပါ။ အခုကိစ္စဟာ သာမန် လူသတ်မှုတွေ မဟုတ်တော့ဘူးလို့ ကျုပ် ထင်လာပါပြီ"

အမတ်ချုပ်ကြီး၏ စကားကြောင့် ရှောင်းရိ ပြုံးလိုက်သည်၊

သူ့က ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။





ပန်းပုဆိုင်ပိုင်ရှင်က ရေနွေးကြမ်းတစ်ခွက်ငှဲပြီး ရှောင်းရိရှေ့တွင် ချပေးသည်၊

"ရေနွေးကြမ်း သုံးဆောင်ပါ မင်းသားလေး ဒီမုန့်အချို့တွေကလည်း တောင်ပိုင်းပြည်နယ်မှာ အကောင်းဆုံးပါပဲ"

ရှောင်းရိသည် ရေနွေးကြမ်းပန်းကန်ကို ကိုင်ရင်း ပန်းပုဆိုင်ရှင်အား ဖြည်းညင်းစွာ လှည့်ကြည့်လိုက်သည်။

"ကျွန်တော့်ကို မင်းသားလေးလို့ မခေါ်ပါနဲ့၊ ခုအချိန်မှာ ကျွန်တော်ဟာ သာမန်လူ တစ်ယောက်ပါ။ လောလောဆယ် ကျွန်တော့်ကို မင်းသားလေးအဖြစ် ဘယ်သူကမှ မသိစေချင်ဘူး။ ဒါမှ ရာဇဝတ်မှု နှိမ်နင်းရေးအတွက် ထွက်လာတဲ့ ကျွန်တော့် ရည်ရွယ်ချက် အောင်မြင်ပါလိမ့်မယ်"

"ဟုတ်ကဲ့ ခင်ဗျာ၊ ဟုတ်ကဲ့။ ကျုပ် သတိထားပါ့မယ်"

ပန်းပုဆိုင်ရှင်က ခေါင်းကို ကိုင်းညွတ်ပြီး တလေးတစား ပြောသည်။

အခန်းထဲသို့ အရင်ရောက်နှင့်နေသော အမတ်ချုပ်ကြီးက ပန်းပုဆိုင်ရှင်အား လှမ်းကြည့်ပြီး ချောင်းတစ်ချက် ဟန့်လိုက်သည်၊

ပန်းပုဆိုင်ရှင် အလိုက်တသိပင် အတင်းခန်းသို့ ဝင်သွား၏။

"ပန်းပုဆိုင်ရှင်ဟာ ကျုပ်ရဲ့ တပည့်ဟောင်း တစ်ယောက်ပဲ။ ယုံကြည်စိတ်ချရတဲ့ လူပေမယ့် ကျုပ်က လျှို့ဝှက်ချက်တိုင်းကို မသိစေချင်ဘူး"

"အမတ်ချုပ်ကြီး ဘယ်လို ထူးခြားချက်တွေရှိလို့ ဒီကို လိုက်လာတာလဲ ပြောပါဦး"

အမတ်ချုပ်ကြီး ချောင်းတစ်ချက် ဟန့်လိုက်ပြန်သည်။

"ရွှေတောင်ပံ သိန်းငှက်က လူတွေ လျှောက်သတ်နေတာဟာ ရှေးဟောင်း ရတနာမြေပုံတစ်ခုနဲ့ ပတ်သက်နေတယ်၊ ပြီးတော့ ရွှေတောင်ပံ သိန်းငှက်ဟာ မန်ချူးတွေနဲ့ အဆက်အသွယ် ရှိတယ်လို့ ကျုပ် ယူဆတယ်။ ခု နောက်ဆုံး အသတ်ခံရတဲ့ ခိုင်ဖုံ သူဌေးကြီးဟာ ကျုပ်နဲ့ ပညာသင်ဘက်ပဲ....။

"သူက မန်ချူးဆန့်ကျင်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်နေတဲ့ လူတစ်ယောက်ပါ။ ပြီးတော့ သူ့မှာ ရှေးဟောင်း ရတနာမြေပုံ တစ်ပိုင်းရှိနေတယ်၊ သူ အသတ်ခံရချိန်မှာ မြေပုံကိစ္စ အမတ်ချုပ်ကြီးကို အကြောင်းကြားပါလို့ အသက်မသေးတဲ့ သူ့ လူယုံကို ပြောသွားခဲ့တယ်၊ သူ့ လူယုံက အကြောင်းကြားလို့ ကျုပ် ဒါတွေကို သိရပြီး ကျန်းနန်ကို လိုက်လာခဲ့တာပါ"

"ခိုင်ဖုံ သူဌေးကြီးဆီက မြေပုံ တစ်ပိုင်းကို ရန်သူက ရသွားပြီလား"

အမတ်ချုပ်ကြီး ခေါင်းခါပြသည်။

"မရပါဘူး၊ မြေပုံတစ်ပိုင်း ကျုပ်လက်ထဲ ရောက်နေပါပြီ၊ သူ့ လျှို့ဝှက်ခန်းကို ကျုပ် သိထားတော့ ကိုယ်တိုင်ဝင်ရှာပြီး ရထားတာပဲ။ မြေပုံတစ်ပိုင်းတင် မကဘူး။ မြေပုံနဲ့ ပတ်သက်တဲ့ မှတ်တမ်းကိုပါ ဖတ်ခဲ့ရလို့ ဒီ ရတနာမြေပုံအကြောင်း အစအဆုံး သိခဲ့ရတယ်"

"မြေပုံတစ်ပိုင်း ရပြီဆိုတော့ နောက်မြေပုံတစ်ပိုင်း ကျန်သေးတယ်ပေါ့"

အမတ်ချုပ်ကြီးက ခေါင်းဆတ်ခါပြီး....

"နောက်မြေပုံ တစ်ပိုင်း မဟုတ်ဘူး။ နှစ်ပိုင်း၊ မြေပုံက သုံးပိုင်း ပိုင်းထားတာဆိုတော့ လူသုံးယောက်စီခွဲပြီး ရောက်နေတယ်။ တစ်ပိုင်းက ကျင်းလိန် သူဌေးကြီးဆီမှာ၊ နောက်တစ်ပိုင်းက ကျန်းနန် မြို့စားကြီး ဆီမှာ"

အမတ်ချုပ်ကြီး၏ စကားကို နားထောင်ရင်း ရှောင်းရိ၏ ခေါင်းထဲတွင် အသိတစ်ခု လက်ခနဲ ပေါ်လာသည်။

သူက ကျေကျေနပ်နပ်နှင့် ခေါင်းညိတ်လိုက်ပြီး....

“ဒါဆိုရင် ကျွန်တော်ထင်တာ မှန်နေပြီပေါ့။ အခုကိစ္စထဲမှာ ကျန်းနန်မြို့စား နက်နက်ရှိုင်းရှိုင်း ပါဝင်နေတာ အမှန်ပဲ”

ရှောင်းရိက မြို့စားစံအိမ်တွင် ညဘက်၌ ဝင်ရောက်စူးစမ်းခဲ့ချင်း သိခဲ့ရသည်တို့ကို ပြန်ဟည် ဖောက်သည်ချသည်။

ရှောင်းရိ၏ စကားကို နားထောင်ရင်း အမတ်ချုပ်ကြီး ခေါင်းတဆတ်ဆတ် ညိတ်သည်။

ရှောင်းရိက ကျန်းနန်မြို့စား စံအိမ်အကြောင်းနှင့် ဆက်စပ်ပြီး အိမ်ပျက်ကြီးတွင် တွေ့ခဲ့ရသော အဖြူရောင်ဝတ် မိန်းကလေးနှင့် နဂါးနက်မာစင်းလျှ၏ သားနှစ်ယောက်အကြောင်းကို ဆက်ပြောပြသည်၊

ပြီး.... အမတ်ချုပ်ကြီးနှင့် ရှေ့ဆက်လုပ်ကိုင်ရမည့် အစီအစဉ်များကို အသေးစိတ် တိုင်ပင်ညှိနှိုင်းသည်။





ဆုံးဖြတ်ချက် ချပြီးသည်နှင့် ရှောင်းရိက နတ်မိမယ်ရှင်တု အတွင်းမှရသော စာကို ဖတ်ပြီး ဖျက်ဆီးလိုက်သည်။

ပြီး.... အမတ်ချုပ်ကြီးအား နှုတ်ဆက်၍ နတ်မိမယ်ရုပ်တု ပိုက်ပြီး ဆိုင်အပြင်သို့ ထွက်ခဲ့လေ၏။

*

ကျန်းနန်မြို့ပြင် ဘုံကျောင်းသည် တိတ်ဆိတ်နေ၏။

ဘုရားပူဇော်ထားသော အမွှေးတိုင်မှ မီးခိုးငွေ့များ ဘုံကျောင်း ရှေ့ခန်း တစ်ခုလုံးတွင် ပျံ့နှံ့နေသည်။

ရှောင်းရိသည် ဘုံကျောင်းအတွင်းသို့ ဝင်လိုက်၏၊

မယ်တော်ရုပ်တုရှေ့တွင်အမွှေးတိုင်ပူဇော်လျက် ဆုတောင်းနေသော မိန်းကလေးတစ်ယောက်အား လှမ်းမြင်ရသည်၊

အနီရောင်ဝတ်ဆင်ထားသော ထိုမိန်းကလေးအား မြင်သည်နှင့် ရှောင်းရိ၏ ရင်မှာ ထိတ်ခနဲ ခုန်သွား၏။

သူက စူးစမ်းဟန် အကြည့်ဖြင့် မိန်းကလေး၏ နောက်ပိုင်းကို ငေးစိုက်ကြည့်နေသည်။

မိန်းကလေး၏ အသွင်သဏ္ဍာန်မှာ ပိုင်ရီဖုန်းနှင့် တူလွန်းနေသည်။

ပိုင်ရီဖုန်း ကျန်းနန်သို့ ပြန်ရောက်နေပြီလားဟု သူတွေး၏။

ဆုတောင်းနေသော မိန်းကလေးက အမွှေးတိုင်များကို အမွှေးတိုင်အိုးတွင် စိုက်လိုက်သည်။

ပြီး.... နေရာမှ ထွက်ခွာရန် ကိုယ်ကို လှည့်လိုက်၏။

"ညီမ"

ရှောင်းရီ၏ နှုတ်မှ လှိုက်လှဲတုန်ယင်သော ခေါ်သံ လွှတ်ခနဲ ထွက်သွားသည်။

ဝတ်ပြုပူဇော် ဆုတောင်းပြီး လှည့်လာသော ပိုင်ရီဖုန်းက ရှောင်းရီအား တွေ့သည်နှင့် မျက်မှောင်ကြုံ့သွား၏။

"လမ်း ဖယ်ပါ"





"နေပါဦး ညီမ။ အစ်ကို ညီမကို ရှင်းပြစရာရှိတာ ရှင်းပြပါရစေ"

မဲ့ပြုံးလေးတစ်ပြုံး ပိုင်ရီဖုန်း၏ မျက်နှာမှာ ဖျတ်ခနဲ ထင်လာသည်။ သူက ခေါင်းဆတ်ခါပြီး....

"မရှင်းပြပါနဲ့။ ကျွန်မ ရှင့်အကြောင်းကို ကောင်းကောင်းသိလိုက်ပါပြီ။ ရှင်ဟာ ကျွန်မကို ရွှေစင်အစိတ်သားနဲ့ လဲနိုင်တဲ့လူ။ ပြီးတော့ ကျွန်မထက် အဆင့်အတန်းမြင့်တဲ့ မြို့စားသမီးနဲ့ တွေ့တဲ့အခါ ကော်ကော်ကော်ပါအောင် လိုက်သွားတဲ့ သစ္စာမဲ့ တစ်ယောက်ပဲ"

ပြတ်သားတင်းမာစွာ ပြောနေသော ပိုင်ရီဖုန်းအား ကြည့်ပြီး ရှောင်းရီ ခေါင်းဆတ်ခါလိုက်သည်။

သူက တောင်းပန်ဟန်ဖြင့် ပိုင်ရီဖုန်းအား ကြည့်ပြီး....

"ညီမ အစ်ကို့ကို အထင်လွဲနေတာပါ။ အစ်ကို အခုလို လုပ်တာ အကြောင်းရှိပါတယ်။ ဘာအကြောင်းကြောင့် ဒီလို သပ်ရသလဲဆိုတာ ပြောပြပါရစေဦး"

ပိုင်ရီဖုန်း ခေါင်းခါသည်။

ရှောင်းရီအား မဲ့ပြုံးပြုံးလျက် ကြည့်ပြီး....

"မပြောပါနဲ့ရှင်.... လှုယ်လှယ်ကူကူ သစ္စာဖောက်တတ်တဲ့ ယောကျ်ားဟာ စကားချိုချိုသာသာပြောပြီး အယုံသွင်းလိမ့်မယ်ဆိုတာ ကျွန်မ သိပါတယ်....။

"ရှင် ဘာပဲပြောပြော ရှင့်ကို ကျွန်မ မယုံတော့ဘူး။ ရှင့်ကို မုန်းလွန်းလို့ ရှင်လိုချင်တဲ့ ရွှေတွေ ထပ်မရအောင် ကျွန်မ ကျန်းနန်ကို ပြန်လာတာပဲ။ ရှင် ကျွန်မကို နှစ်သိမ့်ဖို့ မစဉ်းစားပါနဲ့၊ ကျွန်မ ရှင့်ကို ဘယ်တော့မှ မကျေနပ်ဘူး။ ရှင်ဟာ ဒီလောကမှာ ကျွန်မ အမုန်းဆုံးလူပဲ"

ရှောင်းရီမှာ ခါးအလက်ပေါင်းများစွာ ရင်ထဲသို့တိုးဝင်သည့်နှယ် ခံစားလိုက်ရသည်။

သူက ကြေကွဲရိပ်ထင်နေသော အကြည့်ဖြင့် ပိုင်ရီဖုန်းအား ကြည့်သည်။

"တစ်နေ့ကျရင်တော့ အစ်ကို ဘာဖြစ်လို့ ဒီလိုလုပ်ရသလဲဆိုတာ ညီမ သိလာပါလိမ့်မယ်"

ရှောင်းရီ၏ စကားအဆုံးတွင် ပိုင်ရီဖုန်း ရယ်လိုက်သည်၊



လှောင်ရယ်ရယ် လိုက်သော သူ့အသံက အခံရခက်စွာ ရှောင်းရီ ရင်ထဲသို့ တိုးဝင်လာ၏၊

"နောက်မှ သိဖို့ မလိုပါဘူး။ ခုကတည်းက သိနေပါပြီ။ စောစောသိရတဲ့အတွက် ရှင့်ကို ကျေးဇူးတင်ပါတယ်။ ကျွန်မ သွားပါဦးမယ် ရှင်"

ပိုင်ရီဖုန်းက ပခုံးတစ်ချက် လှုပ်ပြီး ရှောင်းရီ၏ ရှေ့မှ လှစ်ခနဲ ပြေးထွက်သွားသည်၊

လေအရှိန်တစ်ချက်ဟပ်ခြင်း ခံလိုက်ရပြီးနောက် ပိုင်ရီဖုန်း အဝေးသို့ ရောက်သွားသည်။

ရှောင်းရီသည် နေရာတွင်ငိုင်မတွေစွာရပ်လျက် ကျန်ရစ်သည်၊

သူသည် ရီဝေသောမျက်လုံးအစုံဖြင့် တဖြည်းဖြည်း ဝေး သွားသော ပိုင်ရီဖုန်းအား ငေးကြည့်သည်၊

လှောင်ပြောင်သော ရယ်မောသံ၊ မီးလျှံပမာအကြည့်တို့ကို ယခုပင် ရရှိသကဲ့သို့ ခံစားနေရ၏။

အတန်ကြာအောင် ငိုင်တွေစွာရပ်နေပြီးမှ သူက သက်ပြင်း တစ်ချက်ချလိုက်သည်၊

သူ့ သက်ပြင်းချသံနှင့် မရှေးမနှောင်း အေးစက်စက်ရယ်မောသံ တစ်သံကို ဘုံကျောင်းအတွင်းဘက်မှ ပျံ့လွင့်လာ၏။

ရီဝေနေသော ရှောင်းရိ၏ မျက်လုံးအစုံ ရုတ်ခြည်းပင် စူးလက်တောက်ပလာသည်။

တည်ကြည်တင်းမာသည့် အသွင်သဏ္ဌာန် သူ့မျက်နှာတွင် နေရာယူလာ၏။

"ဘယ်သူလဲ.... အကွယ်မှာပုန်းမနေပါနဲ့။ ထွက်ခဲ့ပါ"

ရှောင်းရိ၏ အသံက ဘုံကျောင်းနံရံများကို ရိုက်ခတ်ပြီး ပဲ့တင်ထပ်သွားသည်။

အေးစိမ့်စိမ့်နိုင်သော ရယ်သံမှာ ရုတ်တရက် ပျောက်ကွယ်သွား၏။

ကြီးမားသော တိုင်လုံးကြီးများအကွယ်ဆီမှ သက်ပြင်းချသံ တစ်ချက်ကို ကြားရသည်။

မရှေးမနှောင်းပင် အဖြူရောင် ဝတ်ဆင်ထားသော မိန်းကလေး တစ်ယောက် တိုင်အကွယ်မှ ထွက်လာ၏။





ချောမောလှပသော မိန်းကလေးကို ကြည့်ပြီး ရှောင်းရိ စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားသည်၊

သူက မျက်လုံးအစုံကို ပွတ်သပ်ပြီး မြင်နေရသည့် မိန်းကလေးအား ကြည့်၏။

"မင်း"

"အစ်ကိုက ညီမကိုတောင် မမှတ်မိတော့ဘူးလား"

ရင်းနှီးကျွမ်းဝင်နေသည့် အသံကို ကြားရသည်။

တင်းမာရိပ်ထင်နေသော ရှောင်းရိ၏မျက်နှာ အေးချမ်းသွားပြုံးသာ၏။

"ညီမက မိန်းကလေးလို ဝတ်ထားတော့ သိပ်လှနေတာကိုး။ အစ်ကို ဘယ်လိုလုပ် မှတ်မိပါ့မလဲ။ နေပါဦး၊ အစ်ကိုက မင်းကို ညီမလို့ပဲ အမြဲခေါ်သွားရမှာလား"

"ဒီဘုံကျောင်းပျက်ထဲမှာပဲ ညီမလို့ ခေါ်ပါ။ အပြင်ကို ရောက်သွားရင် အဲသလို ခေါ်လို့ မရတော့ဘူး"

"အဲဒီအခါကျ ညီလေးလို့ ခေါ်ရမှာပေါ့ ဟုတ်လား။ ဒါထက် ညီမရဲ့ နာမည်အစစ်ကို ပြောပါဦး"



လွင်စာပေ

"မာလျှန်းလျှန်းပါ"

ရှောင်းရိ၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

သူက မာလုံးတဖြစ်လဲ မာလျှန်းလျှန်းအား တွေဝေစွာ စူးစိုက်ကြည့်သည်၊

"ညီမရဲ့ မျိုးရိုးနာမည်က"

"မာ.... ပါ"

ရှောင်းရိ သက်ပြင်းချလိုက်သည်။

အဆက်အစပ် ကင်းမဲ့နေသည့် အကြောင်းအရာများကို သူက ယခုမှပင် ဆက်စပ် စဉ်းစားမိလာ၏။

"မင်းက နဂါးနက်မာစင်းလျှံရဲ့ သမီးကိုး"

"ဟုတ်ပါတယ်.... အစ်ကိုက ဖေဖေနဲ့ သိလို့လား"

ရှောင်းရိ ခေါင်းညိတ်ပြလိုက်သည်၊





"ညီမရဲ့ အဖေက အစ်ကို့ကို တာဝန်တစ်ခုပေးလိုက်တယ်။ အဲဒီတာဝန်က သိုင်းလောကထဲဝင်သွားပြီး သတင်းအစအန မရတော့တဲ့ ညီမ သတင်းကို စုံစမ်းပေးဖို့၊ ညီမကို ရှာပေးဖို့ပါပဲ"

*

# အခန်း (၆)

မာလျှန်းလျှန်းက ရှောင်းရီအား ဘုံကျောင်းအတွင်းပိုင်းသို့ ခေါ်ခဲ့သည်။

အတွင်းဘက်သို့ ရောက်သောအခါ အခန်းတစ်ခန်းရှေ့တွင် ရပ်လိုက်ပြီး အခန်းတံခါးကို ညင်သာစွာ ခေါက်လိုက်သည်။

"ဝင်ခဲ့ပါ"

အခန်းထဲမှ အိုမင်းသော အသံတစ်သံ ပေါ်လာသည်။

မာလျှန်းလျှန်းက အခန်းတံခါးကို တွန်းဖွင့်ပြီး အတွင်းသို့ ဝင်လိုက်၏။

ရှောင်းရီသည် ကြောင်တောင်တောင်နှင့် မာလျှန်းလျှန်း နောက်သို့ လိုက်ခဲ့သည်။





အခန်းထဲတွင် ပိန်ကိုင်းချိနဲ့သော အသွင်ရှိသည့် အဘိုးအို တစ်ယောက် ထိုင်နေသည်။

အဘိုးအို၏ ရှေ့တွင် ရေနွေးကြမ်း တစ်အိုးနှင့် စာအုပ် တစ်အုပ် ချထား၏။

အဘိုးအိုက ရေနွေးကြမ်းသောက်ရင်း သေးငယ်စူးရှသော မျက်လုံးအစုံဖြင့် မာလျှန်းလျှန်းအား လှမ်းကြည့်သည်။

"ကလေးမက လာမယ်ဆိုတဲ့ အချိန်ထက် တော်တော်ကို နောက်ကျတာကိုး။ တစ်နေ့က ပြသွားတဲ့ အမှတ်အသားအရ မင်းက နဂါးနက်ရဲ့ သမီးဆိုတာ အဘ သိရပါပြီ။ အဘဆီကို ဘာကိစ္စနဲ့ လာသလဲဆိုတာ သိပါရစေ။ သမီးနဲ့ ပါလာတဲ့ လူကကော ဘယ်သူလဲ။ အဘက ယုံကြည်စိတ်ချရတဲ့ လူတွေနဲ့ပဲ တွေ့ချင်တယ်"

"သူက ကျွန်မရဲ့ အစ်ကို တစ်ယောက်ပါ၊ သူ့နာမည် ရှောင်းရီလို့ ခေါ်ပါတယ်"

အဘိုးအို၏ သေးငယ်စူးရှသော မျက်လုံးအစုံ ရှောင်းရီထံသို့ ရောက်လာသည်။

သူ့နှုတ်မှ တစ်စုံတစ်ရာကို ဇ တွတ်တွတ် ရေရွတ်၏။

ပြီး.... ကိုင်ထားသည့် ရေနွေးကြမ်းပန်းကန်ကို ပင့်မြှောက်၍ သောက်လိုက်သည်။

"ရွှောင်းရီ....။ ဒီနာမည်အကြောင်း ကျုပ်သိတယ်။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကဆိုရင် ဒီနာမည်ဟာ သိုင်းလောကတစ်ခုလုံး သိမ့်သိမ့်ကုန်အောင် ထင်ရှား ကျော်ကြားခဲ့တဲ့ နာမည်ပဲ။ အဲဒီတုန်းက မင်း မွေးကင်းစပဲ ရှိမှာ"

"အဲဒီတုန်းက ကျွန်တော် မမွေးသေးပါဘူး။ ဘဘပြောတဲ့ ရွှောင်းရီဟာ ကျွန်တော့် ဘိုးဘိုး ဆိုရင်တော့ သူသေဆုံးပြီးမှ ကျွန်တော် မွေးတာပါ။ အခုဆိုရင် ကျွန်တော့် အသက် နှစ်ဆယ် ရှိပါပြီ။ ဘိုးဘိုး ဆုံးသွားတာက နှစ်ဆယ့်တစ်နှစ် ရှိပါပြီ"

"နေဦး။ မင်း ဘိုးဘိုးဆိုတာ နန်းရင်းဝန်ကြီးကို ပြောတာ မဟုတ်လား"

"ဟုတ်ပါတယ်။ ကျွန်တော့် မိဘတွေက ကျွန်တော့်ကို ဘိုးဘိုးရဲ့နာမည် ပြန်ပေးထားပါတယ်"

အဘိုးအို ခေါင်းစာဆတ်ဆတ် ညိတ်သည်။

သူက ရွှောင်းရီအား ပြုံးလျက်ကြည့်ပြီး....





"လက်စသပ်တော့ ကျုပ်ရှေ့ကို ရောက်နေတာ မင်းသားလေး ကိုယ်တိုင်ကိုး။ မင်းသားလေးကို ကျုပ် ဘုံကျောင်းစောင့် ထင်းဆန်းကွေးက နှုတ်ဆက် ဂါရဝပြုပါတယ်"

အဘိုးအို ထင်းဆန်းကွေးက ရွှောင်းရီအား ဂါရဝပြုပြီးနေရာ ပြင်ထိုင်သည်။

ရွှောင်းရီက အဘိုးအို၏ ရှေ့တွင် ဝင်ထိုင်လိုက်၏။

အဘိုးအို ထင်းဆန်းကွေး၏ ခေါင်းမှာ ဆံပင် တစ်ပင်မှ မရှိဘဲ ပြောင်တလင်းခါနေသည်။

ဆံပင်ကို ရိတ်ပယ်ထားခြင်း မဟုတ်ဘဲ သဘာဝအတိုင်း ဆံပင်မပေါက်ခြင်းဟု ကြည့်ရုံနှင့် သိသာ၏။

ဆံပင် မပေါက်သော်လည်း ထင်းဆန်းကွေး၏ နှုတ်ခမ်းမွှေးနှင့် မုတ်ဆိတ်မွေးတို့မှာ ရှည်လျားဖြူဖွေးလျက် မျက်နှာတစ်ခုလုံး ပြည့်မတတ် ပေါက်နေသည်။

"မင်းသားလေးက ကျုန်းနန်ကို အလည်လာတာလား"

ရွှောင်းရီက ထင်းဆန်းကွေးအား စူးစူးစိုက်စိုက် ကြည့်လျက် ခေါင်းခါပြသည်။

"ကျွန်းနန်နယ်ကို လာပြီး လေ့လာတာပါ။ ဘဘကို ကျွန်တော် တစ်ခု ကြိုပြီး တောင်းပန်ထားချင်တယ်"

"တောင်းပန်တယ်လို့ မသုံးပါနဲ့၊ မင်းသားလေး ဘာပြောချင်လို့လဲ"

"ကျွန်တော့်ကိုမင်းသားလေးလို့ မခေါ်ပါနဲ့။ ကျွန်တော်က ကျွန်းနန်နယ်ကို သာမန် အရပ်သားတစ်ယောက်အဖြစ်နဲ့ လာတာပါ။ ကျွန်တော့်ကို မင်းသားလေးအဖြစ် လူမသိစေချင်ပါဘူး"

ထင်းဆန်းကျေးက နားလည် သဘော ပေါက်ဟန် ဖြင့် ခေါင်းညိတ်ပြ၏။

"ကောင်းပါပြီ။ ကျုပ် အဲသလို မခေါ်တော့ပါဘူး လူလေး၊ ဒီကိုလာတာ တာဝန်တွေ ပါလာလိမ့်မယ် ထင်တယ်၊ ကျုပ်အနေနဲ့ လူလေးကို ဘာအကူအညီ ပေးရမလဲ"

ရှောင်းရိက ပြုံးပြီး ခေါင်းကို အသာအယာ ခါပြသည်၊

"နောက်တော့ ကျွန်တော်ပြောပါမယ်။ အဘနဲ့ ညီမလေးမှာ ကိစ္စရှိရင် အဲဒါကို အရင်လုပ်လိုက်ပါဦး"

ရှောင်းရိ၏ စကားကို ကြားရမှ ထင်းဆန်းကျေးက လျှန်းလျှန်းအား သတိရသွားဟန်ဖြင့် လှမ်းကြည့်သည်၊





"ကဲ.... ကလေးမ ပြောစရာရှိတာ ပြောပေတော့"

မာလျှန်းလျှန်းက ချောင်းတစ်ချက် ဟန့်လိုက်သည်၊

သူက စကားရှာဟန် တစ်ခဏမျှ ငြိမ်နေပြီး....

"နဂါးစံအိမ်မှာတုန်းက ကျွန်မ ဖေဖေရဲ့ မှတ်တမ်း စာအုပ်ကို ဖတ်မိတယ်၊ မှတ်တမ်းထဲမှာ မျိုးချစ်ဆယ့်နှစ်ယောက် အကြောင်း ရေးထားတာ ဖတ်ရတယ်....၊

"တိုင်းပြည်ရဲ့ရန်သူကို တိုက်ခိုက်ရင်း မျိုးချစ်ဆယ့်နှစ်ဖော်ဟာ မမျှော်လင့်ဘဲ ရတနာသိုက်တစ်ခုကို တွေ့ခဲ့ရတယ်၊ ဒါပေမယ့် ရန်သူတွေနဲ့ အပြင်းအထန် တိုက်ခိုက်နေရတဲ့ အချိန်မို့ ရတနာတွေကို မယူနိုင်ဘဲ မြေပုံတစ်ခု ဆွဲခဲ့တယ်။

"ဒီမြေပုံကို မျိုးချစ်ဆယ့်နှစ်ဖော် ခေါင်းဆောင်က သိမ်းထားပြီး ရန်သူကို တိုက်ခိုက်ရင်း လူချင်း ကွဲသွားကြတယ်။ နောင် အေးချမ်းတဲ့အချိန်မှာ ဖေဖေဟာ သူ့သေးသောက်ရဲဘော်တွေကို ရှာတာ ရှာလို့ မတွေ့တော့ဘူး၊ အဆက်အသွယ် ပြတ်တောက်သွားတယ်လို့ ရေးထားတယ်။ မျိုးချစ်တွေထဲက တချို့ဟာ ရန်သူနဲ့ ပူးပေါင်းသွားပုံ ရတယ်လို့လဲ ရေးထားတယ်။ အဲဒီမှတ်တမ်းက ဖတ်ရတာနဲ့ ဒီကိစ္စကို စုံစမ်းမယ်ဆိုပြီး သိုင်းလောကထဲ ဝင်ခဲ့တာပဲ"

F 25

မာလျှန်းလျှန်း၏ စကားကို နားထောင်ရင်းမှ ထင်းဆန်းကွေးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြုံးသည်။

"ကလေးမက ရတနာမြေပုံနဲ့ ပတ်သက်နေတာကိုး။ ကလေးမပြောတဲ့ မျိုးချစ်ဆယ့်နှစ်ဖော်ထဲမှာ ကျုပ်လဲ တစ်ယောက် အပါအဝင်ပဲ....။

"မျိုးချစ်တွေထဲမှာပါတဲ့ ကျုပ်တို့ကိုးယောက် တစ်ယောက်နဲ့ တစ်ယောက် အဆက်အဆံ ရှိပါတယ်။ ကျုပ်တို့ ခေါင်းဆောင်နဲ့ နောက်နှစ်ယောက်ကတော့ ပျောက်ချင်းမလှ ပျောက်သွားခဲ့တယ်၊ ရတနာ မြေပုံက ကျုပ်တို့ ခေါင်းဆောင်ဆီမှာဆိုတော့ သူပျောက်သွားတာနဲ့ မြေပုံလဲ ပျောက်သွားတာပေါ့"

"အဲဒီ ခေါင်းဆောင်က ဘယ်သူလဲ"

"တစ်ချိန်က သူ့ကို သက်တန့်ဓား ရန်ဆောင်လို့ ခေါ်ကြတယ်။ သစ္စာသမာဓိရှိတဲ့ လူတစ်ယောက်ပါပဲ။ ကျန်တဲ့နှစ်ယောက်က သူနဲ့ အင်မတန်ရင်းနှီးတဲ့ ရွှေပုဆိန် တန်မင်းနဲ့ ဓားဝိဇ္ဇာ အောင်ရင်းဝါတို့ပဲ"

"သူတို့သုံးယောက်ရဲ့ သတင်းကို ခုထိ မရဘူးလား"

ထင်းဆန်းကွေး သက်ပြင်းချသည်။





"နှစ်ယောက်ရဲ့ သတင်းကို ရပါပြီ။ သတင်းရတဲ့လူ နှစ်ယောက်စလုံး သေသွားကြပြီ။ ကျုပ်တို့ ခေါင်းဆောင်က ကျင်းလိန် သူဌေးကြီးအဖြစ် ဇာတ်မြှုပ်နေရင်းနဲ့ သေတယ်။ တန်မင်းက ခိုင်ဖုံ သူဌေးအဖြစ် ဇာတ်မြှုပ်ရင်း သေတယ်။ အခု မသေဘဲ ကျန်နေတာ အောင်ရင်းဝါပဲ။ သူက ဘယ်ကို ရောက်ပြီး ဘယ်လိုလူမျိုးအဖြစ်နဲ့ ဇာတ်မြှုပ်နေသလဲဆိုတာ ကျုပ်တို့ မသိဘူး"

"ကျန်းနန်မြို့စားအဖြစ် ဟန်ဆောင်နေတာ မဖြစ်နိုင်ဘူးလား"

ရှောင်းရိက စကားအပြတ်တွင် ဝင်ပြောလိုက်သည်၊

ထင်းဆန်းကွေးက ခေါင်းခါပြပြီး....

"ကျန်းနန်မြို့စားဟာ မျိုးချစ်ဆယ့်နှစ်ဖော်ထဲကပဲ၊ သူက လျှို့လျှို့ဝှက်ဝှက်နဲ့ ပုန်းကွယ်နေတဲ့လူ မဟုတ်ပါဘူး။ ကျုပ်တို့ ထင်ထင်ရှားရှားနေတဲ့ ကိုးယောက်ထဲက နဂါးနက်ရယ်၊ ကျုပ်ရယ်၊ ကျင်းလိန်မြို့စားရယ်၊ ကျန်းနန်မြို့စားရယ်ပဲ အသက်ရှင်နေတယ်။ ကျန်တဲ့လူတွေက အသက်ကြီးလို့ သေဆုံးကုန်ကြပါပြီ"

"နဂါးနက်ဆရာကြီးက သူ့မှတ်တမ်းထဲမှာ အားလုံးနဲ့ အဆက်အသွယ်ပြတ်ကုန်ပြီလို့ ဘာဖြစ်လို့ ရေးထားတာလဲ"

"သူ မှတ်တမ်းရေးတဲ့အချိန်မှာ အဆက်အသွယ်မရသေးတာ ဖြစ်ပါလိမ့်မယ်။ အဆက်အသွယ်ရပြီးတဲ့နောက်မှာ သူက မှတ်တမ်းဆက်မရေးဘူး ထင်ပါတယ်"

"အခု ကျွန်မတို့ ဘာဆက်လုပ်ရင် ကောင်းမလဲ ဘဘ"

"စောင့်ကြည့်နေရုံပဲ ရှိတာပေါ့။ ကျုပ်တို့ လုပ်ရမယ့်အလုပ်ကို ရွှေတောင်ပံသိန်းငှက်က လုပ်ပါလိမ့်မယ်။ ကျုပ်တို့အနေနဲ့ အဲဒီတော့မှ ရွှေတောင်ပံသိန်းငှက်ကို ရှာကြရုံပဲရှိပါတယ်"

*

ဘုံကျောင်းမှအထွက်တွင် မာလျှန်းလျှန်းသည် ယောကျ်ားလေး တစ်ယောက်အဖြစ် အသွင်ပြောင်းလိုက်သည်။

သူသည် ရုပ်ရည်ချောမောသော မာလုံးအဖြစ်သို့ ရောက်သွား၏။





ရှောင်းရိနှင့် မာလုံးတို့သည် ဘုံကျောင်းမှထွက်ပြီး မြို့ထဲသို့ ဝင်သည်။

လမ်းတွင် မာလုံးဖြစ်နေသော မာလျှန်းလျှန်းက ရှောင်းရိအား ပြုံးရယ်လျက် ကြည့်ပြီး....

"အစ်ကို.... အခု ဘယ်ကိုသွားမှာလဲ။ ကျန်းနန်သူဌေးကြီးအိမ်ကို သွားမှာလား"

ရယ်မောလျက် မေးသော မာလုံး၏စကားကို နားထောင်ရင်း ရှောင်းရိ မျက်နှာထား တင်းသွားသည်။

သူက အရောင်တဖျပ်ဖျပ်လက်နေသော မျက်လုံးအစုံဖြင့် မာလုံးအား ကြည့်လိုက်၏။

"ညီလေး.... အစ်ကို့ကို စိတ်ဆင်းရဲအောင် ပြောနေတာလား"

ညည်းသလို မေးလိုက်သည့် ရှောင်းရိ၏ အသံကြောင့် မာလုံး မျက်နှာပျက်သွား၏။

သူက ခေါင်းကို သွက်သွက်ပါအောင် ခါလိုက်ပြီး....

"ကျွန်တော်က အစ်ကို့ကို စတာပါ"

မာလုံးက အပြစ်တင်ခံရသည့် ကလေးလေးတစ်ယောက်ပမာ ငိုမဲ့မဲ့မျက်နှာနှင့် ပြောသည်။

ရှောင်းရိသည် မာလုံးအား စူးစိုက်လျက်ကြည့်ရင်းမှ ရယ်လိုက်၏။

ကလေးဆန်သော မာလုံး၏ခေါင်းကို ခပ်သာသာ လှမ်းပုတ်သည်။

"မင်း စိတ်ညစ်သွားပြီလား"

"အစ်ကိုက မျက်နှာထားတင်းတင်းနဲ့ပြောတာ ကျွန်တော်စိတ် သိပ်ညစ်သွားတာပဲ။ ကျွန်တော့်ကို တစ်မျိုးမထင်ပါနဲ့။ ကျွန်တော်က အစ်ကို စိတ်ဆင်းရဲတာကို မမြင်ချင်ပါဘူး"

"ဟား....ဟား.... မင်းငိုတော့ မငိုလိုက်ပါနဲ့ကွာ။ အစ်ကို အခုသွားနေတာ ကျန်းနန် သူဌေးကြီး အိမ်ကို မဟုတ်ဘူး။ ဆင်းရဲသားတွေနေတဲ့ အိမ်ပျက်ကြီးကိုပဲ"

"အိမ်ပျက်ကြီး.... ဟုတ်လား"





"ဟုတ်တယ် ညီလေး....။ အဲဒီမှာ ဘယ်သူတွေနေသလဲဆိုတာ ရောက်ရင် မင်း သိရလိမ့်မယ်"

"အခု မသိရဘူးလား အစ်ကို"

ရှောင်းရိက ခေါင်းခါပြသည်။

"ရောက်ရင် သိမယ်လို့ ပြောပြီးပြီလေ။ မင်းဟာ လျှို့ဝှက်ချက်တွေ များပြီး ယောကျ်ားလေးဖြစ်လိုက် မိန်းကလေးဖြစ်လိုက်နဲ့ဆိုတော့ မင်းကိုလဲ လျှို့ဝှက်ထားရလိမ့်မယ်"

ရှောင်းရိ၏ စကားကြောင့် မာလုံး နှုတ်ခမ်းစူလိုက်သည်။

ယောကျ်ားလေးလို ဝတ်စားထားသော်လည်း သူ့ဟန်ပန်က မိန်းကလေးတစ်ယောက်အသွင် ပေါ်နေ၏။

"အစ်ကိုကကော မလျှို့ဝှက်လို့လား။ နေပြည်တော်က မင်းသားလေးဖြစ်ရဲ့သားနဲ့ သူ့ကိုယ်သူ ကြေးစားသိုင်းသမားဆိုပြီး ဟန်ဆောင်တယ်"

"အစ်ကို့မှာ အကြောင်းရှိလို့ဟန်ဆောင်ရတာပါ။ တမင်သက်သက် ဟန်ဆောင်တာ မဟုတ်ပါဘူး"

"ကျွန်တော်လဲ အကြောင်းရှိလို့ ဟန်ဆောင်တာပဲ။ ပျော်လို့ ပါးလို့ ဟန်ဆောင်တာ မဟုတ်ပါဘူး။ မိန်းကလေး တစ်ယောက် အဖြစ်နဲ့ ရတနာမြေပုံကိုစွကို ကျွန်တော် လိုက်စုံစမ်းရင် အခုလို အန္တရာယ်ကင်းနိုင်ပါ့မလား။ အစ်ကိုပဲ စဉ်းစားကြည့်ပါ"

ရှောင်းရီ၏ ကြည်စယ်သည့်သဘောနှင့် မာလုံး၏ ခေါင်းကို ပုတ်လိုက်ပြန်၏။

"ဟား....ဟား.... မင်းက စကား တော်တော်တတ်တာပဲ၊ အစ်ကို့ကို အပြစ်တင်ပြီး ကိုယ့်ကိုယ်ကိုကျတော့ ကာကွယ်တတ်တယ်"

"ကျွန်တော်က အစ်ကို့ ညီပဲဗျာ။ ဒါလောက်တော့ တတ်မှာပေါ့"

ရှောင်းရီ သဘောကျစွာရယ်ပြီး မာလုံး၏ ပခုံးကို လှမ်းဖက်လိုက်သည်။

ထွေးအိသော အထိအတွေ့ကိုရလိုက်မှ သူက ထိတ်လန့်တကြားနှင့် ပခုံးပေါ်မှ လက်ကို ဖယ်ချသည်။

ရှောင်းရီ၏ လက်ရဲဇက်ရဲနိုင်သော အပြုအမူကြောင့် မာလုံး ရှက်သွားပုံရသည်။





သူ့ပါးပြင်မို့မို့မှာ သွေးရောင်လွှမ်းလာ၏။

"အစ်ကိုက သိပ်ရမ်းတာပဲ"

"စိတ်မဆိုးပါနဲ့ ညီမ.... မင်းကို မိန်းကလေးတစ်ယောက်ဆိုတာ အစ်ကို မေ့သွားလို့ပါ"

"အစ်ကို ကျွန်တော့်ကို ဘယ်တုန်းကမှ မိန်းကလေး တစ်ယောက်လို့ မထင်ဘူးလား"

မာလုံး၏ မေးခွန်းကြောင့် ရှောင်းရီ တွေခနဲဖြစ်သွားသည်။

ပြီးမှ သူက....

"ဘုံကျောင်းထဲမှာ တွေ့တုန်းကတော့ သိပ်ချောသိပ်လှတဲ့ ညီမလေး အဖြစ် သဘောထားမိပါတယ်။ ဖြစ်နိုင်ရင် မင်းကို အဲသလိုပဲ နေစေချင်တယ်။ မိန်းကလေးတစ်ယောက် ပုံစံနဲ့ မင်းကိုမြင်ရတာ သိပ်စိတ်ချမ်းသာတာပဲ"

ရှက်သွေးရိပ်များ ထင်နေသော မာလုံး၏ မျက်လုံးအစုံ ရွှန်းလဲ့လာသည်။

ရှောင်းရီနှင့် မျက်လုံးအကြည့်ခြင်းဆုံမိစဉ် သူက ကပျာကယာ မျက်လွှာချလိုက်သည်။

မိန်းကလေးဟန်ပီပီ ပေါ်နေသော မာလုံးအား ကြည့်ရင်း ရှောင်းရိ ပြုံးနေသည်။

အိမ်ပျက်ကြီးရှိရာ ခြံဝင်းဆီသို့ လျှောက်ခဲ့ရင်း သူက မာလုံးအား မကြာခဏ လှမ်းလှမ်းကြည့်၏။

မျက်လွှာပင့်ကြည့်သော မာလုံးနှင့် အကြည့်ချင်း ဆုံစရာရင်မှာ သိမ့်သိမ့်သာသာ ခုန်သွားလေသည်။



လွင်စာပေ
အမှတ် ၁၅/၁၃၈၊ မြောင်း
တောင်ငူမြို့
ဖုန်း ၂၁၃၄၄

အခန်း (၇)

ခြံဝင်းကျယ်ကြီးအတွင်း တိတ်ဆိတ်ငြိမ်သက်ခြင်းက လွှမ်းမိုးနေ၏။

ရှောင်းရိက အုံ့ဆိုင်းသော သစ်ပင်များအောက်မှဖြတ်ပြီး အဆောက်အအုံပျက်ကြီးဆီသို့ လျှောက်ခဲ့သည်။

အဆောက်အအုံပျက်ကြီးအနီးသို့ အရောက်တွင် အတွင်းဘက်မှ အနက်ရောင် အရိပ်တစ်ရိပ် ခုန်ထွက်လာသည်။

"ရပ်လိုက်"

အကျည်းတန် အရုပ်ဆိုးသောမျက်နှာနှင့် လူတစ်ယောက် ရှောင်းရိတို့ ရှေ့တွင် ရပ်ပြီး တားဆီးသည်။

ရှောင်းရိက ထိုသူအား စူးစူးစိုက်စိုက်နှင့် ကြည့်လိုက်၏။

"ခင်ဗျား ဘယ်သူလဲ။ ဘာကိစ္စနဲ့ ဒီအထဲကို ဝင်လာတာလဲ"

ရှောင်းရိက အကျည်းတန်လွန်းသူအား ချိုသာသိမ်မွေ့စွာ ပြုံးပြလိုက်သည်။

"ခင်ဗျားတို့ ဒုတိယခေါင်းဆောင် ရှိတယ်မဟုတ်လား"

"ရှိတယ်ဆိုရင် ခင်ဗျားက ဘာလုပ်မလို့လဲ"

"သူ့ကို ရှောင်းရိရောက်နေတယ်၊ မာလျှန်းလျှန်းလဲ ပါလာတယ်လို့ အကြောင်းကြားပေးပါ"

အကျည်းတန်လွန်းသူက ရှောင်းရိနှင့် မာလုံးတို့အား စူးစူးခနဲ ကြည့်သည်၊

ပြီးမှ ခေါင်းကို အသာအယာညိတ်၍....

"ခင်ဗျားတို့ ဒီနေရာမှာပဲ နေပါ"

အကျည်းတန်လွန်းသူ အဆောက်အအုံပျက်ထဲသို့ ပြန်ခုန်ဝင်သွားသည်။





သူ့ထံမှ တရှူးရှူးနှင့်ပေါ်ထွက်နေသော အသက်ရှူသံ ပြင်းပြင်းကြောင့် ရှောင်းရိ လှည့်ကြည့်လိုက်သည်။

မကျေမနပ်ဖြစ်ဟန်နှင့် ကြည့်နေသော မာလုံးကိုတွေ့လိုက်ရ၏။

"အစ်ကို ဘာဖြစ်လို့ မာလျှန်းလျှန်းဆိုတဲ့ နာမည်ကို သုံးရတာလဲ"

"စိတ်မဆိုးပါနဲ့ ညီလေး။ ဒီနာမည်ကို သုံးရမယ့်အချိန် ရောက်လာလို့ သုံးလိုက်တာပါ။ ညီလေးရဲ့ လျှို့ဝှက်ချက်ကို တမင်သက်သက် ဖော်တာ မဟုတ်ပါဘူး"

ရှောင်းရိက ပြေပြေလည်လည်ဖြစ်အောင် ပြောသော်လည်း မာလုံး ကျေနပ်ပုံမရ။

သူ့နှုတ်ခမ်းကို စူမဲ့ စူထားသည်။

ရှောင်းရိက မာလုံးအား ဆက်ပြီး ရှင်းပြ ချော့မော့နေခြင်း မပြုတော့ဘဲ အဆောက်အအုံပျက်ဆီသို့ အာရုံစိုက်နေလိုက်သည်။

အဆောက်အအုံ ပျက်ဝင်ပေါက်တွင် အကျည်းတန်လှန်းသ ရပ်လာပြီး ရှောင်းရီတို့အား လက်ဟန်ပြ၍ ခေါ်သည်။

"အစ်ကိုတို့ အထဲကိုဝင်ကြမယ် ညီမ"

မာလုံးက ခေါင်းခါလိုက်သည်။

"အစ်ကို ဘာသာ အစ်ကိုသွားပါ။ ကျွန်တော်မလိုက်ဘူး"

"မင်း တကယ် မလိုက်ဘူးလား"

မာလုံးက နှုတ်ခမ်းစူထားလျက်နှင့် ခေါင်းခါပြသည်။

"မလိုက်ဘူး"

"ဒီကောင်လေး ပေကပ်ကပ်နဲ့ တင်ပါးကို ခပ်စပ်စပ်လေး ရိုက်ပြီး ခေါ်မှထင်တယ်"

"ဘာပြောတယ်"

မာလုံးက ရှောင်းရီအား ဒေါသရောင်လက်သောအကြည့် ဖြင့် ကြည့်ပြီး အော်လိုက်သည်။



မိန်းကလေးတစ်ယောက်အပေါ် စကားပြောမှားသွားပြန်ပြီဟု ရှောင်းရီ တွေးမိ၏။

သူက နွဲ့ဆိုးဆိုးတတ်သော ညီငယ်ကို ချော့မော့သည့်ဟန် ဖြင့်....

"မင်း ခပ်ကပ်ကပ်လုပ်နေတာနဲ့ အစ်ကို စကားပြေ မှား သွားပြန်ပြီ။ အစ်ကို့ကို စိတ်ညစ်အောင် မလုပ်ပါနဲ့ကွာ၊ လာပါ။ အဆောက်အအုံ ပျက်ထဲကို ဝင်မယ်၊ အထဲမှာ မင်း အတွက် အရေးပါတဲ့လူ ရှိနေတယ်"

"ကျွန်တော့်အတွက် ဟုတ်လား"

စိတ်ဆိုး စိတ်ကောက်သည့် အမူအရာ ပျောက်သွားပြီး မာလုံးက စိတ်ဝင်တစားမေးသည်။

ရှောင်းရီက ခေါင်းညိတ်ပြလိုက်ပြီး....

"ဟုတ်တယ် ညီလေး"

"ကျွန်တော့်အတွက် အရေးပါတဲ့လူက ဘယ်သူလဲ။ ဒီ အထဲမှာ အစ်မ လင်းလင်း ရှိနေလို့လား"

"မဟုတ်ပါဘူး"

"ဒါဆိုရင် ဘယ်သူလဲ"

"အထဲကိုရောက်ရင် မင်း သိရမှာပေါ့"

မာလုံးက မျက်မှောင်ကြုံ့ထားလျက် ရှောင်းရီအား ကြည့်သည်။

"အစ်ကိုက ဘာဖြစ်လို့ ကျွန်တော့်အပေါ် ဒါလောက်တောင် လျှို့ဝှက်နေရတာလဲ။ အထဲမှာရှိနေတဲ့ လူဟာ ကျွန်တော် မတွေ့ချင်တဲ့ လူဆိုရင် ဘယ်လို လုပ်မလဲ"

"အစ်ကိုက မင်းကို ရန်သူနဲ့ တွေ့မပေးပါဘူး ညီလေးရာ"

မာလုံးက ရှောင်းရီ ကြည့်နေရာသို့ လိုက်ကြည့်သည်။

ထိုအခါ အဆောက်အအုံပျက် ထွက်ပေါက်တွင် ရပ်လျက် လက်ယပ်ခေါ်နေသော အကျည်းတန်လွန်းသူအား တွေ့လိုက်ရသည်။

"ဒီရုပ်ဆိုးကြီးက အစ်ကို တွေ့ရမယ့်လူရဲ့ တပည့်လား"

"ဟုတ်တယ် ညီလေး"





"ဒီလူက ရုပ်လဲဆိုးသေးတယ်။ ရန်လဲလိုသေးတယ်။ သူ့ရဲ့ အကြီးအကဲက ဒီထက်တောင် ရန်လိုဦးမယ်ထင်တယ်"

"အစ်ကို့ကို တွေ့ရမယ့်လူက သဘောကောင်းပါတယ်။ ညီလေးအပေါ် ရန်လိုကြမှာ မဟုတ်ပါဘူး။ အစ်ကိုတို့ ဒီနေရာမှာ ကြာနေရင် သူတို့ တစ်မျိုးတစ်မည် ထင်သွားလိမ့်မယ်။ သွားကြပါစို့ ညီလေး"

မာလုံးက တောင်းတောင်းပန်ပန်ပြောနေသော ရှောင်းရီအား ကြည့်ပြီး ခေါင်းမညိတ်ချင် ညိတ်လိုက်သည်။

ရှောင်းရီက မာလုံး၏ လက်ကိုဆွဲပြီး အဆောက်အအုံပျက်ဆီသို့ လျှောက်ခဲ့သည်။

"အစ်ကို"

"ဘာလဲ ညီလေး"

"ဒီအဆောက်အအုံထဲမှာရှိတဲ့ လူဟာ ဘယ်လိုလူမျိုးဆိုတာတော့ အစ်ကို ပြောနိုင်မှာပေါ့"

"ညီလေး သိပ်သိချင်နေပြီလား"

.26

"သိချင်တယ်"

"ဒီအဆောက်အအုံပျက်ထဲမှာ ရှိနေတဲ့ လူတွေဟာ ရွှေတောင်ပံ သိန်းငှက်ကို ဆန့်ကျင့်နေတဲ့ လူတွေပဲ"

"ဒါဆိုရင် သူတို့က"

"အစ်ကိုတို့နဲ့ ရည်ရွယ်ချက်ချင်းတူတဲ့ လူတွေပါ။ ဒါကြောင့် ညီလေးကို ခေါ်လာတာပေါ့။ အန္တရာယ်ရှိတဲ့ နေရာဆိုရင် ညီလေးကို ဘယ်ခေါ်ပါ့မလဲ"

ရှောင်းရိနှင့် မာလုံးတို့သည် ပခုံးချင်းယှဉ်လျက် အဆောက်အအုံပျက် ဆီသို့ လျှောက်ခဲ့ကြ၏။

*

အဆောက်အအုံပျက် ရှေ့ခန်းသည် ပထမတစ်ကြိမ် ရောက်စဉ်ကလိုပင် ရှင်းလင်းနေသည်။





အဆောက်အအုံပျက်ထဲသို့ရောက်သော်လည်း မည်သူ့ကိုမှ မတွေ့ရသဖြင့် မာလုံး ဟိုဟိုသည်သည် ကြည့်သည်။

ရှောင်းရိက မသိဟန်ဆောင်လျက် လျှို့ဝှက်ခန်းရှိရာသို့ လျှောက်ခဲ့သည်။

"မိတ်ဆွေ ရှောင်းရိလား"

"ဟုတ်ပါတယ်"

"ခင်ဗျားမှာ အဖော်ပါသေးတယ်ဆို"

"ခင်ဗျားတို့ သိပ်တွေ့ချင်တဲ့အဖော် ပါလာပါတယ်"

"အထဲကို ဝင်ခဲ့ပါဗျာ"

လျှို့ဝှက် အခန်းတံခါး ဖျတ်ခနဲ ပွင့်သွားသည်။

ရှောင်းရိက ရှေ့မှ ဦးဆောင်ပြီး အတွင်းသို့ ဝင်လိုက်၏။

မာလုံးက သူ့နောက်မှ ကပ်လိုက်လာသည်။

တံခါးဖွင့်ပေးသူမှာ ရှောင်းရိတို့အား လက်ယပ်ခေါ်ပြီး ပျောက်ချင်းမလှ ပျောက်သွားသော အကျည်းတန်လွန်းသူပင် ဖြစ်သည်။

ထိုသူ တံခါးပြန်ပိတ်နေစဉ် ရှောင်းရီက အခန်းအလယ်ရှိ စားပွဲတစ်လုံးနောက်တွင် ထိုင်နေသော မာထိဝါးထံ လျှောက်ခဲ့သည်။

"ခင်ဗျားပြောတဲ့ အဖော်ဆိုတာက ဟင်.... ညီမလေး၊ မင်း ဘယ်ကနေ ရောက်လာတာလဲ။ အစ်ကိုကြီး ဒီမှာရှိတယ်ဆိုတာ သိလို့ လာတာလား"

မာထိဝါးအား မြင်သည်နှင့် မာလုံးသည် ဝမ်းသာ ဝမ်းနည်း ဖြစ်သွားဟန် ရှိ၏။

သူက ရှောင်းရီအား ဖြတ်ကျော်ပြီး မာထိဝါး ထိုင်နေရာသို့ ပြေးဝင်သည်။

"အစ်ကိုကြီး"

"ညီမလေး"

မာလုံးက မာထိဝါး၏ လက်မောင်းကို ဖက်တွယ်လိုက်၏။

မာထိဝါးက မာလုံး၏ ပခုံးကို ဖွဖွ ဆုပ်ကိုင်သည်။

ပြီး.... မာလုံးအား ခြေဆုံးခေါင်းဆုံး ကြည့်သည်။





"မင်း ဘာဖြစ်လို့ ယောကျ်ားလေးတစ်ယောက်လို ဝတ်စားထားရတာလဲ ညီမလေး"

"အန္တရာယ်ကင်းအောင်လို့ပါ အစ်ကိုကြီး။ ဘယ်တုန်းက ရောက်နေတာလဲ အစ်ကိုလတ်ကော"

"ညီမလေးရဲ့ အစ်ကိုလတ် အပြင်ကိုသွားနေတယ်။ တော်ကြာ ပြန်လာပါလိမ့်မယ်။ ကဲ.... ထိုင်ပါဦး ညီမလေး။ မင်း အိမ်ကနေ ဘာဖြစ်လို့ ထွက်လာတယ်။ ဘာတွေ ဖြစ်နေတယ်ဆိုတာ ပြောပြပါဦး။ အစ်ကိုတို့က မင်းကို ရွှေတောင်ပံ သိန်းငှက်က ဖမ်းဆီးထားပြီလို့ ထင်နေတာ"

မာထိဝါး၏ စကားအဆုံးတွင် မာလုံးက ညင်ညင်သာသာ ရယ်လိုက်သည်။

"ညီမ သူနဲ့ ခုချိန်ထိအောင် မတွေ့သေးပါဘူး။ တွေ့ရင်လဲ ညီမကို ဘယ်သူ ဘယ်ဝါဆိုတာ သူ မသိနိုင်ပါဘူး။ အခု အစ်ကိုတို့က ညီမ နောက်ကို လိုက်လာကြတာပေါ့ ဟုတ်လား"

"အခု မဟုတ်ဘူး ညီမ။ အစ်ကိုတို့ ထွက်လာတာ လနဲ့ချီပြီး ကြာနေပြီ။ ညီမ အိမ်ကနေ ထွက်သွားတော့ ဖေဖေ စိတ်ပူပြီး အစ်ကို့ကို သိုင်းလောကထဲ လွှတ်လိုက်တယ်။ အစ်ကို သိုင်းလောကထဲ ရောက်တဲ့အခါ ရွှေတောင်ပံ သိန်းငှက်ရဲ့

သဲလွန်စကိုရပြီး လိုက်နေတာနဲ့ ကြာသွားတော့ ဖေဖေက ညီလေးကို လွှတ်လိုက်တယ်။ အစ်ကိုတို့နှစ်ယောက် ပြန်တွေ့တဲ့ အချိန်မှာ အစ်ကိုဟာ လျှို့ဝှက်အဖွဲ့အစည်း တစ်ခုရဲ့ ဒုတိယ ခေါင်းဆောင် ဖြစ်နေပြီ။ ညီမလေးကို တွေ့မှဘဲ အိမ်ပြန်တော့ မယ်လို့ ဆုံးဖြတ်ပြီး ဒီမှာ ဆက်နေ နေကြတယ်။ တစ်နေ့က တော့ ဟောဒီညီလေး ရွှောင်းရှိနဲ့ တွေ့ပြီး ဖေဖေက ညီမ လေးနဲ့ အစ်ကိုတို့ကို ရှာပေးဖို့အတွက် သူ့ကို အကူအညီ တောင်းတယ်လို့ သိရတယ်”

မာလုံးက ရွှောင်းရှိအား မျက်စောင်းလဲ့လေးဖြင့် ဖျတ်ခနဲ လှမ်းကြည့်သည်။

ချစ်စဖွယ် ကောင်းသော မာလုံး၏ အမူအရာကြောင့် ရွှောင်းရှိ ပြုံးလိုက်၏။

“အစ်ကို အစက ဘာဖြစ်လို့ မပြောတာလဲ။ အစ်ကိုကြီး တို့ ရောက်နေမှန်းသိရင် ညီမ ပြေးလာမှာပေါ့။ အခုတော့ လူတစ်ယောက်နဲ့ တွေ့ပေးမယ်ဆိုပြီး လျှို့လျှို့ဝှက်ဝှက်နဲ့ ခေါ်ခဲ့တယ်”

“ညီမကို ဖြုန်းခနဲ ဝမ်းသာသွားစေချင်လို့ပါ”

“ဒီလို လျှို့ဝှက်ထားတဲ့အတွက် အစ်ကို့ကို ညီမ နည်းနည်းမှ မကျေနပ်ဘူး”





“ဟား....ဟား။ ညီမက ညီမရဲ့ အစ်ကိုကြီးနဲ့ တွေ့လို့ အစ်ကို့ကို ရန်လုပ်တာပေါ့ ဟုတ်လား”

ရွှောင်းရှိက ရယ်မောလျက် ပြောသည်။

မာထိဝါးဟာ ရွှောင်းရှိကို တစ်လှည့် မာလုံးအား တစ်လှည့် ကြည့်ပြီး....

“ညီမနဲ့ ညီလေးတို့ တွေ့ကြတာ ကြာပြီလား”

မာလုံးက ခေါင်းညိတ်ပြသည်။

“ကြာပါပြီ အစ်ကိုကြီး။ ဒါပေမယ့် ညီမကို ဘယ်သူ ဘယ်ဝါဆိုတာ အစ်ကိုမသိဘူး။ ဒီနေ့ကျမှ အဘ ထင်းဆန်း ကွေးကို သွားတွေ့တုန်း အစ်ကိုနဲ့တွေ့ပြီး ညီမကို မာလျန်း လျန်းဆိုတာ သိသွားခဲ့တယ်။ အဲဒါကြောင့် အစ်ကိုက ညီမကို အစ်ကိုကြီးတို့ဆီ ခေါ်လာခဲ့တာပေါ့”

“အဘ ထင်းဆန်းကွေး ဟုတ်လား။ သူက ဘယ်မှာရှိနေ လို့လဲ ညီမ”

“မြို့ပြင် ဘုံကျောင်းမှာ ဘုံကျောင်းစောင့် အဖြစ်နဲ့ နေ နေတယ်။ ညီမ အပြင်လောကကို ထွက်လာတာ ဖေဖေတို့ရဲ့ ပျောက်ဆုံးသွားတဲ့ ရတနာမြေပုံ ကိုစ္စကို စုံစမ်းချင်လို့ပဲ....။

"ရတနာမြေပုံနဲ့ ပတ်သက်ပြီး ထူးထူးခြားခြား မသိရသေးပေမယ့် ဖေဖေရဲ့ သွေးသောက်ရဲဘော် ဖြစ်တဲ့ အဘထင်းဆန်းကွေးကိုတော့ စုံစမ်းလို့ ရခဲ့တယ်"

မာထီဝါး၏ မျက်လုံးအစုံမှာ စိတ်ဝင်စားခြင်းဖြင့် အရောင်တဖျပ်ဖျပ် လက်လာသည်။

"ညီမလေးက ရတနာမြေပုံကိစ္စ သိနေပြီကိုး။ ဒီမြေပုံနောက်ကိုလိုက်တာ အန္တရာယ်သိပ်များတယ် ညီမ။ ရွှေတောင်ပံသိန်းငှက်က မြေပုံနဲ့ ပတ်သက်ပြီး ပတ်သက်သူမှန်သမျှကို လိုက်သတ်နေတယ်"

မာလုံးက အရေးမစိုက်ဟန်ဖြင့် ဟွန့်ခနဲ ရယ်သွမ်းသွေးလိုက်သည်။

"ဒါဆိုရင် သူလိုက်သတ်အောင် မြေပုံနောက် လိုက်နေတဲ့အကြောင်း လူသိအောင် ကြေညာမှပဲ"

"ခွေးမလေး ပျက်ချော်ချော် မလုပ်နဲ့။ ဟောဟိုမှာ ညီလေး လာပြီ"

အပြင်မှ ဝင်လာသော မာကုန်းလျောင်းကို တွေ့လိုက်ရ၏။





မာလုံးက နေရာမှ ထပြီး မာကုန်းလျောင်းအား ပြေးဖက်သည်။

မာကုန်းလျောင်းက ညီမ ဖြစ်သူအား ချစ်ခင်စွာ ပွေ့ဖက်ထား၏။

ရှောင်းရီသည် ပြန်လည်ဆုံတွေ့ရသဖြင့် အပျော်ကြီးပျော်နေသော မောင်နှမများအား ကြည်နူးစွာ ကြည့်နေလေ၏။

*

## အခန်း (၈)

မာလုံးသည် သူ့အစ်ကိုများရှိသော အဆောက်အဦးပျက်ကြီးတွင် မနေခဲ့ဘဲ ရှောင်းရီနှင့် မြို့စားစံအိမ်သို့ ပြန်လိုက်ခဲ့သည်။

မာထိဝါးက သူ့ညီမအား သူတို့၏ လျှို့ဝှက်စခန်းတွင် နေရန် အကြိမ်ကြိမ် ပြောဆိုသည်။

သို့သော် မာလုံးက လျှို့ဝှက်စခန်းတွင်နေခြင်းထက် မြို့စားစံအိမ်တွင် နေခြင်းက ပို၍ ထူးခြားနိုင်ကြောင်း အစ်ကိုနှစ်ယောက်အား သူ အမြဲ ဆက်သွယ်နေမည် ဖြစ်ကြောင်း ပြောဆို၍ ရှောင်းရီ နောက်သို့ လိုက်ခဲ့ခြင်းဖြစ်သည်။

ရှောင်းရီသည် မာထိဝါးတို့ မောင်နှမတွေ ပြန်တွေ့နေပြီဖြစ်ကြောင်း မကြာခင် နဂါးနက် စံအိမ်သို့ ပြန်လာမည့်အကြောင်း အကြောင်းကြားစာကို နဂါးနက် မာစင်းလျှံထံ ပို့ပေးရန် တာဝန်ယူလိုက်သည်။





သူတို့သည် အဆောက်အဦးပျက်ရှိရာ ခြံဝင်းမှ မြို့စားစံအိမ်ဆီသို့ လျှို့ဝှက်စွာ ပြန်ခဲ့သည်။

မြို့စားစံအိမ်သို့အရောက်တွင် ထမင်းစားချိန် လွန်နေပြီဖြစ်၍ သူတို့က ထမင်းစားခန်းသို့ မဝင်တော့ဘဲ ဧည့်ခန်းဆောင်တွင် ထိုင်လိုက်ကြ၏။

သူတို့ ထိုင်လိုက်ချိန်မှာပင် အိမ်ဖော်တစ်ယောက် အနားသို့ ရောက်လာ၏။

"သခင်လေးတို့ကို သခင်မလေးကခေါ်ခိုင်းလိုက်ပါတယ်"

ရှောင်းရီက အိမ်ဖော်အား ဖျတ်ခနဲ လှမ်းကြည့်ပြီး....

"သူက ဘယ်မှာလဲ"

"သခင်မလေး ထမင်းစားဆောင်က စောင့်နေပါတယ်။ ကျွန်မနောက် လိုက်ခဲ့ကြပါရှင်"

ရှောင်းရီ ခေါင်းညိတ်ပြပြီး နေရာမှ ထရပ်လိုက်သည်။

မာလုံးကလည်း နေရာမှ လိုက်ထ၏။

ပြီး.... နှစ်ယောက်အတူ အိမ်ဖော်ခေါ်ရာနောက်သို့ လိုက်ခဲ့ကြသည်။

စကြံလမ်းတစ်ခုအတိုင်း လျှောက်ပြီး အခန်းငယ်ပေါင်းများစွာကို ဖြတ်သည်။

စကြံလမ်းဆုံးသောအခါ ကျယ်ဝန်းသန့်ပြန့်သော ထမင်းစားဆောင်သို့ ရောက်၏။

ထမင်းစားဆောင်ရှိ ထမင်းစားစားပွဲကြီးတွင် စားသောက်ဖွယ်ရာများ ပြင်ဆင်ထားလျက်ရှိပြီး စားပွဲနောက်တွင် ပန်းနုရောင် ဝတ်စုံဝတ်ထားသော လင်းလင်းအား ထိုင်နေလျက်တွေ့ရသည်။

လင်းလင်းသည် ထမင်းစားဆောင်ထဲဝင်လာသော ရှောင်းရီတို့အား ငေးရီရီနိုင်သော အကြည့်ဖြင့် ကြည့်သည်။

ရှောင်းရီနှင့် မာလုံးတို့က လင်းလင်းနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"ညီမက အစ်ကိုတို့ကို ထမင်းစားဖို့စောင့်နေတာလား"

လင်းလင်းက ကြိုးစားပန်းစားပြုံးပြီး ခေါင်းညိတ်ပြသည်၊





"အစ်ကိုတို့က ဒါလောက်အကြာကြီး ဘယ်ကိုသွားနေကြတာလဲ"

"အစ်ကိုက ပန်းပုရုပ်သွားဝယ်တာ၊ သူက မြို့ထဲလျှောက်လည်နေတာ။ လမ်းမှာတွေ့ကြပြီး ဒီကို ပြန်လာတာပဲ"

"ပန်းပုရုပ် မရခဲ့ဘူးလား"

ရှောင်းရီသည် သူဝယ်လာသောပန်းပုရုပ် ဘုံကျောင်းတွင် ကျန်ခဲ့သည်ကို သတိရ၏။

ဘုံကျောင်းနှင့်ပတ်သက်ပြီး မပြောချင်သဖြင့် သူက ခေါင်းညိတ်ပြလိုက်သည်။

"အစ်ကိုမှာထားတဲ့ အရုပ် မရတာနဲ့ မဝယ်ခဲ့ဘူး"

"အစ်ကိုက ဘာအရုပ်လိုချင်လို့လဲ"

လင်းလင်းက ပန်းကန်များပေါ်မှ အဖုံးအအုပ်တို့ကို ဖယ်ရှားရင်း မေးသည်။

"နတ်မိမယ် ရုပ်တုပါ"

"နတ်မိမယ်ရုပ်တု ဟုတ်လား"

ရွှောင်းရီ ခေါင်းညိတ်ပြလိုက်၏။

လင်းလင်းက မသိမသာ မျက်မှောင်ကြုံ့ပြီး ရွှောင်းရီအား ကြည့်သည်။

တစ်စုံတစ်ရာကို ခမေးမြန်းလိုဟန်ရှိသော်လည်း သူမမေးဘဲ ငြိမ်နေ၏။

မာလုံးက လင်းလင်းလို ငြိမ်မနေဘဲ ရွှောင်းရီအား မျက်လုံးစွေကြည့်ပြီး ခစ်ခနဲ ရယ်သည်။

"ညီမက ဘာဖြစ်လို့ ရယ်တာလဲ"

"အစ်ကို နတ်မိမယ်ရုပ်တု ဝယ်ချင်တယ်ဆိုလို့ပါ။ အဲဒီရုပ်တုက လက်ဆောင်ပေးစရာရှိမှ ဝယ်ရတာ"

"အစ်ကို့မှာ လက်ဆောင် ပေးစရာရှိလို့ ဝယ်ချင်တာပေါ့"

မာလုံး၏ မျက်နှာထား တည်သွားသည်။

သူက ရွှောင်းရီအား စူးစူးစမ်းစမ်းကြည့်ပြီး....





"အစ်ကိုက ဘယ်သူ့ကို လက်ဆောင်ပေးမှာလဲ"

"ဘယ်သူ့ကို ပေးရမှာလဲ။ ဒီစံအိမ်ပိုင်ရှင် မြို့စားကြီးကို လက်ဆောင်ပေးမှာပေါ့"

မာလုံးနှင့် လင်းလင်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်လိုက်ကြသည်။

ရွှောင်းရီက ခပ်ကြောင်ကြောင်အကြည့်ဖြင့် မာလုံးတို့အား ကြည့်၏။

"**အစ်ကို** အဲဒီရုပ်တု မရတာပဲ **ကောင်းတယ်**"

"ဘာဖြစ်လို့လဲ **ညီမ**"

"နတ်မိမယ်ရုပ်တု ဘယ်လိုလူမျိုးကို လက်ဆောင် ပေးရသလဲဆိုတာ အစ်ကို မသိဘူးလား"

ရွှောင်းရီက ပန်းပုရုပ်များနှင့် ပတ်သက်ပြီး ကျွမ်းကျွမ်းကျင်ကျင် သိသော်လည်း မသိဟန်ဖြင့်....

"ဒီရုပ်တုက လူရွေးပြီးမှ ပေးရတာလား။ ဒီရုပ်တုက ပန်းပုဆရာကြီးရှိရဲ့ လက်ရာမို့ အစ်ကိုက မြို့စားကြီးကို လက်ဆောင် ပေးဖို့ စိတ်ကူးထားတာ"

မာလုံးနှင့် လင်းလင်းတို့ ရယ်ကြပြန်သည်။

ရှောင်းရီသည် သူတို့လိုပင် ရယ်ချင်နေသော်လည်း မရယ်ဘဲ အူကြောင်ကြောင်နိုင်ဟန်ဖြင့် ရယ်နေသည့် မျက်နှာများကို ကြည့်သည်။

"ညီမတို့က ဘာမှမပြောဘဲ အခုလို ရယ်နေတော့မှာလား"

မာလုံးနှင့် လင်းလင်းတို့ အရယ်ရပ်သွားကြသည်။

မာလုံးက ပြုံးစစဖြင့် ရှောင်းရီအား ကြည့်နေသည်။

လင်းလင်းကမူ မရယ်မပြုံးတော့ဘဲ ရှောင်းရီ ရှေ့တွင် ထမင်းပန်းကန်ကို ချပေးသည်။

"နတ်မိမယ် ရုပ်တုဆိုတာ ကိုယ်နှစ်သက်တဲ့ မိန်းကလေးကိုမှ ပေးရတာ။ ပန်းပုဆရာကြီး ရှီက ဒီရုပ်တုကို ချစ်သူတွေ ဇနီးမောင်နှံတွေအတွက် ရည်ရွယ်ပြီး ထုထားတာ သိရဲ့လား"

"ဒုက္ခပါလား။ အစ်ကိုက ဘာမသိ ဘာမသိနဲ့ မိန်းကလေးတစ်ယောက်ကို ဒီအရုပ် လက်ဆောင်ပေးမိရင် အခက်ပေါ့။ မြို့စားကြီးကို ပေးမိပြန်ရင်လဲ အစ်ကိုကို ဘာမှ နားမလည်တဲ့ လူဆိုပြီး အထင်သေးဦးမယ်"





"အခု နတ်မိမယ်ရုပ်တုမှ ရမလားဘဲ ဖေဖေက အစ်ကို့ကို အထင်မသေးတော့ပါဘူး။ ထမင်း အဆင်သင့် ဖြစ်နေပြီ။ စားလိုက်ပါဦး။ ထမင်းစားရင်းနဲ့မှ စကားပြောကြတာပေါ့"

ရှောင်းရီက ခေါင်းညိတ်ပြပြီး ထမင်းပန်းကန်ဆီသို့ လက်လှမ်းလိုက်လေ၏။

*

လေပြည် လေညင်းတို့ မှေ့ယမ်း တိုက်ခတ်နေသည်။

လေထဲတွင် သင်းပျံ့သော ပန်းရနံ့ တွဲခိုလျက် ပါလာ၏။

ကျယ်ပြန့်သော ပန်းဥယျာဉ်တွင် ရောင်စုံပန်းများ ဝေဝေဆာဆာ ဖူးပွင့်နေသည်။

အခက်အလက် ဝေပြိုင်သော သစ်ပင်ပေါ်မှာ နားနေသည့် ကျေးငှက်ငယ်တို့၏ အော်မြည်သံကို တေးဂီတသံပမာ ကြားနေရသည်။

F.27

ပန်းဥယျာဉ်ရှေ့ရှိ ကျောက်တုံးပေါ်တွင် ရှောင်းရိနှင့် လင်းလင်းတို့ ထိုင်နေကြသည်။

သူတို့နှစ်ယောက်စလုံး လှပသော ပန်းဥယျာဉ်ကို ငေးစိုက်လျက် ကြည့်နေကြ၏။

ရှောင်းရိ၏ မျက်နှာတွင် ကြည်နူးသည့် အငွေ့အသက်တွေ ထစ်နေသော်လည်း လင်းလင်း၏ မျက်နှာမှာ နွမ်းလျညှိုးမှိုင်းနေ၏။

ရှောင်းရိမှာ သူ့အတွေးနှင့်သူ ရှိနေသဖြင့် လင်းလင်း၏ မျက်နှာပေါ်မှ အပြောင်းအလွဲ အရိပ်သဏ္ဍာန်တို့ကို သတိပြုမိခြင်း မရှိ။

သူက လင်းလင်း၏ မျက်နှာကို မကြည့်ဘဲ ဖြူနုဖွေးဥသော လက်ကလေးများကိုသာ စူးစိုက်သော အကြည့်ဖြင့် မကြာခဏ ကြည့်မိတတ်သည်။

လေးတွဲ့သော သက်ပြင်းချသံတစ်ချက် လင်းလင်း၏နှုတ်မှ တိုးထွက်လာသည်။

အတွေးနှင့် ကြည်နူးနေသော ရှောင်းရိ ဖျတ်ခနဲ သတိဝင်လာပြီး လင်းလင်းအား ကြည့်လိုက်သည်။





"ညီမ.... ဘာဖြစ်လို့လဲ"

လင်းလင်းက မျက်တောင်တဖျပ်ဖျပ်ခတ်လျက် ရှောင်းရိကို တစ်ချက်ကြည့်သည်။

ပြီး.... သူ့အကြည့်ကို ပန်းခင်းဆီသို့ လွှဲထားလိုက်၏။

ဒုတိယအကြိမ် သက်ပြင်းချပြီးနောက် သူက....

"အစ်ကို့ကို ညီမ ပြောစရာတစ်ခုရှိနေတယ်၊ အဲဒါ ဘယ်လို ပြောရမှန်း မသိဘူး"

"ဘာ့ကြောင့်မပြောချင်ရလဲ ညီမ။ ပြောစရာရှိရင် ပြောပါ၊ ပြောမှပဲ အစ်ကို သိရမှာပေါ့"

လင်းလင်း သက်ပြင်းချလိုက်ပြန်သည်၊

သူက ပြောင်ချောနေသော ကျောက်တုံးကို လက်ဖြင့် အသာအယာကုတ်ခြစ်ပြီး....

"အစ်ကို ညီမလေးမာလျှန်းလျှန်းအပေါ် ဘယ်လိုသဘောထားသလဲ"

ရှောင်းရီက လင်းလင်း၏အမေးကို ရုတ်တရက် မဖြေနိုင်၊ စူးစမ်းဟန်အကြည့်ဖြင့် လင်းလင်းအား ဖျတ်ခနဲလှမ်းကြည့်၏။

"ညီမ.... ဘာအဓိပ္ပာယ်နဲ့ မေးတာလဲ"

"ညီမ မေးတာကို ဖြေပါ အစ်ကို"

ယခုတစ်ကြိမ်တွင် သက်ပြင်းချမိသူမှာ ရှောင်းရီကိုယ်တိုင် ဖြစ်၏။

သူက တစ်ခဏမျှ တွေဝေစဉ်းစားနေပြီး....

"သူဟာ ချစ်စရာကောင်းတဲ့ ညီမလေး တစ်ယောက်ပါ၊ တစ်ခါတစ်ခါကျတော့ သူ့ကို ညီလေးတစ်ယောက်လိုပဲ စိတ်ထဲက ထင်မှတ်မိတယ်"

"သူဟာ ယောကျ်ားလေးမဟုတ်ပါဘူး အစ်ကို"

"ဒါကို အစ်ကို သိပါတယ်၊ ဒါပေမယ့် တစ်ခါတစ်ခါကျတော့လဲ သူ့ကို မိန်းကလေးဆိုတာ မေ့သွားမိတယ်"





"သူဟာ ယောကျ်ားလေးလို ဝတ်စားထားပေမယ့် မိန်းကလေးစိတ် အပြည့်ရှိပါတယ်။ ညီမတို့ ရှက်လှေနဲ့ ခရီးထွက်လာတုန်းက အဖြစ်အပျက်တွေကို အစ်ကို သတိရရဲ့လား။ အဲဒီတုန်းက အစ်ကို အဆိပ်ဝေဒနာ ခံစားနေရတယ်"

"အဲဒီတုန်းက အစ်ကို အဆိပ်ဒဏ် ခံနေရတာ ဘာတွေဖြစ်ခဲ့သလဲဆိုတာ သေသေချာချာ မမှတ်မိဘူး"

"အစ်ကို ဝေဒနာ ခံစားနေရလို့ ဘာမှ မမှတ်မိပေမယ့် ညီမလေး မာလျှန်းလျှန်းကတော့ ဘာဝေဒနာမှ မရှိတဲ့လူဆိုတော့ အားလုံးကို မှတ်မိနေတယ်၊ အဲဒီအချိန်မှာတုန်းက ညီမတို့ဟာ သူ့ကို မိန်းကလေး တစ်ယောက်လို့ မသိခဲ့ကြသေးဘူး။ ဒါကြောင့်ပဲ အစ်ကို ချမ်းပြီး တုန်နေတာ သက်သာအောင် ဆိုပြီး သူ့အကူအညီကို ယူခဲ့ရတယ်"

"ဘယ်.... ဘယ်လို အကူအညီလဲ"

"သူက အစ်ကို့ကို အချမ်းပြေတဲ့ထိ ဖက်ထားခဲ့ရတယ်။ အစ်ကိုက သတိလက်လွတ်ဖြစ်နေတဲ့လူဆိုတော့ သူ့ သူ့ကို"

"ဟင်...."

အထိတ်တလန့် ရေရွတ်သံနှင့်အတူ ရှောင်းရီ၏ မျက်လုံးအစုံ ပြူးကျယ် ဝိုင်းလက်သွားသည်။

သူက စေဒနာခံစားရစဉ်တွင် မြင်မက်ခဲ့သော အိပ်မက် များကို ပြန်သတိရသည်။

အိပ်မက်ထဲ၌ ပိုင်ရီဖုန်းနှင့် ကြည်နူးခဲ့သော အဖြစ်များတွင် မာလျှန်းလျှန်းမှာတန်ဆာခံဖြစ်ခဲ့ရပါလားဟု ကြေကွဲနောင်တ နှင့် တွေးမိ၏။

ရှောင်းရိသည် လင်းလင်း၏ မျက်နှာကိုပင် မကြည့်ရဲ တော့အောင် ဖြစ်သွား၏။

သူသည် အတန်ကြာအောင် တွေဝေငေးမောနေပြီးနောက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ဟန်ဖြင့် သက်ပြင်းရှိုက်၏။

"အဲသလို ဖြစ်ခဲ့လိမ့်မယ်လို့ အစ်ကို မထင်မိဘူး။ ညီမ ပြောတော့မှ စဉ်းစားကြည့်တဲ့အခါ အခြေအနေကို ခန့်မှန်း မိတယ်။ အစ်ကိုဟာ ယောကျ်ားတစ်ယောက်ပါ။ ဘယ်တော့ မှ တာဝန်မဲ့မနေပါဘူး။ ဖြစ်ခဲ့တဲ့ကိစ္စအတွက် အစ်ကို တာဝန် ယူပါ့မယ်"

"အစ်ကို တကယ်ပြောတာနော်"

ရှောင်းရိက ခေါင်းညိတ်ပြလိုက်သည်။





"တစ်ခုတော့ ရှိတယ် အစ်ကို။ ညီမလေး မာလျှန်းလျှန်း ဟာ ကလေးဆန့်ပေမယ့် မာနကြီးတယ်။ သူ့အတွက် မလွှဲ မကင်းသာ တာဝန်ယူရတယ်ဆိုရင် သူ လက်ခံမှာ မဟုတ် ဘူး"

"မလွှဲမကင်းသာ တာဝန်ယူမှာ မဟုတ်ပါဘူး။ အစ်ကိုက သူ့အပေါ် သံယောဇဉ်ရှိပါတယ်။ နတ်မိမယ်ရုပ်တု နှစ်ခု ဝယ်ရမယ့် အနေအထားမျိုးရှိနေလို့ အစ်ကို့စိတ် ထိန်းပြီး နေ နေတာပါ"

ရှောင်းရိ၏ စကားအဆုံးတွင် လင်းလင်း ပြုံးလိုက်သည်။

မျက်ရည်ရောင်တောက်နေသော မျက်လုံးအစုံဖြင့် ရှောင်းရိ အား ကြည့်၍....

"နတ်မိမယ်ရုပ်တု တစ်ရုပ်ပဲဝယ်ပါ အစ်ကို။ အဲဒီတစ်ရုပ် ညီမလေးကိုပဲ ပေးလိုက်ပါ"

*

## အခန်း (၉)

မြို့စားကြီးနှင့် စကားပြောနေသဖြင့် အချိန်ကုန်သွားသည်ကို မသိလိုက်။

အိပ်ရာဝင်ရန် အိမ်ခန်းထဲသို့ ဝင်ချိန်ကျမှ ညသန်းခေါင်ကျော်ပြီ ဖြစ်ကြောင်း ရှောင်းရီ သိလိုက်သည်။

သူ အိပ်ရာပေါ် လှဲချလိုက်စဉ်မှာပင် အပြင်ဘက်မှ အော်သံ ဟစ်သံ ပြေးလွှားလှုပ်ရှားသံများ ပေါ်လာသည်။

ရှောင်းရီသည် အိပ်ရာပေါ်မှ ခေါက်ခနဲ ထထိုင်လိုက်သည်။

အပြင်ဘက်မှ အသံဗလံများကို နားစွင့်ရင်း ပြတင်းပေါက်ရှိရာသို့ လျှောက်ခဲ့သည်။

ပြတင်းပေါက်ကို ဖွင့်လိုက်ပြီးနောက် အပြင်ဘက်သို့ လှမ်းကြည့်သည်။





အပြင်ဘက်တွင် ပြေးလွှားလှုပ်ရှားနေသည့် လူရိပ်သဏ္ဍာန်များကို တွေ့ရသည်။

ပြေးလွှားနေသူများမှာ ဝတ်စုံပြာဝတ်ဆင်ထားသည့် စံအိမ်စောင့် ကင်းသမားများ ဖြစ်သည်။

သူတို့၏ လှုပ်ရှားပုံက ကြီးမားသော အန္တရာယ် တစ်ခုကို ကာကွယ်ရန် ပြင်ဆင်နေပုံပေါ်နေ၏။

ရှောင်းရီသည် ပြတင်းပေါက်အနီးတွင် ရပ်ပြီး အပြင်သို့ ထွက်ရန် သင့် မသင့် ချိန်ဆနေသည်။

အခြေအနေကြည့်နေခြင်းက အကောင်းဆုံးဟု ဆုံးဖြတ်ပြီး သူက မလှုပ်ရှားတော့ဘဲ ပြတင်းပေါက်အနီးတွင် ရပ်မြဲရပ်နေသည်။

အပြင်ဘက်မှ သံဗလံများ ပို၍ ဆူညံလာသည်။

စူးရှသော လေချွန်သံများကို နေရာအနှံ့မှ ကြားရ၏။

အချက်ပေးခေါင်းလောင်းသံက ညဥ့်ယံကို လှုပ်နှိုးလိုက်သလို ပေါ်လာသည်။

ရှောင်းရိသည် ပွဲကြည့်သူတစ်ယောက်ပမာ အပြင်ဘက်မှ လှုပ်ရှားမှုများကို ရပ်ပြီး ကြည့်မြဲ ကြည့်နေသည်။

သူကြည့်နေစဉ်မှာပင် ခပ်ဝေးဝေးမှ အေးစိမ့်သော ရယ်သံ တစ်သံ ပေါ်လာသည်။

ရယ်သံက စံအိမ်ဝင်းအနှံ့အပြားတွင် ပေါ်ထွက်နေသော အသံဗလံများကို လွှမ်းမိုးဖုံးအုပ်သွား၏။

အေးစိမ့်စိမ့်ရယ်သံမှာ အတွင်းအားမြင့်မားသူတစ်ယောက်၏ ရယ်သံဟု ရှောင်းရိ သိလိုက်သည်။

ရယ်သံမှာ တရိပ်ရိပ်ထနေသော လှိုင်းပမာ အဆက်မပြတ် ပေါ်ထွက်လာပြီး တဖြည်းဖြည်း နီးလာ၏။

ခြံဝင်းအတွင်း၌ ပေါ်ထွက်နေသော ဆူဆူညံညံအသံဗလံ အားလုံး ရပ်ဆိုင်းကုန်သည်။

မရှေးမနှောင်းမှာပင် အေးစိမ့်စိမ့် ရယ်သံ ပေါ်လာပြီး စံအိမ်ဝင်းအတွင်းသို့ အဖြူရောင်အရိပ်တစ်ရိပ် ခုန်ပျံ ရောက်ရှိလာသည်။

ရွှေတောင်ပံ သိန်းငှက် (ဒု-ဇာတ်သိမ်းပိုင်း) ၄၂၇

ဖြူဖွေးတောက်ပသော ပိုးသားဝတ်စုံကို ဝတ်ဆင်ထားသူသည် နေရာအနှံ့အပြားသို့ ခုန်ပျံပြေးလွှားပြီး အပြာရောင်ဝတ် စံအိမ်စောင့် သိုင်းသမားများအား တိုက်ခိုက်သည်။

ရှောင်းရိသည် အဖြူရောင် ဝတ်စုံရှင်၏ လှုပ်ရှားမှုကို မျက်တောင်မခတ်တမ်း ကြည့်နေ၏။

ထိုသူ၏ သိုင်းပညာမှာ ထက်မြက်လွန်းပြီး ကိုယ်ဖော့ပညာ ကောင်းလွန်းကြောင်း သိလိုက်ရ၏။

အဖြူရောင် ဝတ်စုံရှင်၏ လှုပ်ရှားမှုသည် လျင်မြန်လွန်းသဖြင့် ခုန်ပျံပြေးလွှားသည်နှင့် မတူဘဲ လေထဲတွင် ပျံဝဲနေသကဲ့သို့ ထင်မှတ်ရသည်။

သူက မျက်နှာချင်းဆိုင် တွေ့သမျှ အိမ်တော်စောင့် သိုင်းသမားများအား လျှပ်ပြက်သလို တိုက်ခိုက်ပြီး စံအိမ်ဝင်း အပြင်ဘက်သို့ ခုန်ထွက်လိုက်သည်။

မရှေးမနှောင်းမှာပင် အေးစိမ့်စိမ့်ရယ်သံနှင့်အတူ ဝီခေါ် သွားသည့် အသံတစ်သံ ပေါ်လာသည်။

လေထဲတွင် ငှက်တစ်ကောင်နှင့်တူသော အရာတစ်ခု ပျံဝဲလာပြီး စံအိမ်နံရံကို လာရောက်ထိမှန်သည်။

ကြားနေရသည့် အေးစိမ့်စိမ့် ရယ်မောသံ တဖြည်းဖြည်း ဝေးပြီး တိုးတိတ် ပျောက်ကွယ်သွားသည်။

စံအိမ်ဝင်းအနှံ့အပြားတွင် မီးရောင်တွေလင်းလက်လာပြီး ထိမ်ပျံ့ကုန်းချို အမူးပြုသော လက်ရွေးစင် သိုင်းသမားများ လှုပ်ရှားသွားလာနေကြသည်ကို တွေ့ရ၏။

ရှောင်းရှိသည် ပြတင်းပေါက်အနီးတွင် ရပ်နေရာမှ အပြင်ဘက်သို့ လှစ်ခနဲ ခုန်ထွက်လိုက်သည်။

သူက မီးတုတ်ကိုင်ပြီး ပြေးလာသော ခါးစကြာ ဟုန်ရင် နှင့် မျက်နှာချင်းဆိုင်မိသွား၏။

ခါးစကြာဟုန်ရင်က ပြေးနေသည့် ခြေလှမ်းများကို ရပ်လိုက်သည်၊

ရှောင်းရှိအား တစ်ချက်လှမ်းကြည့်ပြီး....

"စံအိမ်ဝင်းထဲကို ရန်သူဝင်မွှေသွားတယ်"

"ရန်သူဝင်လာတာ အိမ်တော်စောင့်တွေကိုတိုက်ခိုက်စာ ပြီးတော့ ပြန်ထွက်သွားတာ အားလုံးကို ကျွန်တော် မြင်ပါ တယ်၊ ကျွန်တော် အပြင်ထွက်လိုက်ရင် လူမှားသွားမှာစိုးလို့



မထွက်ဘဲ နေနေရတယ်။ ဝင်လာတဲ့ ရန်သူဟာ ဘယ်သူလဲ ဆိုတာ အစ်ကိုတို့ သိပြီလား"

"မသိသေးဘူး။ ပညာအဆင့်မြင့်မားတဲ့ သိုင်းသမားတစ် ယောက် ဆိုတာလောက်ပဲ ခန့်မှန်းလို့ရတယ်"

"သိုင်းပညာ အဆင့်မြင့်တာတော့ အမှန်ပဲ၊ ကျွန်တော် တို့ သုံးလေးယောက် ဝိုင်းတိုက်ရင်တောင် သူ့ကို နိုင်ဖို့ မလွယ်ဘူး"

"သူ ဘယ်သူလဲဆိုတာ သိဖို့အရေးကြီးတယ်၊ ဒါလောက် အတင့်ရဲပြီး ရမ်းကားတဲ့လူဟာ ဘယ်သူလဲ မသိဘူး"

"သူ အပြင်ကို ပြန်ပြေးထွက်သွားပြီးတော့ တစ်ခုခု လှမ်း ...စ်လိုက်ပုံရတယ်၊ အိမ်နံရံကို သူပစ်လိုက်တဲ့ လက်နက် က ထိမှန်တယ်"

ခါးစကြာက မီးတုတ်ကို မြှောက်ကိုင်ပြီး စံအိမ်ဘေး ပတ်လည်ကို ကြည့်သည်၊

"ဟော....ဟိုမှာ"

ရှောင်းရှိက စံအိမ်နံရံကို လက်ညှိုးထိုးပြသည်။

ဓားစကြာဟန်ရင်က မီးတုတ်ကို ကိုင်မြှောက်ပြီး ကြည့်၏၊

မီးရောင်တို့ နံရံ၌ စိုက်ဝင်လျက် တြိဂံဆန်သော အရွက်တော့ လှုပ်ယမ်းနေသည့် အလံတစ်ခုကို တွေ့လိုက်ရသည်၊

"ဟင်....ဒါ ရွှေတောင်ပံ သိန်းငှက် အမှတ်အသား အလံပဲ"

"သေချာရဲ့လား အစ်ကို"

"သေချာပါတယ်။ သူ့ အမှတ်အသား အလံက အခုလို ပုံမျိုးပဲ"

ရှောင်းရိက အလံ စိုက်ဝင်နေရာသို့ လှမ်းကြည့်ပြီး ခြေတစ်ချက် ဆောင့်၍ ခုန်လိုက်သည်။

သူ၏ ခန္ဓာကိုယ် အပေါ်သို့ ရိပ်ခနဲ မြောက်တက်သွား၏၊

သူက နံရံတွင် စိုက်ဝင်နေသော အလံရိုးကို ဆွဲနုတ်ဆုပ်ကိုင်ပြီး အောက်သို့ ပြန်ခုန်ဆင်းသည်၊

"ဒီမှာကြည့်"

ရှောင်းရိက ဓားစကြာအား ပေးရင်း သူ ကိုင်ထားသည့် အလံကို ဖြန့်ကြည့်လိုက်သည်၊





အလံမှာ အနက်ရောင်ဖြစ်ပြီး ရွှေတောင်ပံများ ပါသော သိန်းငှက်တစ်ကောင် ပျံဝဲနေပုံကို ရေးဆွဲထားသည်။

"ဒါ.... ရွှေတောင်ပံ သိန်းငှက်ရဲ့ အမှတ်အသား အလံအစစ်ပဲ။ သူ ကျန်းနန်ကို ရောက်လာပြီး စံအိမ်ထဲထိ ကျူးကျော် ဝင်လာခဲ့ပါလား။ ဒီအကြောင်း မြို့စားကြီးကို အမြန်ဆုံး အကြောင်းကြားမှ ဖြစ်မယ်။ ရွှေတောင်ပံ သိန်းငှက်ဟာ နောက် တစ် ကြိမ် ဆိုရင် အခုထက်ပိုပြီး သောင်းကျန်းမှာ သေချာနေတယ်"

*

ကျန်းနန်မြို့စား၊ ခြူတွားဘွား၊ ရှောင်းရိ၊ မာလုံးနှင့် လက်ရွေးစင် သိုင်းသမားခေါင်းဆောင် တိမ်ပျံကုန်းချီတို့ ညှိခန်းဆောင်တွင် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

သူတို့ရှေ့ရှိ စားပွဲပေါ်တွင် ရွှေတောင်ပံ သိန်းငှက်ပုံ ပါသော အလံကို ချထား၏။

"ရွှေတောင်ပံသိန်းငှက် ညကစံအိမ်ဝင်းထဲဝင်ပြီး ရမ်းကားသွားတာဟာ သူ ကျန်းနန်နယ်ကို ရောက်နေပြီလို့ သတိပေးသွားတာပဲ။ သူဟာ ကျန်းနန် တစ်နယ်လုံး တုန်လှုပ်အောင် ဆက်ပြီး ရမ်းကားလိမ့်မယ်။ ကျုပ် အုပ်ချုပ်တဲ့ နယ်မြေမှာ အခုလို လာရမ်းကားတာကို ကျုပ် လက်မခံနိုင်ဘူး။ သူ့ကို အမိအရဖမ်းဖို့ ကြိုးစားရမယ်"

မြို့စားကြီး၏ အသံက ခိုင်မာပြတ်သားစွာ ပေါ်လာသည်။

သူ၏ မျက်နှာမှာ ဆုံးဖြတ်ချက် ချထားပြီးဟန် တင်းမာတည်ကြည်နေ၏။

"ဆရာ ကုန်းချီ၊ စံအိမ်ဝင်းထဲမှာ အစောင့်နှစ်ဆတိုးပြီး ချထားပါ၊ လူဆိုးထိန်း တပ်သားတွေကို မြို့ထဲလွှတ်ပြီး ဖြန့်ချထားပါ၊ စံအိမ်ဝင်းထဲမှာ ယန္တရားတွေနဲ့ ရွှေတောင်ပံ သိန်းငှက်ကို ထောင်ချောက်ဆင်ရမယ်၊ ဧည့်သည်တော်တွေဟာ အဆင့်မြင့် သိုင်းသမားတွေ ဖြစ်တဲ့အတွက် ကျုပ်ကို ကူညီဖို့ မေတ္တာရပ်ခံပါတယ်၊ ရွှေတောင်ပံ သိန်းငှက်ဟာ ရာဇဝတ်ကောင်ပဲ။ ဧည့်သည်တော်တွေအနေနဲ့ ရာဇဝတ်ကောင်ကို နှိမ်နင်းရာမှာ ကူညီချင်လိမ့်မယ် ထင်ပါတယ်"

"ရွှေတောင်ပံ သိန်းငှက်ကို တိုက်ခိုက်ဖို့ဆိုရင် ကျွန်တော် အစွမ်းကုန် ကူညီပါ့မယ်"





ရှောင်းရိုက စိတ်အားထက်သန်စွာ ပြောလိုက်သည်။

မာလုံးကလည်း အားတက်သရော ပံ့ပိုးနှင့်....

"ကျွန်တော်ကလဲ ကူညီမယ်ဆိုတာ ကတိပေးပါတယ်"

"ကျုပ်ကကော ကတိပေးရဦးမှာလား။ ရန်သူကို တိုက်ခိုက်ဖို့ အတွက် ကျုပ် အဆင်သင့်ပါပဲ"

"ခြူဘွားဘွား၏ အသံက တည်ငြိမ်စွာ ပေါ်လာသည်။

မြို့စားကြီးမှာ စိတ်ချမ်းသာသွားဟန်ဖြင့် သက်ပြင်း တစ်ချက် ချပြီး....

"ကျုပ်ကို ဝိုင်းဝန်းကူညီမယ်ဆိုတဲ့အတွက် ဝမ်းသာပါတယ်။ ကျုပ် အခု စံအိမ်ထဲမှာ ယန္တရား ဆင်ပါမယ်၊ ရွှေတောင်ပံ သိန်းငှက်ဟာ ဘယ်လောက်ပဲ အစွမ်းထက်ထက် ယန္တရားတွေကိုတော့ ကျော်လွှားနိုင်မှာ မဟုတ်ပါဘူး"

မြို့စားကြီးက အားနှင့် မာန်နှင့် ပြောနေဆဲတွင် လေထဲသို့ တစ်စုံတရာ ဖြတ်သန်းလာသံကို ကြားရ၏။

တစ်ဆက်တည်းပင် ခေါးပျံတစ်လက် အခန်းပြတင်းပေါက်မှ ဖြတ်သန်းပြီး စားပွဲပေါ် လာစိုက်သည်၊

F.28



လွင်စာပေ

စားပွဲပေါ် ထိုက်နေသည့် ဓားကိုကြည့်ပြီး မြို့စားကြီး၏ မျက်နှာ တင်းခနဲ ဖြစ်သွား၏။

ရှောင်းရိသည် နေရာမှထပြီး စားပွဲကို လက်ဖြင့်ထောက်၍ အပြင်ဘက်သို့ ခုန်ထွက်လိုက်သည်။

သူ၏ ခန္ဓာကိုယ်သည် မီးခိုးငွေ့တန်းပမာ ပြတင်းပေါက်နှင့် တည့်တည့်တွင်ရှိသော သစ်ပင်ပေါ် သို့ ရောက်သွား၏။

သူက သစ်ပင်ပေါ်မှနေ၍ ပတ်ဝန်းကျင်ကို ကြည့်သည်၊

စံအိမ်ဝင်း အုတ်တံတိုင်းကိုကျော်ပြီး ပြေးလွှားနေသူကို တွေ့ရသဖြင့် သစ်ပင်ပေါ်မှ ခုန်ဆင်းပြီး ပြေးလိုက်သည်၊

ရှေ့မှ ပြေးလွှားနေသူ၏ ကိုယ်ဖော့ပညာမှာ ကောင်းမွန်လှသည်ကို နောက်မှ ပြေးလိုက်ချင်းနှင့် ရှောင်းရိ သိလိုက်သည်၊

သူက ထိုသူအား မီစေရန် အားကုန်ထုတ်ပြီး ပြေးသည်၊

ရှေ့မှ ပြေးနေသူနှင့် တဖြည်းဖြည်း နီးလာသည်။

ရှေ့မှ ပြေးနေသူသည် မိန်းကလေးတစ်ယောက် ဖြစ်ပြီး သူ့နောက်သို့ လိုက်လာသော ရှောင်းရိအား တစ်ချက်လှည့်





ကြည့်၍ အဆောက်အအုံပျက်ကြီးရှိရာ ခြံဝင်းအတွင်းသို့ ပြေးဝင်သွားသည်။

ရှောင်းရိက ခြံဝင်းအတွင်းသို့ လိုက်ပြီး ပြေးဝင်သည်။

ခြံဝင်းကျယ်ကြီးအတွင်း လူသူ အရိပ်အယောင် မတွေ့ရဘဲ ငြိမ်သက်နေသည်ကို တွေ့ရ၏။

ရှောင်းရိသည် အဆောက်အအုံပျက်ရှိရာသို့ တန်းတန်းမတ်မတ် ပြေးခဲ့သည်။

အဆောက်အအုံပျက်ရှေ့သို့ အရောက်တွင် တစ်ချက်မျှ ကခြေအနေကြည့်ပြီး အတွင်းသို့ ခုန်ဝင်လိုက်သည်။

"ယား"

မာန်သွင်းအော်ဟစ်သံနှင့်အတူ မြို့စားစံအိမ်မှ ထွက်ပြေးလာသည့် မိန်းကလေးက ရှောင်းရိအား လျှပ်တစ်ပြက် ဝင်ရောက် တိုက်ခိုက်သည်။

သူက မိန်းကလေး၏ တိုက်ခိုက်မှုကို ပွတ်ကာ သီကာ ရှောင်သည်။

လက်ဝါးရိုက်ချက်များ မထိသော်လည်း ပြင်းထန်သော လေအရှိန် ဟပ်ခြင်းကို ခံလိုက်ရ၏။

ရှောင်းရိထည် သိုင်းစွမ်းအား မြင့်မားသူနှင့် သူ ရင်ဆိုင် နေရကြောင်း နားလည်လိုက်သည်၊

ထို့ကြောင့် ပေါ့ပေါ့ဆဆ သဘောမထားဘဲ မိန်းကလေး ၏ တိုက်ခိုက်မှုကို ရှောင်တိမ်းသည်။

သိုင်းကွက် နှစ်ဆယ်ကျော်လာသည်ထိ သူက ပြန်လည် တိုက်ခိုက်ခြင်း မပြုဘဲ ရှောင်တိမ်းမြဲ ရှောင်တိမ်းနေ၏။

မိန်းကလေးသည် ရှောင်းရိက ရှောင်တိမ်းရုံ ရှောင်တိမ်း နေခြင်းအတွက် မကျေမနပ် ဖြစ်လာပုံရသည်။

သူ၏ တိုက်ခိုက်မှုသည် ပို၍ ကြမ်းတမ်းလာ၏။

"ရှင်က ကျွန်မကို အထင်သေးလို့ ပြန်မတိုက်တာလား"

"မင်းကို ကျုပ် အဆင်မသေးပါဘူး။ မင်းနဲ့ ရန်သူမဖြစ် ချင်လို့ ပြန်မတိုက်တာပါ"

"ဟွန့်.... ကျွန်မက ရှင်နဲ့ မိတ်ဆွေ ဖြစ်နေရဦးမှာလား"





"မင်းဟာ ရွှေတောင်ပံ သိန်းငှက်ကို တိုက်ခိုက်ချင်နေတဲ့ သူမဟုတ်လား။ ကျုပ်ကလဲ သူ့ကို တိုက်ခိုက်ချင်နေတဲ့ လူပဲ။ ဆန္ဒချင်းတူတဲ့လူတွေ ဖြစ်ရဲ့သားနဲ့ မပူးပေါင်းဘဲ တစ်ယောက် ကို တစ်ယောက် ဘာဖြစ်လို့ ရန်လုပ်နေကြရမှာလဲ"

မိန်းကလေး တွေတွေဝေဝေ ဖြစ်သွား၏။

သူ၏ တိုက်ကွက် အားပျော့လာသည်။

မိန်းကလေး၏ တိုက်ကွက်များမှာ သူ၏ အဓိကသွေးကြော များဆီသို့ မရောက်ဘဲ ဘေးချော်ချော် ထွက်သွားတတ်သည် ကို ရှောင်းရိ သတိထားမိ၏။

"မင်းဟာ မာထိဝါးတို့ရဲ့ ခေါင်းဆောင်ဆိုတာ ကျုပ် သိတယ်။ ကျုပ်နဲ့ မာထိဝါး တစ်ယောက်နဲ့ တစ်ယောက် အကူအညီပေးကြဖို့ သဘောတူထားကြပါပြီ။ ခေါင်းဆောင် ဖြစ်တဲ့ မင်းကို သူက ဒီအကြောင်းတွေ မပြောဘူးလား"

မိ ကလေးက အတိုက်အခိုက်ရပ်ပြီး နောက်သို့ ခုန်ဆုတ် လိုက်သ ည်။

ရှော ပသော်လည်း ပြုံး ယ်ခြင်းမရှိ၊ လှုပ်ရှားခြင်း မရှိသော သကြီးဖြင့် ရှောင်းရိအား ကြည့်သည်။

"ရှင်က မိတ်ဆွေအဖြစ် လက်တွဲချင်တယ်ဆိုရင် ကျွန်မတို့ လက်တွဲဖို့ အသင့်ပါပဲ။ အခု ကျွန်မ ရွှေတောင်ပံ သိန်းငှက် ဟန်ဆောင်ပြီး ကျန်းနန်မြို့စားအိမ်ကို ဝင်မွှေတာ အကြောင်း ရှိပါတယ်....။

"ကျွန်မ ဒီလိုလုပ်လိုက်တဲ့အတွက် ရွှေတောင်ပံ သိန်းငှက် ဟာ ပုန်းနေရာက ထွက်လာမှာ သေချာတယ်။ ဘယ်သူက သူ့ဟန်ဆောင်ပြီး လုပ်ရှားနေသလဲဆိုတာ သိချင်မှာပဲ။ အဲဒီ အခါကျ သူ့ကို အသေအကြေ ရင်ဆိုင်မယ်လို့ ဆုံးဖြတ်ထား တယ်။ အမှန်တော့ သူဟာ အစွမ်းကောင်းလွန်းတဲ့လူ မဟုတ် ပါဘူး။ လူရှေ့ကို ထွက်မလာဘဲ လျှို့လျှို့ဝှက်ဝှက် လုပ်နေ လို့ သူ့ကို ကြောက်လန့်နေကြတာပါ"

"သူ့စွမ်းအား ဘယ်လောက် ရှိသလဲဆိုတာ ထိပ်တိုက် ရင်ဆိုင်မိမှပဲ သိရလိမ့်မယ် ထင်တယ်၊ ဒါထက် ညက မြို့စား စံအိမ်ကို ဝင်မွှေတာ ခင်ဗျားပဲလား"

"ဟုတ်ပါတယ်။ ကျွန်မ အိမ်စောင့် သိုင်းသမားတွေကို အကြောပိတ်ရုံပိတ်ပြီး ပြန်ထွက်ပြေးခဲ့ပါတယ်"

"ရွှေတောင်ပံ သိန်းငှက် အလံကို ဘယ်က ရတာလဲ"

"အဲဒါ ရွှေတောင်ပံ သိန်းငှက်ရဲ့ ပစ္စည်းအစစ်ပါ။ ခိုင်ဖုံ သူဌေးကြီး အိမ်ကနေ ကျွန်မ ရထားတာ"





ရှောင်းရိက မိန်းကလေး၏ မျက်နှာကို ကြည့်ပြန်၏။

မိန်းကလေး၏ မျက်နှာမှာ ပည်သည့်ခံစားချက်ကိုမှ မထင် သဖြင့် သူ အံ့သြသွားသည်။

ထို့ကြောင့်ပင် သူက မိန်းကလေးအား စေ့စေ့စပ်စပ် ကြည့်သည်။

သူမြင်နေရသည့် မျက်နှာမှာ မိန်းကလေး၏ ပင်ကိုယ် မျက်နှာမဟုတ်။

အရေပြားပါးပါး ဖုံးအုပ်ထားသော မျက်နှာတု ဖြစ်နေ ကြောင်း သူ သိလိုက်လေ၏။

"ကျုပ် မင်းနောက်ကို လိုက်လာတာ ကြာသွားပြီ၊ မြို့စား စံအိမ်ကို ပြန်ဦးမယ်။ ကျုပ်တို့ မိတ်ဆွေဖြစ်ကြပြီဆိုရင် မင်း နာမည်ကို သိပါရစေ"

"ကျွန်မကို လျှို့ဝှက်မိန်းကလေးအဖြစ်ပဲ သိထားပါရှင်"

"ကောင်းပါပြီ။ မိတ်ဆွေအဖြစ်နဲ့ ကျုပ်တို့ ပြန်တွေ့ကြ တာပေါ့"

စကားအဆုံးတွင် ရှောင်းရိက ပခုံးတစ်ချက်လှုပ်ပြီး ခုန်ထွက်သည်။

သူ၏ ခန္ဓာကိုယ် အဆောက်အအုံပျက် အပြင်သို့ ပျံဝဲလျက်ထွက်လာလေ၏။

*



## အခန်း (၁၀)

မြို့စားစံအိမ် ညှော်ခန်းဆောင်တွင် ထိုင်နေသူများအား အခြေအနေမပျက် တွေ့ရသည်။

ရှောင်းရိက ညှော်ခန်းထဲသို့ ဝင်လိုက်ပြီး....

"ညှော်ခန်းဆောင်ထဲ ခါးပစ်သွင်းသွားတဲ့ လူဟာ ညက လာတဲ့လူနဲ့ အဆက်အစပ် ရှိလိမ့်မယ်။ သူ့ရဲ့ ကိုယ်ဖော့ပညာဟာလဲ ညက လူလိုပဲ သိပ်ကောင်းတယ်၊ ကျွန်တော် သူ့နောက်ကို လိုက်ရင်း မြို့ထဲကိုရောက်တော့ မျက်ခြည်ပြတ်သွားတယ်။ သူ့ဆီက ဟောဒီပစ္စည်း ကျကျန်ခဲ့လို့ သိမ်းယူလာခဲ့တယ်"

ရှောင်းရိက သားရေဖြင့် ပြုလုပ်ထားသော ခါးမြှောင်အိမ်ကို စားပွဲပေါ်တင်ပေးရင်း ပြောလိုက်သည်။

မာလုံးက ခါးမြှောင်အိမ်ကို ဖျတ်ခနဲ ဆွဲယူကြည့်သည်။

ဓားအိမ်ပေါ်တွင် တောင်ပံနှစ်ဖက် ရွှေရောင်တောက်နေသော သိန်းငှက်တစ်ကောင်ပုံကို တွေ့သည်နှင့်....

"ဓားအိမ်ပေါ်မှာ ရွှေတောင်ပံ သိန်းငှက်ပုံ ပါတယ်၊ ဓားအိမ်ဟာ အခန်းထဲ ပစ်သွင်းတဲ့ ဓားမြှောင်ထည့်တဲ့ ဓားအိမ်ပဲ"

မာလုံးက စားပွဲပေါ်တွင် စာရွက်တစ်ရွက်နှင့်အတူ တင်ထားသော ဓားမြှောင်ကို ယူပြီး ဓားအိမ်ထဲ ထည့်ကြည့်သည်၊

ဓားမြှောင်မှာ ဓ အိမ်နှင့် အံကိုက်ဖြစ်နေ၏။

"ဒီစာရွက်က ဓားမြှောင်နဲ့အတူ ပါလာတာလား"

"ဟုတ်တယ်၊ ရွှေတောင်သိန်းငှက်ရဲ့ သတိပေးစာပဲ"

ရှောင်းဇို က စားပွဲပေါ်တင်ထားသည့် စာကို ယူကြည့်လိုက်သည်။

စာ ပေါ်မှ စုတ်တံကြီးကြီးဖြင့် ခပ်သော့သော့ ရေးထား သည့် စာကို တွေ့လိုက်ရ၏။

ကျုပ်ရောက်လာပြီ....

ရွှေတောင်ပံသိန်းငှက်



ခပ်ဟိုတိုရေးထားသော စာ၏ အောက်ခြေတွင် ရွှေရောင်တောင်ပံနှစ်ဖက် ဖြန့်ထားသော သိန်းငှက် တစ်ကောင်ပုံကို ရေးဆွဲထားသည်။

"ရွှေတောင်ပံသိန်းငှက်ရဲ့ လုပ်ရိုးလုပ်စဉ် အတိုင်း ပါပဲ၊ ဒါဟာ ပထမဆုံး သတိပေးစာ။ ဒုတိယအကြိမ် သူ့ တောင်းဆိုချက်စာ ရောက်လာလိမ့်ဦးမယ်။ နောက်ဆုံးမှာ သူကိုယ်တိုင် ရောက်လာမှာပဲ"

"ကျွန်တော်တို့ အသင့်ပြင်ဆင်ပြီး စောင့်နေကြရုံပဲ ရှိပါတယ်။ ဒီတစ်ခါတော့ ရွှေတောင်ပံသိန်းငှက် လွတ်မသွားအောင် ဝိုင်းပြီး တိုက်ခိုက်ဖမ်းဆီးကြမှ ဖြစ်မယ်"

မြို့စားကြီးက တစ်စုံတစ်ရာ ပြောမည်ပြင်၏။

ထိုအချိန်မှာပင် အပြင်ဘက်မှ တံခါးခေါက်သံ ပေါ်လာသည်။

"ဘယ်သူလဲ"

"ကျွန်တော် ဟုန်ရင်ပါ။ ကျွန်းနန်သူဌေးကြီး ပိုင်ယွင်ရဲ့ ဘဏ္ဍာစိုးကြီး ရောက်နေပါတယ်။ မြို့စားကြီးနဲ့ ဧည့်သည်တွေကို လာပြီး ဖိတ်ခေါ်တာလို့ ပြောပါတယ်"

"သူ့ကို ခေါ်ခဲ့ပါ"

"ဟုတ်ကဲ့"

အပြင်ဘက်မှပြန်လျှောက်သွားသည့်ခြေသံကိုကြားရသည်၊

တစ်ခဏအကြာတွင် ခြေသံ ပျောက်သွား၏။

"ပိုင်ယွင်က ကျုပ်တို့ကို ဖိတ်ခေါ်တယ်ဆိုတာ ဘာကိစ္စရှိလို့လဲမသိဘူး၊ ရွှေတောင်ပံသိန်းငှက်က သူ့ကိုပါ အနှောင်အယှက် ပေးနေပြီထင်တယ်။ ညှေ့သည်တွေကိုပါ ဖိတ်လိုက်တယ်ဆိုတာ နည်းနည်းတော့ ဆန်းနေတယ်"

မြို့စားကြီးက ဝေခွဲမရဟန်ဖြင့် ပြောနေစဉ်တွင် အပြင်ဘက်မှ လျှောက်လာသော ခြေသံများကို ကြားရ၏။

ခြေသံများသည် ညှေ့ခန်းဆောင် တံခါး အနီးတွင် ရပ်သွားသည်။

"ဝင်ခဲ့ပါ"

တံခါးခေါက်သံပေါ်မလာခင် မြို့စားကြီးက အသံမြှင့်ပြီး ပြောလိုက်သည်။



ညှေ့ခန်းဆောင် တံခါးပွင့်သွားပြီး ခါးစကြာဟုန်ရင်က ခရမ်းရောင် ဖဲသားဝတ်စုံဝတ်ဆင်ထားသူ တစ်ယောက်အား ညှေ့ခန်းထဲသို့ ခေါ်လာ၏။

ထိုသူမှာ သူဌေးကြီးပိုင်ယွင်၏ ဘဏ္ဍာစိုးကြီးပင် ဖြစ်သည်။

ဘဏ္ဍာစိုးသည် မြို့စားကြီးရှေ့တွင် ခပ်ရို့ရို့ ရပ်လိုက်ပြီး အနီရောင် ဖိတ်စာတစ်စောင်ကို ပေးသည်၊

မြို့စားကြီးက ဖိတ်စာကို တစ်ချက်ကြည့်လိုက်ပြီး....

"ခုချက်ချင်း ဖိတ်စာပို့.... ကျုပ်တို့က ခုချက်ချင်း လိုက်ခဲ့ရမှာလား"

"ညှေ့ခံပွဲကို အစီအစဉ်မရှိဘဲ ဗြုန်းစားကြီး လုပ်မှာမို့ အခုလို အလောသုံးဆယ် ဖိတ်လိုက်ရတာလို့ သူဌေးကြီးက မှာလိုက်ပါတယ်။ မြို့စားကြီးနဲ့ ညှေ့သည်တော်တွေကို ခေါ်ဖို့အတွက် မြင်းလှည်းပါ ပါလာတယ်"

"ကျုပ်တို့ဘာသာ ကျုပ်တို့ လာခဲ့ပါမယ်၊ သူဌေးကြီးဟာ လျို့လျို့ဝှက်ဝှက် ပိပိရိရိ လုပ်ကိုင်တတ်တဲ့လူမို့ သူ့ညှေ့ခံပွဲကို ကျုပ် စိတ်ဝင်စားပါတယ်"

"ကျွန်တော် ဒီအကြောင်း သူဌေးကြီးကို ပြန် အစီရင်ခံလိုက်ပါမယ်။ ညှော်ခံပွဲက မြို့စားကြီးလာမှ စ ပါလိမ့်မယ်"

"ကျုပ်တို့ အမြန်ဆုံးလာခဲ့ပါမယ်"

ဘဏ္ဍာစိုးက မြို့စားကြီးအား ဂါရဝပြုလိုက်သည်။

ပြီး.... ဟုန်ရင်နှင့်အတူ ညှော်ခန်းဆောင်မှ ထွက်ခွာသွား၏၊

ဘဏ္ဍာစိုးထွက်သွားသည်နှင့် မြို့စားကြီးသည် နေရာမှ ထလိုက်ပြီး ရှောင်းရိတို့အား လှမ်းကြည့်၍....

"သူဌေးကြီးပိုင်ယွင်ဟာ ညှော်ခံပွဲတစ်ခုကို အလကားသက်သက် မလုပ်ဘူး။ သူ့မှာ ထူးခြားတဲ့ အကြောင်းအရာရှိလိမ့်မယ်။ ညှော်ခံပွဲက ဗြုန်းစားကြီးလုပ်တဲ့ပြင် ညှော်သည်တွေကိုပါ ဖိတ်တယ်ဆိုတော့ ထူးခြားမှာ အမှန်ပဲ။ တူမောင်တို့ ကျုပ်နဲ့အတူ ညှော်ခံပွဲသွားဖို့ ပြင်ဆင်ပါ"

"ပြင်ဆင်စရာ မလိုပါဘူး။ အခုအတိုင်း ထလိုက်ရုံပါပဲ၊ ကျွန်တော်တို့ အထင်သင့်ရှိပါတယ်"

*





သူဌေးကြီးပိုင်ယွင်၏ အိမ်မှာ မြို့စားစံအိမ်ထက်ပင် ကြီးကျယ် ခန့်နားနေ၏။

မြို့စားကြီး၏ မြင်းလှည်းပေါ်တွင် လိုက်ပါလာသော ရှောင်းရိက သူဌေးကြီး၏ အိမ်ဂေဟာကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်ရှုသည်၊

မြင်းလှည်းသည် ပန်းခင်းများအလယ်ရှိ လမ်းအတိုင်း ဖြတ်ဝင်ခဲ့ပြီး ကျောက်ဖြူနှင့်ဆောက်လုပ်ထားသည့် အိမ်ကြီးရှေ့တွင် ရပ်လိုက်သည်၊

ခရမ်းရောင် ဖဲသားအင်္ကျီဝတ်ဆင်ထားသော ဘဏ္ဍာစိုးကြီးက အိမ်ရှေ့မှ ကြိုနေသည်။

မြင်းလှည်းပေါ်မှ ဆင်းလာသော မြို့စားကြီးတို့အားတွေ့သည်နှင့် ခါးညွတ် အရိုအသေပေးပြီး....

"ကြွပါခင်ဗျာ.... ဧည့်သည်တွေ စုံလင်နေပါပြီ၊ မြို့စားကြီးတို့ပဲ ကျန်ပါတော့တယ်"

"ကျုပ်တို့ သိပ်မကြာဘူး ထင်ပါတယ်"

"မကြာပါဘူး ခင်ဗျာ။ မကြာပါဘူး၊ မြို့စားကြီးတို့ ရောက်လာတာ သိပ်မြန်ပါတယ်"

ဘဏ္ဍာစိုးက မြို့စားကြီးအား အိမ်ထဲသို့ ဝင်သာအောင် လမ်းဖယ်ပေးသည်။

မြို့စားကြီးက လင်းလင်းနှင့်အတူ အိမ်ထဲသို့ ဝင်၏။

သူ့နောက်မှ ခြူဘွားဘွား၊ မာလုံးနှင့် ရှောင်းရိတို့လိုက်ခဲ့ကြသည်။

အိမ်အတွင်းသို့ဝင်သည်နှင့် ကြီးမားသော ဧည့်ခန်းဆောင် ရောက်သည်။

ဧည့်ခန်းဆောင်တွင် စားပွဲများ ချထားပြီး စားပွဲတိုင်းတွင် ဧည့်သည်များဖြင့် ပြည့်နေသည်။

ဘဏ္ဍာစိုးက စားပွဲတွေကြားမှဖြတ်ပြီး မြို့စားကြီးတို့အား ရှေ့ဆုံးတွင်ရှိသော စားပွဲကျယ်ကြီးဆီသို့ ခေါ်သည်။

ထိုစားပွဲကျယ်ကြီးတွင် သူဌေးကြီးပိုင်ယွင်၊ သူ့သမီး ပိုင်ရိဖုန်းနှင့် ရွှေမင်းသား တန်မင်းလီတို့ ထိုင်နေကြသည်။

သူတို့အားလုံးက မြို့စားကြီး ရောက်လာသည်နှင့် နေရာမှ ထပြီး ခရီးဦးကြို ပြုကြသည်။





သူဌေးကြီးပိုင်ယွင်က မြို့စားကြီးအား လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုပြီး....

"အခုလို မြို့စားကြီးကိုယ်တိုင် ကြွလာတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျုပ်ရဲ့ တူတော်မောင် ကျင်းလိန်မြို့စားသားက ဖြုန်းခနဲ ရောက်လာပြီး ဧည့်ခံပွဲလုပ်ဖို့ ချက်ချင်း စီစဉ်ရတာမို့ မြို့စားကြီးတို့ကို ကြိုတင် မဖိတ်နိုင်ခဲ့တာပါ"

"အဲဒါက အရေးမကြီးပါဘူး။ ဘာအထိမ်းအမှတ် ဧည့်ခံပွဲလဲဆိုတာပဲ သိချင်ပါတယ်။ သူဌေးကြီးက ထူးထူးခြားခြား လုပ်တတ်တဲ့လူ ဆိုတော့ ဒီဧည့်ခံပွဲကို ကျုပ် စိတ်ဝင်စားပါတယ်"

"ဟုတ်ကဲ့။ အခုပဲ ဒီဧည့်ခံပွဲအကြောင်း သိရမှာပါ မြို့စားကြီး။ ဒီကို ကြွပါ။ ဧည့်သည်တော်တွေလဲ ထိုင်ကြပါဗျာ၊ ရှောင်းရိဆိုတာ ဒီကတူမောင် ထင်ပါတယ်"

ရှောင်းရိက ပိုင်ရိဖုန်းနှင့် ရွှေမင်းသား တန်မင်းလီတို့အား တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်။ ကျွန်တော် ရှောင်းရိပါ"

f.29

"ကျုပ်ရဲ့ တူမောင် ကျောင်းလိန်မြို့စားသားက ရှောင်းရိကို ဖိတ်ခေါ်ပေးပါဆိုမှ ကျုပ်က တူမောင် မြို့စားကြီးဆီကို ဧည့်သည်အဖြစ် ရောက်နေတာ သိခဲ့ရတယ်။ တူမောင် ဒီမှာ ထိုင်ပါ"

ရှောင်းရိက သူဌေးကြီး ပိုင်ယွင် ညွှန်ပြသည့် နေရာတွင် ဝင်ထိုင်လိုက်သည်။

သူထိုင်လိုက်သည့် နေရာမှာ ဘေးချင်းယှဉ်လျက် ထိုင်နေသော ပိုင်ရီဖုန်းနှင့် ရှေမင်းသား တန်ဟင်းလီတို့၏ ရှေ့တည့်တည့်တွင် ဖြစ်နေ၏။

ရှေမင်းသားတန်မင်းလီက ရှောင်းရိကို စေ့စေ့ကြည့်ပြီး ပြုံးသည်။

ပိုင်ရီဖုန်းကမူ ရှောင်းရိအား မကြည့်၊ မျက်နှာ လွှဲထားလျက်က ပြုံးနေ၏။

ပိုင်ရီဖုန်းနှင့် တန်မင်းလီတို့၏ အမူအရာကြောင့် ရှောင်းရိ အနေရအထိုင်ရ ခက်နေဟန် ရှိသည်။

သူက ခံနိုင်ရည်ရှိသူ ဣန္ဒြေကြီးသူပီပီ နေထိုင်ရခက်ဟန် မပေါ်စေဘဲ မျက်နှာထားကို တည်ထားသည်။





"ဒီဧည့်ခံပွဲဟာ ကျုပ်ဘဝမှာ တစ်ခါပဲ ပြုလုပ်ရမယ့် ဧည့်ခံပွဲပါ။ ဧည့်ခံပွဲလုပ်ရတာက ဟောဒီ သမီးကြောင့်ပါပဲ။ ကျုပ်သမီး ပိုင်ရီဖုန်းကို ကျောင်းလိန်မြို့စားသား တန်မင်းလီနဲ့ လက်ထပ်ပေးဖို့ သဘောတူထားတာ ကြာပါပြီ....။

"ဒါပေမယ့် သမီး ခရီးလွန်နေတာနဲ့ အထမမြောက်ခဲ့ဘူး။ အခု သမီးပြန်ရောက်လာပြီး တန်မင်းလီလဲ ရောက်လာတော့ ကျုပ် မိတ်ဆွေကြီး ကျောင်းလိန်မြို့စားရဲ့ ဆန္ဒအရ သူတို့ကို အမြန်ဆုံး လက်ထပ်ပေးဖို့ စီစဉ်ရတာပါ"

သူဌေးကြီး ပိုင်ယွင်၏ စကားသံက ဧည့်ခန်းကျယ်ကြီး တစ်ခုလုံးသို့ ရှင်းလင်းပီသစွာ ပျံ့လွှင့်နေသည်။

ထိုစကားအပြတ်တွင် ပိုင်ရီဖုန်းက ရှောင်းရိအား ဖျတ်ခနဲ လှမ်းကြည့်၏။

နီဆွေးသော သူ၏ နှုတ်ခမ်းအစုံက ပြုံးနေသော်လည်း စူးလက်တောက်ပသော သူ၏ မျက်လုံးအစုံမှာ အေးစက်စက် အငွေ့တွေ ထင်နေသည်။

"ကျုပ်သမီးရဲ့ မင်္ဂလာဆောင်ကို ဗြုန်းစားကြီး စီစဉ်ရပေမယ့် ထူးထူးခြားခြား ဖြစ်စေချင်ပါတယ်။ အဲဒါကြောင့် မြို့စားကြီးကိုယ်တိုင် လက်ထပ်ပေးဖို့ ဖိတ်ခေါ်လိုက်တာပါပဲ။

သိုင်းလောကတစ်ခုလုံး ဒီမဂ်လာပွဲအကြောင်း သိသွားစေချင်လို့ တူမောင် ရှောင်းရိနဲ့ ခြူဘွားဘွားတို့ကိုပါ ဖိတ်ခေါ်လိုက်တာပါ....။

"မြို့စားကြီးက မင်္ဂလာစကားပြောပြီး လက်ထပ်ပေးပါ။ ပြီးတာနဲ့ မင်္ဂလာစားသောက်ပွဲ ကျင်းပပါမယ်။ ဧည့်သည်တော်အားလုံး စိတ်တိုင်းကျ စားသောက်နိုင်ကြပါတယ်။ လိုအပ်တာမှန်သမျှ စီစဉ်ပေးဖို့ ကျုပ်ရဲ့အမှုထမ်းတွေကို ညွှန်ကြားထားပါတယ်"

သူဌေးကြီးပိုင်ယွင်က စကားအဆုံးတွင် မြို့စားကြီးအား လက်ထပ်ပေးပါဆိုသည့် သဘောနှင့် ခေါင်းညွှတ်လိုက်၏။

မြို့စားကြီးက ချောင်းတစ်ချက်ဟန့်ပြီး ထိုင်နေရာမှထသည်။

သူက မင်္ဂလာစကား အနည်းငယ် ပြောပြီးနောက် တန်မင်းလီနှင့် ပိုင်ရီဖုန်းတို့ ရာသက်ပန် လက်တွဲသွားရန် စကားဆိုလျက် လက်ထပ်ပေးလိုက်သည်။

ထိုအချိန်မှာပင် သူဌေးကြီးပိုင်ယွင်၏ အမှုထမ်းများက ဗျောက်အိုးများကို ဆူညံသွားအောင် ဖောက်လိုက်၏။

အသင့်ခေါ်ထားသော တူရိယာပညာရှင်များက တူရိယာ ပစ္စည်းများကို တစ်ပြိုင်နက်တည်း တီးခတ်ကြသည်။





"အခု အစားအသောက်နဲ့ ဧည့်ခံပါမယ်။ အားလုံး ကိုယ်နှစ်သက်သလို စားသောက်ကြပါ။ အစားအသောက်နဲ့ အရက်တွေ ဧည့်သည်တော်တွေအတွက် အလျှံပယ် ရှိပါတယ်"

သူဌေးကြီးပိုင်ယွင်က လက်ခုပ်တစ်ချက် တီးလိုက်၏။

ဝတ်စုံဖြူဝတ်ဆင်ထားသော သူဌေးကြီး၏ အမှုထမ်းများက စားသောက်ဖွယ်ရာများကို စားပွဲတစ်ခုပြီး တစ်ခုသို့ လာချပေးသည်။

တစ်ခဏအတွင်းမှာပင် စားပွဲတိုင်း၌ စားသောက်ဖွယ်ရာများ ပြည့်သွား၏။

ရှောင်းရိသည် သူ့ရှေ့တွင်လာချပေးသော အရက်ကို မတို့မထိဘဲ အစားအသောက်များကိုသာ စတင် စားသောက်သည်။

စားသောက်နေရင်းတစ်ယောက်ကိုတစ်ယောက် အကြင်နာပိုလျက် အစားအစာ ခွံ့ကျွေးနေသော ပိုင်ရီဖုန်း တို့အား ကြည့်လိုက်၏။

ရှောင်းရိ ကြည့်မှန်းသိသည်နှင့် ပိုင်ရီဖုန်းက လွင်လွင်သာသာ ရယ်လိုက်သည်။

တန်မင်းလီက ပြုံးလျက် ရှောင်းရိအား လှမ်းကြည့်ပြီး....

"ပိုင်ရှီဖုန်း အိမ်ပြန်ရောက်နေပြီဆိုပြီး အကြောင်းကြားတဲ့အတွက် မိတ်ဆွေကို ကျေးဇူးတင်ပါတယ်။ သူ့ဘာသာသူ အိမ်ပြန်လာတာဖြစ်လို့ ကျုပ်အနေနဲ့ မိတ်ဆွေကို နောက်ထပ်ဘာမှ ပေးစရာမလိုတော့ဘူး ထင်ပါတယ်။ ပေးထားတဲ့ရွှေစင် အစိတ်နဲ့ ကျေနပ်လိုက်ပါ"

ရှောင်းရီက ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

ယခု ညှော်ခံပွဲအစီအစဉ်သည် ပိုင်ရှီဖုန်း၏ အစီအစဉ်ဖြစ်ရမည်ဟု သူ တွေးသည်။

ရင်ထဲတွင် နာကြည်းသွားမိသော်လည်း သူက ရယ်မောလိုက်ပြီး....

"ကျုပ် နောက်ထပ် ဘာမှ မလိုချင်တော့ပါဘူး။ မိတ်ဆွေတို့ ပျော်ရွှင်နေတာမြင်တော့ ရွှေစင်တစ်ပိဿာ ရတာထက်တောင် ကျုပ်က ပိုပြီး ဝမ်းသာမိပါတယ်။ ရထားတဲ့ရွှေစင်အစိတ်ကိုလဲ မိတ်ဆွေတို့ရဲ့ မင်္ဂလာပွဲအတွက် လက်ဖွဲ့အဖြစ် ပို့လိုက်ပါမယ်"

"ဟာ.... အဲသလို မလုပ်ပါနဲ့။ ဒါက...."

"ကျုပ်ရဲ့ လက်ဖွဲ့ပါ။ မိတ်ဆွေတို့ လက်မခံချင်ရင်လဲ လွှင့်ပစ်လိုက်လို့ ရပါတယ်။ အခုလို ကျုပ်ကို တကူးတက ဖိတ်





ခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကိစ္စလေးတစ်ခုရှိသေးလို့ ခွင့်ပြုပါဦး"

ရှောင်းရီက နေရာမှ ထပြီး အပြင်ဘက်သို့ လျင်မြန်စွာ ထွက်လိုက်သည်။

သူဌေးကြီးပိုင်ယွင်၏ အိမ်မှ ထွက်လာသော သူ့အသွင်သည် ကြည်နူး ပျော်ရွှင်ဟန်တွေ ထင်နေ၏။

*

## အခန်း (၁၁)

ရှောင်းရိသည် ရှင်ပျော်ပျော်စားသောက်ဆိုင်ဟု အမည်တပ်ထားသော ဆိုင်အတွင်းသို့ ဝင်လိုက်သည်။

သူက အရက်မှာရန် စဉ်းစားပြီးမှ မမှာတော့ဘဲ ရေနွေးကြမ်းတစ်အိုး ထမင်းနှင့် အသားကင် မှာလိုက်သည်။

မင်္ဂလာညှော်ခံပွဲတွင် အစားအသောက်ကို တို့သည်ဆိုရုံမျှ စားခဲ့သဖြင့် အူတကြွတ်ကြွတ်နှင့် ဆာနေသည်။

သူက အသားကင်နှင့် ထမင်းကို အားရပါးရစား၏။

ရှောင်းရိ ထမင်းစားနေစဉ်အတွင်း သူ့စားပွဲ အနီးသို့ လူတစ်ယောက် ချဉ်းကပ်လာသည်။

ထိုသူက စားပွဲအနီးတွင် ရပ်လိုက်ပြီး....

"လူမရှိရင် ကျုပ် ထိုင်ပါရစေ"





ရှောင်းရိက စားပွဲအနီးတွင် လာရပ်သူအား ဖျတ်ခနဲ မော့ကြည့်သည်။

ဖာထေးရာ ဗရပွနှင့်ဖြစ်သော အစိမ်းရောင် ဝတ်စုံဝတ်ထားသူအား တွေ့လိုက်ရ၏။

သူ၏ မျက်လုံးအစုံတွင် ထူးခြားသောအရောင် တစ်ချက်ဖျတ်ခနဲ လက်သွားပြီး ခေါင်းညိတ်ပြလိုက်သည်။

"ထိုင်ပါ"

ဝတ်စုံစိမ်းနှင့်လူကြီးက ရှောင်းရိနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်ပြီး ဟက်ခနဲ ရယ်လိုက်သည်။

"ဒီ တစ်ဆိုင်လုံးက လူတွေထဲမှာ မင်းဟာ သဘောအကောင်းဆုံးပဲ။ ကျုပ်ကို စားပွဲတိုင်းက သူတို့နဲ့အတူမထိုင်ဖို့ ပြောပြီး နှင်လွှတ်တယ်။ မင်းကျတော့ ကျုပ်လို သူတောင်းစား သာသာ လူတစ်ယောက်နှင့် အတူထိုင်ရမှာ ဝန်မလေးဘဲ ခေါင်းညိတ်ပြတယ်"

"အဘက သူတောင်းစားမို့လား"

"ကျုပ် သူတောင်းစား မဟုတ်ပါဘူး"

"ကျွန်တော်က သူတောင်းစားနဲ့အတူ ထိုင်ရမှာတောင် ဝန်မလေးဘူး၊ အဘနဲ့ထိုင်ရမှာ ဘာဖြစ်လို့ ဝန်လေးရမှာလဲ၊ အမှန်တော့ သူတောင်းစားလဲ လူပါပဲ။ ကျွန်တော်တို့ထက် ဘာမှ မလျော့ဘူး။ ကျွန်တော်တို့ကလဲ သူတို့ထက် ဘာမှမပိုဘူး"

"ဟား....ဟား.... ဟုတ်တယ်ဟေ့၊ မင်းက အမှန်အတိုင်း ပြောတတ်တဲ့ လူပဲ၊ ကျုပ်က မင်းလိုလူမျိုးနဲ့မှ မိတ်ဆွေဖြစ်ချင်တာ"

ဝတ်စုံစိမ်းနှင့်လူကြီးက ရယ်မောလျက်ပြောပြီး စားပွဲထိုးတစ်ယောက်အား ခေါ်၍ စားသောက်ဖွယ်ရာများ မှာသည်၊

ထိုလူကြီးမှာသော အစားအသောက်မှာ အမျိုးအမည်စုံပြီး ဈေးကြီးသော အစားအစာများသာ ဖြစ်၏။

"တူမောင်ကို ကြည့်ရတာ ကျန်းနန်နယ်က ဟုတ်ပုံမရဘူး"

ရှောင်းရီ ပြုံးပြီး ခေါင်းညိတ်ပြသည်။

ပြီး လျှို့ဝှက်အသံဖြင့်....

"ကျွန်တော်ဟာ အမတ်ချုပ်ကြီးနဲ့ တစ်မြို့တည်းကပါ"





စုတ်စုတ်ပြတ်ပြတ်နှင့် သူတောင်းစားသာသာ ဝတ်စားထားသော အမတ်ချုပ်ကြီး မျက်လုံးပြူးသွားသည်။

သူက ရှောင်းရီကို အံ့အားသင့်စွာ ကြည့်လျက်....

"မင်းသားလေးက သိပ်ပါးနပ်ပါလား"

"ပါးနပ်တဲ့လူမို့လဲ ကျွန်တော် ရာဇဝတ်မှုခင်းတွေနဲ့ ပတ်သက်ပြီး နေရာယူနေရတာပေါ့၊ အမှန်အတိုင်း ပြောရရင် ကျွန်တော် ပါးနပ်တာ မဟုတ်ပါဘူး၊ အမတ်ချုပ်ကြီး ပေါ့တာပါ။ အဝတ်အစားပြောင်း၊ မျက်နှာကို ရုပ်ဖျက်ထားပေမယ့် အမတ်ချုပ်ကြီးက အသံကိုကျတော့ ဘာဖြစ်လို့ မပြောင်းတာလဲ။ အသံကြားတာနဲ့ ကျွန်တော် အမတ်ချုပ်ကြီးလို့ သိလိုက်ပါတယ်"

အမတ်ချုပ်ကြီးက ပြုံးပြီး ခေါင်းတဆတ်ဆတ်ညိတ်သည်။

သူက စကား ဆက်ပြောမည်ပြုပြီးမှ စားသောက်ဖွယ်ရာများ ရောက်လာသဖြင့် မပြောတော့ဘဲ အစားအသောက်ကို စတင် စားသောက်သည်။

"အမတ်ချုပ်ကြီး ဘာသတင်းထူးများ ရသေးသလဲ"

"ရွှေတောင်ပံသိန်းငှက် ကျွန်းနန်းမှာ လှုပ်ရှားနေပြီဆိုတဲ့ သတင်းကို ရတယ်။ မင်းသားလေးက မြို့စားစံအိမ်မှာတည်းခို နေတော့ ဒီအကြောင်း ပိုပြီး သိမှာပေါ့"

"အဲဒါ ရွှေတောင်ပံသိန်းငှက် အတုပါ"

အမတ်ချုပ်ကြီး မျက်မှောင်ကြုံ့သွားသည်။

စားမည့်ဆဲဆဲ အသားဖတ်ကို ပြန်ချထားလိုက်ပြီး....

"ရွှေတောင်ပံသိန်းငှက် အတု ရှိသေးသလား"

ရှောင်းရီ ခေါင်းညိတ်လိုက်၏။

"မြို့စားကြီး အိမ်မှာ ရမ်းကားသွားတာ ရွှေတောင်ပံ သိန်းငှက်အတုပါ။ ရွှေတောင်ပံသိန်းငှက် အစစ် အပြင်ထွက် လာအောင် မျှားခေါ်တဲ့သဘောနဲ့ ဟန်ဆောင်တာပါ"

ရှောင်းရီကမာထိဝါးတို့၏လျှို့ဝှက်အဖွဲ့အစည်းအကြောင်း နှင့် အဖွဲ့ခေါင်းဆောင် လျှို့ဝှက်မိန်းကလေးအကြောင်းတို့ကို ပြောပြလိုက်သည်။

အမတ်ချုပ်ကြီးက စားသောက်ရင်းနှင့် ခေါင်း တဆတ် ဆတ် ညိတ်လျက် နားထောင်သည်။





"ကောင်းတယ်။ ဒါဟာ ရန်သူကို စိတ်ချောက်ချားအောင် လုပ်တဲ့ နည်းလမ်းကောင်းတစ်ခုပဲ။ အဲဒီ လျှို့ဝှက်မိန်းကလေး နဲ့ ကျုပ် တွေ့ချင်တယ်"

"ဟုတ်ကဲ့။ ကျွန်တော် အမတ်ချုပ်ကြီးကို သူနဲ့ တွေ့ပေး ပါ့မယ်။ သူဟာ ကျွန်တော်တို့နဲ့ ပူးပေါင်းမယ့် မိန်းကလေး တစ်ယောက်ပါ"

"ကျုပ်တို့အတွက် အင်အားတိုးတာပေါ့။ ဟော ဟိုမှာ မင်းသားလေးကို လာရှာတာ ထင်တယ်။ ယောကျ်ားဟန် ဆောင်ထားတဲ့ မိန်းကလေးတစ်ယောက် လာနေပြီ"

အမတ်ချုပ်ကြီးက ဆိုင်ထဲသို့ ဝင်လာသော မာလုံးအား လှမ်းကြည့်ပြီး ခပ်တိုးတိုးပြောသည်။

ရှောင်းရီက အမတ်ချုပ်ကြီး အမြင်စူးပုံ အကင်းပါးပုံကို စိတ်ထဲက ချီးကျူးမိရင်း မာလုံးအား လှမ်းကြည့်လိုက်လေ သည်။

မာလုံးသည် ရှောင်းရီ ထိုင်နေသော စားပွဲအနီးတွင် လာရပ်သည်။

ထောင်းထောင်းထနေသော အရက်နံ့ကို ရှူမိသဖြင့် သူက နှာခေါင်းရှုံ့လိုက်ပြီး....

"အစ်ကိုက စိတ်ထိခိုက်ပြီး အရက် လာသောက်နေတာပေါ့ ဟုတ်လား။ ယောကျ်ားတစ်ယောက်ဖြစ်နေပြီး ဒါလောက် ပျော့ညံ့ရသလား။ အဲဒါမျိုးကို ကျွန်တော် သိပ်မုန်းတယ်"

"အစ်ကို စိတ်ညစ်လို့ပါ။ သိပ်စိတ်ညစ်တယ် ညီလေး"

"စိတ်ညစ်ရင် ကိုယ့်ကိုယ်ကို သတ်သေလိုက်ပေါ့။ ဟင်း...."

မာလုံးက ရှောင်းရီအား ပြောရင်း အမတ်ချုပ်ကြီးအား တစ်ချက်လှမ်းကြည့်ပြီး နှာခေါင်းရှုံ့လိုက်သည်။

"အရက်စော်ကလဲ နံ့လိုက်တာ။ အရက်စည်ထဲ ကျထားတဲ့ အတိုင်းပဲ။ ဒါလောက်ဆိုရင် တော်ပြီ အစ်ကို။ ထတော့.... သွားကြမယ်"

"သွားပါမယ်ကွာ။ သွားပါမယ်"

ရှောင်းရီက နေရာမှထရင်း အမတ်ချုပ်ကြီး မှာသောက်နေသော အရက်အိုးကို ဆွဲယူ၍ တစ်ငုံငုံလိုက်သည်။





အိုးထဲမှ အရက်တချို့ ဖိတ်စဉ်ပြီး သူ့အင်္ကျီ ရင်ဘတ်မှာ စိုရွှဲသွား၏။

သူက အရက်အိုးကို ပြန်ချပြီး ငုံထားသည့်အရက်ကို ပြန်ထွေးထုတ်လိုက်သည်။

"ဖွီး.... သောက်ရင်း သောက်ရင်းနဲ့ ခါးလာတယ်၊ ဘာအရက်လဲ၊ သွားမယ် သွားမယ်၊ မိတ်ဆွေကြီး ဒါတွေအားလုံးအတွက် ခင်ဗျားပဲ တာဝန်ယူပေတော့"

ရှောင်းရီက အမတ်ချုပ်ကြီးအား လှမ်းပြောပြီး မသိမသာ မျက်စိ မှိတ်ပြလိုက်၏။

ပြီး.... ဟိုယိုင် ဒီယိုင်နှင့် စားပွဲအပြင်သို့ ထွက်သည်၊

"လာပါ။ ဟင်.... နံလိုက်တာ။ အစ်ကို့ကို ရေကန်ထဲ သွားပစ်ချမှ ဖြစ်မယ် ထင်တယ်"

မာလုံးက ရှောင်းရီအား ဆွဲခေါ်ရင်း ဗျစ်တောက် ဗျစ်တောက်နှင့် ပြောသည်။

ရှောင်းရီသည် မာလုံး၏ ပခုံးကိုဖက်၍လိုက်ရင်း စိတ်ထဲမှ ကြိတ်ပြီး ရယ်လိုက်သည်။

"ဒီပုံစံနဲ့ မြို့စားအိမ်ကိုသွားလို့ ဘယ်ဖြစ်ပါမလဲ။ ဘ ဇ်ကို ကို မြို့ပြင်ဘုံကျောင်း ခေါ်သွားမှ ဖြစ်မယ်"

"ဘုံ....ကျောင်းမှာ မာလျှန်းလျှန်း ရှိတယ် မဟုတ်လား၊ သူက သိပ်ချစ်စရာကောင်းတယ်"

"အစ်ကို ဘာတွေ ပြောနေတာလဲ"

"အစ်ကို့ ကို မာလျှန်းလျှန်းဆီ ပို့ပေးပါ ညီလေး။ ပိုင်ရှီဖုန်းက သူ လက်ထပ်ရင် အစ်ကို ဝမ်းနည်းမယ် ထင်နေတယ်၊ အစ်ကို ဝမ်းမနည်းဘူး။ အစ်ကို့မှာ မာလျှန်းလျှန်း ရှိနေတာပဲ။ သူ့ ကို အစ်ကို အလိုမရှိပါဘူး"

ရှောင်းရိက အာလေး လျှာလေးဖြင့် ပြောသည်၊

ထိုစကားကြောင့် မာလုံး ရှက်သွားပုံရ၏။

သူက ရှောင်းရိ၏ မျက်နှာကို မကြည့်ရဲတော့ဘဲ ကမ္ဘာကယာ မျက်လွှာချလိုက်၏။

နှုတ်မှလည်း တုန်ယင်သော အသံဖြင့်....

"အစ်ကို ဘာတွေပြောနေတာလဲ"





"အစ်ကိုက သိပ်ချစ်စရာ ကောင်း တဲ့ မာလျှန်းလျှန်း အကြောင်းကို ပြောနေတာပါ။ သူနဲ့ အစ်ကို တွေ့ချင်တယ်၊ သူ....သူနဲ့"

ရှောင်းရိက မာလုံးအား လုံ:ဝ မှီ:လိုက်သည်၊

မာလုံးသည် ယိုင်ထိုးနေသော ရှောင်းရိအား တွဲပြီး မြို့ပြင်ဘုံကျောင်းရှိရာသို့ လျင်မြန်စွာ လျှောက်သည်။

လူနေအိမ်ခြေ ကျဲပါးရာသို့ ရောက်သည်နှင့် သူက ကိုယ်ဖော့ ပညာသုံးပြီး ပြေးသည်။

ရှောင်းရိမှာ မာလုံး ဆွဲခေါ်ရာသို့ မေ့ပြီးလိုက်ရင်း စိတ်ထဲ၌ ကြည်ကြည်နူးနူး ခံစားနေရသည်။

သူ့အပေါ် ရက်စက်စိမ်းကားသော ပိုင်ရှီဖုန်းနှင့် သူ့အနှံ့အတာကို ခံသော မာလုံးတို့အား နှိုင်းယှဉ်ကြည့်မိနေ၏။

မြို့ပြင်သို့ ရောက်သည်နှင့် မာလုံးက စိတ်ပြောင်းသွားဟန်ဖြင့် ရှောင်းရိကို ဘုံကျောင်းဆီသို့ ခေါ်မသွားတော့ဘဲ အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်တွင် ချထားလိုက်သည်။

"အစ်ကို....အစ်ကို"

F.30

"ဟင်.... ဘာလဲ ညီမလေး"

"အစ်ကို သိပ်မူးနေသလား"

ရှောင်းရိက ခေါင်းခါပြလိုက်သည်။

"သိပ်မမူးတော့ပါဘူး၊ ဒီနေရာက လေတိုက်နေလို့လား မသိဘူး၊ အစ်ကို မူးနေတာတောင် ပြေချင်လာပြီ"

ရှောင်းရိက မူးဟန်မဆောင်တော့ဘဲ ပုံမှန်အသံဖြင့် ပြောသည်။

မာလုံးက ရှောင်းရိ၏ မျက်နှာကို ကြင်နာဟန်ဖြင့် ကြည့်ပြီး....

"အစ်ကို သိပ်စိတ်မကောင်း ဖြစ်နေသလား"

"အစ်ကိုက ဘာအတွက် စိတ်မကောင်း ဖြစ်ရမှာလဲ"

"မမ ပိုင်ရီဖုန်း လက်ထပ်သွားလို့လေ"

ရှောင်းရိ ရယ်လိုက်သည်။

"သူ လက်ထပ်သွားတဲ့အတွက် အစ်ကို ဘာမှ မဖြစ်ပါဘူး၊ ညီမ လက်ထပ်သွားရင်တော့ အစ်ကို သေသွားလိမ့်မယ်"





"အစ်ကို ဘာပြော"

"ညီမရယ် အစ်ကို့ ကိုဟန်ဆောင်မနေပါနဲ့၊ အစ်ကို စိတ်က ညီမကိုပဲ စွဲမြဲနေတယ်ဆိုတာ ညီမ သိတယ် မဟုတ်လား"

မာလုံးက တုံ့ပြန်စကားမပြောဘဲ မျက်လွှာချလိုက်သည်။

ရှောင်းရိသည် မာလုံး၏ နုနယ်ချောမောသော မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး....

"အစ်ကို ပြောတာကို ညီမ ဘယ်လိုသဘောရသလဲ"

မာလုံး မျက်လွှာပင့်ပြီး ကြည့်သည်။

မူးယစ်ဟန်မရှိတော့သည့် ရှောင်းရိကိုမြင်ပြီး သူမျက်မှောင်ကြုံ့လိုက်၏။

"အစ်ကို အရက်တကယ်မမူးဘူး မဟုတ်လား၊ ဟုတ်ပြီး အရက်စော်နံတာ ဟို သူဌေးစားကြီးဆီက ဖြစ်ရမယ်၊ အစ်ကိုက နောက်ဆုံးမှာ အရက်တစ်ငုံငုံပြီး ထွေးထုတ်လိုက်တယ်၊ ပြီးတော့ အရက်တွေကိုလဲ ကိုယ်ပေါ် လောင်းချလိုက်သေးတယ်"

ရှောင်းရိက မာလုံးအား ကြည့်ပြီး ရယ်လိုက်သည်။

မာလုံးက မရယ်မပြုံးဘဲ ရှောင်းရိအား မျက်နှာထား တည်တည်နှင့် ကြည့်၏။

"အစ်ကိုက မူးဟန်ဆောင်ပြီး အခွင့်အရေး ယူ တယ်။ အဲသလိုပဲ အဖျားတက်ပြီးတော့လဲ အခွင့်အရေးယူတယ်"

ရှောင်းရိက လင်းလင်း ပြောပြသည့် အကြောင်းအရာကို သတိရပြီး စိတ်မကောင်း ဖြစ်သွား၏။

"ညီမ အဲဒါက"

"အစ်ကို ဘာမှမပြောပါနဲ့။ မမ လင်းလင်းအပေါ် အစ်ကို တာဝန် မကျေဘူး။ အစ်ကိုက အခွင့်အရေးယူပြီး တာဝန်မဲ့ နေတော့"

"ညီမ"

ရှောင်းရိက မာလုံး၏ လက်ကို အထိတ်တလန့်နှင့် လှမ်းဆွဲလိုက်သည်၊

"အစ်ကို လှေပေါ်မှာ အဆိပ်တက်နေတဲ့အချိန်က အရှုံ အညီ ပေးတဲ့ ညီမအပေါ် အခွင့်အရေး ယူမိတယ်။ ဒါကို





အစ်ကို ဝန်ခံပါတယ်။ လင်းလင်းအပေါ် အခွင့်အရေး ယူမိတာက"

"နောက်တစ်ခါ အစ်ကို ချမ်းပြီးတုန်နေတော့ မမ လင်းလင်းက ပြုစုရတယ်။ အဲဒီမှာ အစ်ကိုက"

"ဟင်"

ရှောင်းရိက သူ့နဖူးကိုသူ လက်ဝါးဖြင့် ရိုက်လိုက်၏၊

သူ၏ အပြုအမူသည် ဆိုးရွားလွန်းလှပါလားဟု တွေးမိသည်၊

သူက မာလုံး၏ လက်ကို တယုတယနှင့် ဆုပ်ကိုင်ပြီး....

"အစ်ကိုက ခဝဒနာခံစားနေရတော့ ဒါတွေကို မသိခဲ့ဘူး"

"အခု သိပြီ မဟုတ်လား"

ရှောင်းရိ ခေါင်းညိတ်ပြသည်၊

"သိပါပြီ။ ဒီအတွက် အစ်ကို တာဝန်ယူဖို့လဲ ဆုံးဖြတ်လိုက်ပါပြီ၊ လာ.... ညီမ၊ အစ်ကိုတို့ သွားကြမယ်"

"ဘယ်ကို သွားမှာလဲ"

"မြို့ထဲကို ပြန်သွားမယ်။ မြို့ထဲမှာ လက်ဆောင်ပစ္စည်း ဝယ်ပြီး မြို့စားစံအိမ်ကို ပြန်မယ်"

"လက်ဆောင်ပစ္စည်း ဟုတ်လား အစ်ကို"

"ဟုတ်တယ် ညီမ၊ ပန်းပုဆိုင်ဝင်ပြီး နတ်မိမယ်ရုပ်ကု နှစ်ခု ဝယ်မယ်"

"နှစ်ခုတောင် ဘာလုပ်ဖို့လဲ"

"တစ်ခုက ညီမအတွက်၊ တစ်ခုက လင်းလင်း အတွက်"

ရှောင်းရှီ၏ စကားအဆုံးတွင် မာလုံး ရှက်သွားဟန် မျက်လွှာချသည်။

ရှောင်းရှီက မာလုံး၏ ပခုံးကို တင်းတင်းဆုပ်ကိုင်လိုက်လေ၏။

*



# အခန်း (၁၂)

ကျနေရောင်သည် တစ်လောကလုံးအပေါ်သို့ နွဲ့လျစွာ ဖက်တွယ်ထားသည်။

နွမ်းလျသော နေရောင်ခြည်ကြောင့် သစ်ပင်တို့သည် ပို၍ စိမ်းပြီး တောင်တန်းတို့မှာ ပို၍ ပြာမှောင်နေသည်။

ရှောင်းရှီ၊ မာလုံးနှင့် လင်းလင်းတို့သည် ရှင်းလင်း တိတ်ဆိတ် နေသော မြို့ပြင်လမ်းအတိုင်း ရင်ဘောင်တန်းလျက် လျှောက်လာနေကြ၏။

ရှောင်းရှီက မာလုံးနှင့် လင်းလင်းတို့ နှစ်ယောက်ကြားမှ လျှောက်ပြီး သူတို့၏ လက်တစ်ဖက်စီကို ဆွဲကိုင်ထားသည်။

"အစ်ကိုက သိပ်ဉာဏ်များတယ် မမ၊ သူ တစ်ယောက်ကို မရတာနဲ့ နှစ်ယောက်ရအောင် ကြံတယ်၊ ညီမကတော့ သူ့ အကြံအစည်ကို လက်မခံဘူး၊ မြေပုံကိစ္စ ပြီးတာနဲ့ နဂါးနက် စံအိမ်ကို ပြန်မှာပဲ"

မာလုံးသည် ရှောင်းရီနှင့် လက်တွဲထားလျက်က မကျေမနပ် ပြောသည်။

ကလေးဆန်သည့်ဟန်က သူ့မျက်နှာတွင် ထင်ထင်ရှားရှား ပေါ်နေ၏။

သူ့နှုတ်မှ မကျေမနပ်သော စကားကို ပြောနေသော်လည်း သူ့ မျက်လုံးအစုံတွင်မူ ကြည်နူးရိပ်များ ထင်နေသည်၊

"ညီမ အဲသလိုလုပ်လို့ ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ မမ"

"ညီမ နဂါးနက်စံအိမ်ကို ပြန်ရင် မမကလဲ အစ်ကို့ကို လက်မခံဘူး"

"အစ်ကိုက အမိန့်နဲ့ မမကို သိမ်းပိုက်ရင် မမ လက်မခံချင်ဘဲ နေလို့ရမှာ မဟုတ်ပါဘူး"

"အမိန့်နဲ့ ဟုတ်လား၊ ဘာအမိန့်လဲ"

လင်းလင်းက မာလုံးအား လှမ်းကြည့်ပြီး မျက်မှောင်ကြုံ့လျက် မေးသည်။





မာလုံးက တစ်ချက်ရယ်လိုက်ပြီး....

"အစ်ကိုဟာ ဘုရင့်ညီတော် မင်းသားလေးဆိုတာ မမ မသိဘူးလား"

"ညီမ ဘာတွေပြောနေတာလဲ"

မာလုံးက ဟန့်တားသော ရှောင်းရီအား မျက်စောင်းလေးဖြင့် ကြည့်သည်။

"အစ်ကိုက မမကို ဆက်ပြီး ဟန်ဆောင်နေချင်လို့လား"

"မဟုတ်ပါဘူး။ အစ်ကို့ ကိစ္စ"

"အဲဒီကိစ္စဆိုတာကို ဘေးဖယ်ထားပါ။ ခုအချိန်မှာ အစ်ကို ဘယ်သူလဲဆိုတာ မမ အမှန်အတိုင်း သိသင့်ပါပြီ"

မာလုံး၏ စကားကြောင့် ရှောင်းရီ သက်ပြင်းချလိုက်သည်။

သူက မေးခွန်းထုတ်ဟန်ဖြင့် ကြည့်နေသော လင်းလင်းအား ခေါင်းညိတ်ပြလိုက်ပြီး....

"သူပြောတာ အမှန်ပါပဲ ညီမ၊ အစ်ကိုဟာ ရာဇဝတ်မှု နှိမ်နင်းရေးတာဝန်နဲ့ ခရီးထွက်လာခဲ့တဲ့ လူပါ။ အခု ဒီမှာ ရွှေတောင်ပံ သိန်းငှက် ဆိုးသွမ်းရမ်းကားနေလို့ သူ့ကို နှိမ်နင်းဖို့ ကြိုးစားနေတာပဲ"

လင်းလင်း၏ မျက်နှာတွင် အံ့ဩဟန် စိတ်ရှုပ်ထွေးသွားဟန်တို့ ထင်ထင်ရှားရှား ပေါ်လာသည်။

"အစ်ကို အစက ဒီအကြောင်းတွေ ဘာဖြစ်လို့ မပြောတာလဲ"

"လျှို့ဝှက်ထားရမယ့် အခြေအနေမှာမို့ အစ်ကို လျှို့ဝှက်ထားတာပါ"

လင်းလင်းက သက်ပြင်းတစ်ချက်ချပြီး ခေါင်းညိတ်လိုက်သည်၊

"အစ်ကို့ ရည်ရွယ်ချက်ကို ညီမ သိပါပြီ၊ လူတိုင်း လူတိုင်းမှာ လျှို့ဝှက်ချက်ကိုယ်စီ ရှိကြတာပဲ။ ဒါပေမယ့် အစ်ကိုက မင်းသားလေး ဆိုတော့"

"မင်းသားလေးဆိုတော့ ညီမက အစ်ကို့ကို လက်မတွဲဘူးလား"





"ညီမက အမိန့်အာဏာကို ကြောက်မိတာပါ"

လင်းလင်း၏ ညည်းညူဟန် အပြောကြောင့် ရှောင်းရိ ရယ်လိုက်သည်။

သူက လမ်းဘေးရှိ သစ်ပင်တစ်ပင်မှ သစ်ကိုင်းကို ဖျတ်ခနဲ လှမ်းချိုးပြီး....

"အမိန့်အာဏာက အစ်ကိုတို့သုံးယောက်နေမယ့် အိမ်ထဲထိ ပါမလာစေရပါဘူး"

"သုံးယောက် မဟုတ်ဘူး။ နှစ်ယောက်၊ ညီမက ဖေဖေ့ဆီ ပြန်မှာ"

"ညီမ ပြန်ချင်တိုင်း ပြန်လို့ ဘယ်ရမလဲ၊ အစ်ကို ခွင့်ပြုမှ ညီမ ပြန်လို့ ရမှာပေါ့"

"ဒါ.... အမိန့်အာဏာနဲ့ ပြောနေတာလား"

ရှောင်းရိက ရယ်ပြီး ခေါင်းခါလိုက်သည်၊

"အခုအချိန်မှာ အမိန့်အာဏာ မသုံးသေးပါဘူး၊ ညီမက ပြောဆိုလို့မရ ဖြစ်လာရင်တော့ အမိန့်သုံးရမှာပဲ၊ အစ်ကိုတို့

သုံးယောက် အတူတူနေတဲ့ အိမ်ကိုရောက်မှ အမိန့်အာဏာ ကုန်ဆုံးမှာနေ၇်''

မာလုံးက ရွှောင်းရိအား ချစ်စဖွယ် မျက်စောင်းလေးဖြင့် ကြည့်သည်။

သူက တွဲထားသည့် လက်ကို မသိမသာ ရုန်းဖယ်၏။

ရွှောင်းရိက လွှတ်မပေးဘဲ....

"ညီမက အစ်ကိုတို့နဲ့အတူ မနေချင်ဘူးလား"

"မနေချင်ဘူး"

"ဘာဖြစ်လို့လဲ၊ လင်းလင်းနဲ့ တွဲပြီး မနေချင်လို့လား"

ရွှောင်းရိ၏ စကားကြောင့် မာလုံး တွေခနဲဖြစ်သွားသည်။

သူက လင်းလင်းအား ဖျတ်ခနဲလှမ်းကြည့်ပြီး ခေါင်းဆတ်ခါသည်။

"မဟုတ်ပါဘူး၊ မမနဲ့ အတူနေချင်ပါတယ်၊ ဒါပေမယ့်





"ကန့်ကွက်စကားတွေ မပြောပါနဲ့ ညီမရယ်၊ မမတို့ စိတ်ချမ်းချမ်းသာသာနဲ့ အတူနေကြမယ်နော်"

လင်းလင်း၏ အသံက ညင်သာပျော့ပျောင်းစွာပေါ်လာသည်။

နှုတ်ခမ်းစူထားသည့် မာလုံး၏ မျက်နှာမှာ ကြည်လင်လာပြီး ခေါင်းကို ညင်ညင်သာသာ ညိတ်လိုက်သည်။

ရွှောင်းရိက မာလုံးနှင့် လင်းလင်းတို့၏ ပခုံးတစ်ဖက်စီကို ပြောင်းကိုင်ပြီး အားရပါးရ ရယ်လိုက်သည်။

ရွှောင်းရိ၏ ရယ်သံ တောတန်းတစ်လျှောက် ပျံ့လွင့်သွားသည်။

ထိုရယ်သံအဆုံးတွင် တောတန်းထဲမှ အေးစိမ့်စိမ့်နိုင်သော ရယ်သံပေါ်လာပြီး အဝါရောင်ဝတ်ဆင်ထားသူတစ်ယောက် ရွှောင်းရိတို့ ရှေ့သို့ ခုန်ပျံ ရောက်ရှိလာလေ၏။

*

အဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသူ လူရွယ်တစ်ယောက် ဖြစ်သည်။

သူ၏ လက်ထဲတွင် ယပ်တောင်တစ်ချောင်းကို ကိုင်ထားလျက် ယပ်တောင်ကို ဖြန့်ချီပိတ်ချီလုပ်ပြီး တဖျပ်ဖျပ်ယပ်ခတ်နေသည်။

ရှောင်းရိက လူရွယ်၏ လက်ထဲမှ ယပ်တောင်ကို စူးစူးစိုက်စိုက် ကြည့်သည်။

ယပ်တောင်ပေါ်မှ သိန်းငှက်တစ်ကောင် တောင်ပံဖြန့်ကားထားပုံကို သူ တွေ့လိုက်ရသည်။

သိန်းငှက်တောင်ပံများမှာ ရွှေရောင် တောက်ပနေ၏။

ယခု သူတွေ့နေရသည့်သူမှာ ရွှေတောင်ပံသိန်းငှက် အဖြစ် ဟန်ဆောင်နေသော လျှို့ဝှက် အဖွဲ့အစည်း ခေါင်းဆောင် စိန်းကလေး မဟုတ်မှန်း ရှောင်းရိ သိလိုက်သည်။

သူနှင့် မျက်နှာချင်းဆိုင်တွင် ပြုံးရယ်လျက်ရှိသောမျက်နှာနှင့် ရပ်နေသူမှာ 'ရွှေတောင်ပံသိန်းငှက်' အစစ် ဖြစ်လိမ့်မည်ဟု သူ တွေးမိ၏။





"မိတ်ဆွေက ဘာဖြစ်လို့ ကျုပ်တို့သွားလမ်းကို ပိတ်ပြီး ရပ်နေတာလဲ"

"ဟား....ဟား.... လောဘတကြီးနဲ့ တစ်ယောက်က နှစ်ယောက်ကို တွဲနေတာ မကြည့်ချင်လို့ပါ"

"ဒါ ခင်ဗျားနဲ့မဆိုင်ပါဘူး။ ကျုပ်ကိစ္စထဲ ဝင်ရှုပ်ရအောင် ခင်ဗျားက ဘယ်သူမို့လဲ"

"ရွှေတောင်ပံ သိန်းငှက်လို့ခေါ်တဲ့ သိန်းငှက် သခင်ပါ၊ ဗီနာမည်ကို ကြားဖူးတယ် မဟုတ်လား"

ရှောင်းရိက ပြုံးပြီး ခေါင်းညိတ်လိုက်သည်၊

"ဒါ လူသတ်သမား ရာဇဝတ်ကောင်တစ်ကောင်ရဲ့နာမည်ပဲ"

"မင်းက ကျုပ်ကို စော်ကားတာလား၊ စော်ကားချင်တဲ့လူ သေပေတော့"

သိန်းငှက်က စပ်ဖြဲဖြဲနိုင်သောမျက်နှာနှင့် ပြောပြီး ရှောင်းရိ ခုန်ဝင်လျက် ခြေဖျားဖြင့် ခတ်လိုက်သည်၊

လျင်မြန်သော ခြေကန်ချက်ကို ရှောင်းရိက ရှောင်ပြီး လက်ဝါးဖြင့် တုံ့ပြန်ရိုက်သည်။

ခြေကန်ချက် လွဲချော်ပြီး ရှောင်းရိအနားမှ ဝှီးခနဲ ဖြတ်သွားသည်။

သိန်းငှက်က သူ့ခြေထောက်ကို လျင်မြန်စွာ ပြန်သိမ်းပြီး ရှောင်းရိ၏ ရိုက်ချက်ကို ယပ်တောင်ဖြင့် ကာလိုက်၏။

ရှောင်းရိက လက်ဝါးရိုက်ချက် လျင်မြန်စွာ ရုပ်သိမ်းပြီး သိန်းငှက်အား မခြေဖြင့်ကန်သည်။

သိန်းငှက် နောက်သို့ ခုန်ဆုတ် ရှောင်တိမ်း၏၊

ရှောင်းရိသည် သိန်းငှက်နောက်သို့ ထက်ကြပ်မကွာ ခုန်ပျံလျက် လိုက်ပြီး လက်ဝါးဖြင့် မိုးရိုက်သည်။

သိန်းငှက်က ယပ်တောင်ကိုစုစည်း၍ ပင့်ထောင်ပြီး လက်ဝါး ရိုက်ချက်ကို ခုခံသည်၊

ရှောင်းရိ သူ့လက်ဝါးရိုက်ချက်ကို ရုပ်သိမ်းလိုက်ရပြန်၏၊





နီးကပ်နေသော ခန္ဓာကိုယ်နှစ်ခု အနည်းငယ်ဝေးကွာသွားသည်။

သိန်းငှက်နှင့် ရှောင်းရိတို့ တစ်ယောက်ကိုတစ်ယောက မီးတောက် မီးလျှံပမာ အကြည့်ဖြင့် ကြည့်ကြသည်။

"ရှောင်းရိဆိုတဲ့ လူနဲ့ ကျုပ် လက်ရည် စမ်းချင်နေတာ ကြာပြီ"

"ကျုပ်ကလဲ ရွှေတောင်ပံ သိန်းငှက်နဲ့ တွေ့ဖူးချင်နေတာ ကြာပါပြီ"

"မင်းကို ကျုပ် ဒီနေ့ အသေသတ်မယ်"

"ဟား....ဟား။ ကျုပ်ကလဲ မင်းကို အသေသတ်မှာပဲ"

"မင်းသေရင် မင်းကောင်မလေး နှစ်ယောက်ကို ယူမယ်။ ဟို.... ယောကျ်ားဟန်ဆောင်ထားတဲ့ ကောင်မလေးကိုအရင် ယူမယ်"

"လူယုတ်မာ နင်ကလား ငါ့ကိုယူမှာ"

အော်ဟစ်သံနှင့်အတူ မာလုံးက သိန်းငှက်ထံ ခုန်ဝင်ပြီး ဟရကြမ်း တိုက်ခိုက်သည်၊

4.31

မာလုံးက သူ့ခါးတွင် ပတ်ထားသော ဓားမြှောင်ကို ထုတ်၍ တိုက်ခိုက်ခြင်းဖြစ်ပြီး သိန်းငှက်က ယပ်တောင်ဖြင့် ပြန်လည်ခုခံ၏။

"ညီမ နောက်ဆုတ်ပါ"

ရှောင်းရိက နှစ်ယောက်နှင့် တစ်ယောက် တိုက်ခိုက်ပြီး အနိုင်မယူချင်သဖြင့် မာလုံးအား တားဆီးသည်။

မာလုံးက ခေါင်းမာစွာနှင့် သိန်းငှက်အား တိုက်ခိုက်မြဲ တိုက်ခိုက်သည်။

သိန်းငှက်သည် မာလုံး၏ တိုက်ကွက်ကို လျင်မြန်ပေါ့ပါးစွာ ခုခံချေဖျက်နေသည်။

ရှောင်းရိသည် အားနာလို အားမရဟန်နှင့် တိုက်ပွဲကို ကြည့်နေ၏။

အားနှင့် မာန်နှင့် တိုက်ခိုက်နေသော်လည်း သိန်းငှက်၏ မျက်နှာမှာ စပ်ဖြဲဖြဲ ဖြစ်နေသည်ကို သူ သတိပြုမိလိုက်သည်။

"ဟား....ဟား။ ရွှေတောင်ပံ သိန်းငှက်ဆိုတာ မျက်နှာ မဖော်ရဲပဲ မျက်နှာအတု တပ်ထားတဲ့ လူကြောက်တစ်ယောက်ကိုး။ ခုမှပဲ ကျုပ် ဒါကို သိတော့တယ်"





သိန်းငှက်က မာလုံးအား တိုက်ခိုက်ရင်း အရောင် တဖျပ်ဖျပ် လက်နေသော မျက်လုံးအစုံဖြင့် ရှောင်းရိကို ကြည့်သည်။

ပြီး.... သူက မာန်သွင်းအော်ဟစ်လျက် ယပ်တောင်ကို ဝှေ့ယမ်းလိုက်၏။

"ညီမ.... သတိထား"

ရှောင်းရိက အော်ဟစ် သတိပေးသော်လည်း နောက်ကျသွားပြီ ဖြစ်သည်။

ယပ်တောင်ဖျားမှ ပြေးထွက်လာသည့် အဆိပ်အပ် တစ်ချောင်း မာလုံးကို ထိမှန်သွားလေ၏။

"အား"

မာလုံး၏ လက်ထဲမှ ဓားမြှောင် လွတ်ကျသွားသည်။

သိန်းငှက်က ရှေ့တိုးမည်အပြု ရှောင်းရိ ရှေ့သို့ လျင်မြန်စွာ ခုန်ထွက်ပြီး သိန်းငှက်အား လက်ဝါးဖြင့် ရိုက်ချသည်။

သိန်းငှက် နောက်ဆုတ်ပြီး ရှောင်၏။

"အဆိပ်လက်နက်သုံးတဲ့ လူယုတ်မာ သေပေတော့"

ရှောင်းရိက အပြင်းထန်ဆုံး တိုက်ကွက်များကို အသုံးပြုပြီး သိန်းငှက်အား တိုက်ခိုက်သည်။

သိန်းငှက်မှာ ပြန်လည်တိုက်ခိုက်နိုင်ခြင်း မရှိဘဲ ရှောင်းရိ၏ တိုက်ကွက်ကို ခုခံရင်း နောက်သို့ ဆုတ်သွားသည်။

ရှောင်းရိက သိန်းငှက်ထံ အတင်းတိုးဝင်ပြီး တိုက်ခိုက်သည်၊

"မင်း ကောင်မလေး အဆိပ်အပ် ထိသွားပြီ။ ဒီအဆိပ်က ဖြေဆေးမဲ့ အဆိပ်ကွ။ သိရဲ့လား"

သိန်းငှက်၏ စကားကြောင့် ရှောင်းရိ ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားသည်။

သူ ဒေါသတကြီးနှင့် သိန်းငှက်ကို တိုက်ခိုက်သည်၊

ပြင်းထန်လွန်းသည့်ရိုက်ချက်များကြောင့် လေထုပြိုကွဲသံက တဟူးဟူးနှင့် မြည်နေ၏။

သိန်းငှက်သည် ရှောင်းရိ၏ တိုက်ကွက်များကို ထိပ်တိုက်ရင်မဆိုင်ဘဲ ပေါ့ပါးလျင်မြန်စွာ ရှောင်တိမ်းနေသည်၊

ရှောင်ရင်းနှင့် သူက ယပ်တောင်ကို ဝှေ့ယမ်းလိုက်၏။





ယပ်တောင်ဖျားမှ အဆိပ်အပ်များ လွင့်ပျံ ပြေးထွက်လာသည်။

ရှောင်းရိက အဆိပ်အပ်များကို အင်္ကျီလက်အိုးဖြင့် ရိုက်ဖယ်သည်။

တစ်ပြိုင်နက်တည်းပင် သူ့ ဘယ်လက်တွင် ကိုင်ထားသော သစ်ကိုင်းကျိုးကို သတိရ၏။

ထိုသစ်ကိုင်းကျိုးမှာ လှမ်းဘေးရှိ သစ်ပင်မှ အကိုင်း တစ်ကိုင်းကို အမှတ်မထင်ချိုးပြီး ကိုင်ထားမိခြင်း ဖြစ်သည်၊

သူသည် ညာလက်ဖြင့် သိန်းငှက်အား လှမ်းရိုက်ပြီး ဘယ်လက်တွင် ကိုင်ထားသည့် သစ်ကိုင်းကျိုးကို ဓားသဖွယ် သုံးလျက် သိန်းငှက်အား တိုက်ခိုက်သည်။

သစ်ကိုင်းကျိုးက သိန်းငှက်၏ အရေးကြီးသော သွေးကြောနေရာများသို့ တိုးဝင်လာနေသဖြင့် သိန်းငှက် နောက်သို့ တဆုတ်တည်း ဆုတ်သည်။

ထိုအချိန်မှာပင် လေတိုးသံနှင့်အတူ ဆံထိုးတစ်ချောင်း သိန်းငှက်ထံ လျင်မြန်စွာ တိုးဝင်သွားသည်၊

သိန်းငှက် အမှတ်မထင်ဖြစ်သွားခိုက် ဆံထိုးက သူ့လက်မောင်းကို ထိုးဖောက်လိုက်၏။

"အား"

သိန်းငှက်၏ လက်ထဲမှ ယပ်တောင် လွတ်ကျမလိုဖြစ်သွားသည်။

သူက မယုံနိုင်ဟန်အကြည့်ဖြင့် ရွှေခင်းရီအား ကြည့်လိုက်သည်။

"မင်းက မိန်းမပစ္စည်းကိုလဲ လက်နက်ပုန်းအဖြစ် အသုံးပြုနေပါလား"

ရွှေခင်းရီ ရယ်လိုက်သည်။

တစ်စုံတစ်ယောက်က သူ့ကို ဝင်ကူညီနေပြီဟု သိလိုက်၏။

သူက ဆံထိုးကို သူကိုယ်တိုင် ပစ်လွှတ်လိုက်သကဲ့သို့....

"ဟား....ဟား.... အခုဆို မင်းလဲ အဆိပ်မိသွားပြီ။ ဒီအဆိပ်က အရိုးဆွေးအဆိပ်၊ ငါ့ဆီမှာပဲ ဖြေဆေးရှိတယ်"

"မင်း.... မင်း"





သိန်းငှက်က စပ်ဖြဲဖြဲမျက်နှာနှင့် ရွှေခင်းရီအား မျက်လုံးမြူးလျက်ကြည့်ပြီး လက်ညှိုးငေါက်ငေါက် ထိုးသည်။

"မင်း ဖြေဆေးပေးရင် ငါလဲ ဖြေဆေးပေးမယ်။ မင်းရဲ့အဆိပ်အပ်က ဖြေဆေးမရှိဘူးဆိုရင် မင်းလဲ သွားသေပေတော့"

သိန်းငှက်က မျက်လုံးကြီး မြူးမြဲ မြူးလျက် ရွှေခင်းရီအား ကြည့်သည်။

ပြီး.... သူက အင်္ကျီထဲမှ ဆေးဘူးတစ်ဘူးကိုထုတ်ပြီး အတွင်းမှ ဆေးလုံးတစ်လုံး ထုတ်ယူကာ ပစ်ပေးသည်။

"အဲဒါ ဖြေဆေးပဲ၊ မင်းဆီက ဖြေဆေးကိုလဲ ပေးပါ"

"မင်းရဲ့ဖြေဆေး အစွမ်းထက် မထက် သိရပြီးမှ ငါ ဖြေဆေး ပြန်ပေးမယ်။ ခဏစောင့်နေပါ"

ရွှေခင်းရီသည် သိန်းငှက်ပေးသော ဖြေဆေးကို မာလုံးအား တိုက်လိုက်သည်။

လင်းလင်း၏ ရင်ခွင်တွင် မှီပြီး အသက်ပြင်းပြင်း ရှူနေသော မာလုံးမှာ ဖြေဆေးသောက်လိုက်ပြီး တစ်ခဏအကြာတွင် အသက်ရှူသံ မှန်လာသည်။

"ငါ.... ပေးတာ ဖြေဆေး အစစ်ပါ။ ခဏလေးနဲ့ သူ သက်သာသွားလိမ့်မယ်။ ဒါပေမယ့် သူ့ကိုယ်ထဲက အဆိပ်တွေ မကုန်ရင် နောက်နေ့ အဆိပ်ပြန်တက်မှာပဲ"

"အဆိပ်ထပ်မတက်အောင်လုပ်ဖို့က ငါ့တာဝန်ပါ။ ရော့... မင်းအတွက် ဖြေဆေး။ ဒီဆေးသောက်ပြီးတာနဲ့ မင်းတစ်ကိုယ်လုံး ပူလာလိမ့်မယ်။ အဲဒီအပူ မပျောက်သေးသမျှ အတွင်းအား ထုတ်မသုံးပါနဲ့"

ရှောင်းရိက သိန်းငှက်ထံသို့ ဆေးလုံးတစ်လုံးပစ်ပေးလိုက်သည်။

သိန်းငှက်က ဆေးလုံးကို ကောက်ယူပြီး လျင်မြန်စွာ ပြေးထွက်သွား၏။

ရှောင်းရိမှာ သိန်းငှက်နောက်သို့ မလိုက်နိုင်ဘဲ မာလုံးအနားသို့ ချဉ်းကပ်ပြီး အခြေအနေ ကြည့်ရလေသည်။



အခန်း (၁၃)

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ မြေနီ
ဖုန်း ၂၁၀၄၄၄

"သူ့ကို နေရာရွှေ့လို့ မဖြစ်ဘူး ညီမ။ ဒီနေရာမှာပဲ အဆိပ်တွေ အန်ထွက်အောင် ကုရမယ်။ နေဦး.... ဒီသစ်ပင်တွေကြားမှာ အစ်ကိုတို့ကို ကူညီတဲ့သူရှိတယ်။ သူ ကူညီလို့ သိန်းငှက် အစ်ကို့ဆင်ကွက်ထဲ ဝင်ပြီး ထွက်ပြေးသွားတာ"

"ဘယ်သူက ကူညီတာလဲ အစ်ကို"

"အဲဒါတော့ အစ်ကိုလဲ မသိဘူး။ အကွယ်က ကူညီတဲ့လူ ကျေးဇူးပြုပြီး အပြင်ထွက်ခဲ့ပါ"

ရှောင်းရိသည် တောတန်းထဲ လှမ်းကြည့်ပြီး အော်ပြောသည်။

သို့သော် တောတန်းထဲမှ တုံ့ပြန်သံ ပေါ်မလာဘဲ ရှိ၏။

"ခုလောက်ဆို ကူညီတဲ့လူ အဝေးကြီးကို ရောက်သွားရောပေါ့။ ဒီမှာ ညီမလေးကိုယ်ထဲက အဆိပ်တွေကို ထွက်အောင်လုပ်ပါဦး"

ရှောင်းရိက မာလုံး၏ ဘေးတွင် ထိုင်ချလိုက်သည်။

လင်းလင်း၏ ရင်ခွင်ထဲတွင်ရှိနေသော မာလုံးအား ဆွဲထုတ်လိုက်ပြီး ကျောပြင် အနှံ့အပြားကို လက်ဝါးဖြင့် ခပ်သာသာ ရိုက်၏။

မာလုံး၏ ကိုယ်မှာ ရှောင်းရိ လက်ဝါးနှင့် ရိုက်သဖြင့် ငြိမ်ငြိမ်သက်သက်မရှိဘဲ ယိမ်းထိုးလာ၏။

တစ်ခဏအကြာတွင် သူက သွေးများကို ဝေ့ါခနဲ အန်ချလိုက်သည်။

သွေးထဲတွင် မည်းညစ်ညစ်အရည်တွေ ပါသွား၏။

"ညီမလေး.... သက်သာရဲ့လား"

လင်းလင်းက မာလုံးအား ကြင်နာစွာမေးရင်း သက်သာစေလိုစိတ်နှင့် သူ့ လက်လှမ်းမီသမျှကို နှိပ်နယ်ပေးသည်။

ရှောင်းရိက လင်းလင်း၏ နှိပ်နယ်ပုံကို ကြည့်သည်။

လင်းလင်း နှိပ်နယ်နေပုံမှာ အချိုးမကျသော်လည်း အရေးကြီးသော သွေးကြောများပေါ် တစ်ချက်တစ်ချက် ရောက်သွားတတ်သဖြင့် သူက မတားဆီးဘဲ နေလိုက်၏။





အနှိပ်အနယ်ခံနေရင်းမှ မာလုံး ချောင်းတဟွတ်ဟွတ်ဆိုးလာသည်။

ပြီးနောက် သူက ဝေ့ါခနဲ တစ်ချက် အန်သည်။

ယခုတစ်ကြိမ်တွင် သွေးမပါဘဲ မည်းမည်း အရည်များသာ ပါလာသည်ကို တွေ့ရ၏။

"ရပြီ ညီမ။ ဒါလောက်ဆိုရင် အဆိပ်တွေ ပြေသွားလောက်ပြီ။ ကျန်တဲ့ အဆိပ်ငွေ့တွေကိုတော့ အတွင်းအား လေ့ကျင့်ပြီး ချွေးပေါက်တွေကနေ ထုတ်ပစ်ရမယ်။ မြို့စားစံအိမ်ကို ပြန်ရောက်တာနဲ့ ညီမ မာလျှန်းလျှန်း အတွင်းအား လေ့ကျင့်ပြီး ဝေဒနာကို ကုရမယ်။ အခု အစ်ကို ညီမကို ပွေ့ချီပြီး ခေါ်သွားမယ်"

ရှောင်းရိက ပြောပြောဆိုဆို မာလုံးအား ပွေ့ချီပြီး ရပ်လိုက်သည်။

ပြီး.... လင်းလင်းနှင့်အတူ မြို့စားစံအိမ်ဆီသို့ ခြေလှမ်းမှန်မှန်လှမ်းလျက် လျှောက်ခဲ့လေ၏။

*

ရှောင်းရီက အတွင်းအား လေ့ကျင့်နေသော မာလုံးအား ဂရုတစိုက် ကြည့်သည်။

မာလုံး၏ နဖူးပြင်တွင် ချွေးသီးလေးများ သီးစို့လာတာကို မြင်မှ လင်းလင်းဘက်သို့ လှည့်လိုက်ပြီး....

"အခန်းတံခါးကို သေသေချာချာပိတ်ပြီး သူ့ကိုယ်ပေါ်က ချွေးစင်အောင် သုတ်ပေးပါ ညီမ။ အစ်ကို ထမင်းစားဆောင်ကနေ စောင့်နေမယ်။ ချွေးထုတ်ပြီးတာနဲ့ ထမင်းစားဆောင်ကို လိုက်လာခဲ့ပါ"

လင်းလင်းက ရှောင်းရီအား ခေါင်းညိတ်ပြသည်။

ရှောင်းရီသည် မာလုံးကို တစ်ချက်ကြည့်ပြီး အခန်းတံခါးရှိရာသို့ လျှောက်ခဲ့၏။

"တံခါးကို ပိတ်ထားနော်.... ညီမ"

"ညီမ သိပါတယ် အစ်ကို"

ရှောင်းရီ တံခါးဖွင့်ပြီး အပြင်သို့ ထွက်လိုက်သည်။

အခန်းထဲတွင် ရှိနေသော လင်းလင်းသည် တံခါးရှိရာသို့ လျှောက်လာပြီး အတွင်းမှ ချက်ချလိုက်သံကို ကြားရ၏။





ရှောင်းရီက ကျေနပ်စွာ ခေါင်းညိတ်ပြီး စင်္ကြံလမ်းရှည်အတိုင်း လျှောက်ခဲ့သည်။

စိုးရိမ်စိတ်ကြောင့် သူ့မှာ အားကုန် မောပန်းနေသလိုရှိသည်ကို ယခုမှ သတိထားမိ၏။

သူက ထမင်းစားဆောင်ဆီကို ဖြည်းညင်းစွာ လျှောက်ခဲ့ရင်း လွတ်ထွက်သွားသော ရွှေတောင်ပံ သိန်းငှက်အကြောင်း စဉ်းစားသည်။

အကွယ်မှ ကူညီသူသည် မည်သူများပါလိမ့်ဟု မျက်မှောင်ကြုံ့ပြီး စဉ်းစားလာ၏။

ထမင်းစားဆောင်သို့ အရောက်တွင် အတွင်းမှ စကားပြောသံကို ကြားရသည်။

ရှောင်းရီက အဆောင်အတွင်းသို့ ဝင်ခဲ့၏။

စားပွဲကျယ်ကြီးတွင် မြို့စားကြီးနှင့် ခြူဘွားဘွားတို့ ထိုင်နေသည်။

ရှောင်းရီ၏ ခြေသံကို ကြားသည်နှင့် နှစ်ယောက်စလုံး လှည့်ကြည့်လာကြ၏။

သူတို့ နှစ်ယောက်စလုံး ပြောလက်စ စကားကို ဖြတ်လိုက်ကြပြီး ရှောင်းရိအား ဂါရဝ ပြုလိုက်ကြသည်။

မြို့စားကြီးနှင့် ခြူဘွားဘွားတို့၏အပြုအမူကြောင့် ရှောင်းရိ ရင်ထိတ်ခုန်သွား၏။

သူက လျှို့ဝှက်ချက် ပေါ်သွားပြီဟု ချက်ချင်း သိလိုက်သည်။

"မင်းသားလေးကို ဘယ်သူ ဘယ်ဝါမှန်း မသိလို့ သာမန်လူတစ်ယောက်လို ဆက်ဆံမိခဲ့တာ ကျွန်တော်မျိုးတို့ကို ခွင့်လွှတ်ပါ"

ရှောင်းရိက ရယ်မောပြီး လက်ကာပြလိုက်သည်။

"ထိုင်ကြပါဗျာ။ ကျွန်တော့်ကို ဒါလောက် အရိုအသေ ပေးနေဖို့ မလိုပါဘူး။ ကျွန်တော်က ဒီကို မင်းသားလေး အဖြစ်နဲ့ လာတာမှ မဟုတ်တဲ။ ကြေးစား သိုင်းသမား တစ်ယောက် အဖြစ်နဲ့ လာတာပါ။ ကျွန်တော်က တမင် လျှို့ဝှက်ထားတဲ့ အကြောင်းအရာကို မြို့စားကြီးတို့ ဘယ်လိုလုပ် သိလာတာလဲ"

"ကျွန်တော်မျိုးရဲ့ မိတ်ဆွေ ထင်းဆန်းကွေးနဲ့တွေ့ပြီး သိလာတာပါ။ မင်းသားလေး ဒီကို ကြွပါ"





မြို့စားကြီး၏ အလေးထားလွန်း၊ အရိုအသေပေးလွန်းဟန်ကြောင့် ရှောင်းရိ မျက်မှောင်ကြုံ့လိုက်သည်။

သူက မြို့စားကြီးနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ထိုင်လိုက်ပြီး....

"မြို့စားကြီးတို့ ကျွန်တော့်ကို မင်းသားလေး အဖြစ်နဲ့ မဆက်ဆံကြပါနဲ့ဦး၊ ရွှေတောင်ပံ သိန်းငှက် ကိစ္စပြီးမှပဲ ကျွန်တော့် လျှို့ဝှက်ချက်ကို ဖော်ပါ။ လောလောဆယ်မှာ ကျွန်တော် ကြေးစားသိုင်းသမား ရှောင်းရိ အဖြစ်နဲ့ပဲ နေပါရစေ"

"မင်းသားလေးက အခုလို အမိန့်ရှိတော့လဲ လိုက်နာရမှာပဲ။ ကျွန်တော်.... အင်း.... ကျုပ်တို့အနေနဲ့ အမိန့်ကို မလွန်ဆန်ရဲပါဘူး"

"လောလောဆယ်မှာ အမိန့်တို့ အာဏာတို့ ဘာမှ မရှိပါဘူး၊ ဒါတွေကို မပြောပါနဲ့။ မြို့စားကြီးက ကျွန်တော်နဲ့ ပတ်သက်ပြီး သိနေပြီဆိုတော့ ကျွန်တော် မေးစရာရှိတာ ပွင့်ပွင့်လင်းလင်းပဲ မေးတော့မယ်၊ ပျောက်ဆုံးနေတဲ့ ရတနာမြေပုံတစ်ပိုင်း မြို့စားကြီးဆီမှာ ရှိနေတယ်ဆိုတာအမှန်ပဲလား"

မြို့စားကြီးက ခေါင်းကို လျင်မြန်စွာ ညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်။ မြေပုံတစ်ပိုင်းက ကျုပ်ဆီမှာပါ။ ဒီမြေပုံတစ်ပိုင်းကို ခေါ်ဝိဋ္ဌာ သေခါနီးဆဲဆဲမှာ အပ်သွားလို့ ရထားတာပါ။ ကျန်တဲ့ မြေပုံအပိုင်းတွေ ပြန်မရသေးတာနဲ့ ကျုပ်လျှို့ဝှက်ထားတာပါ။ ဒီလျှို့ဝှက်ချက် ဘယ်လို ပေါက်ကြားသွားသလဲဆိုတာ ကျုပ်လဲ မပြောတတ်တော့ဘူး"

"ဒီသတင်း ရွှေတောင်ပံ သိန်းငှက်ဆီကို ရောက်နေပြီလို့ ကျွန်တော် ထင်တယ်။ ဒီရက်အတွင်းမှာ သူ မြို့စားကြီးကို ဒုက္ခပေးလာလိမ့်မယ်။ ဒီနေ့ ညနေစောင်းကပဲ ကျွန်တော်တို့နဲ့ မြို့ပြင်မှာတွေ့ပြီး တိုက်ခိုက်ခဲ့ရသေးတယ်"

"တူမောင်တို့ အပြင်ကပြန်လာတော့ သူနဲ့ တိုက်ခိုက်ခဲ့ပြီးပြီပေါ့"

ရှောင်းရီ ခေါင်းညိတ်ပြလိုက်သည်။

"သူ့လက်ချက်နဲ့ မာလုံး အဆိပ်အပ် အမိခံလိုက်ရတယ်။ ဒါပေမယ့် ရွှေတောင်ပံသိန်းငှက်ကို အကျပ်ကိုင်နိုင်စရာ နည်းလမ်း ပေါ်လာတာနဲ့ ဖြေဆေးရခဲ့ပြီး အခုဆို သူ သက်သာနေပါပြီ"

ရှောင်းရီက ရွှေတောင်ပံသိန်းငှက်နှင့် တွေ့ဆုံခဲ့ပုံ တိုက်ခိုက်ခဲ့ပုံတို့ကို ပြန်ပြောပြသည်။





မြို့စားကြီးနှင့် ခြူဘွားဘွားတို့က နားထောင်ပြီးနောက်....

"အကွယ်က ကူညီတယ်ဆိုတာ ဘယ်သူလဲ"

"မသိဘူး.... ကူညီတဲ့လူက အဆင့်မြင့် သိုင်းသမား တစ်ယောက် ဆိုတာတော့ သေချာတယ်။ ဆံထိုးကို လက်နက်ပုန်းအဖြစ် သုံးပြီး လှုပ်ရှားနေတဲ့ လက်ကို ထိအောင် ပစ်တာ တော်ရုံပညာ မဟုတ်ဘူး။ ကျွန်တော်တို့ အသံမကြားအောင် လာပြီး အသံမကြားအောင် ပြန်ထွက်သွားတာကလဲ အဆင့်မြင့် ကိုယ်ဖော့ပညာရှင်ဆိုတာ ထင်ရှားနေတယ်"

"ဘာပဲဖြစ်ဖြစ် ရွှေတောင်ပံသိန်းငှက်ကို ဆန့်ကျင်ချင်တဲ့လူ နောက်တစ်ယောက် တိုးလာတာ ဝမ်းသာဖို့ကောင်းပါတယ်။ အခုဆိုရင် ကျုပ်တို့ သူ့ကို ပြောင်ပြောင်တင်းတင်း တိုက်ခိုက်ဖို့မဲ့ ရှိတော့တယ်။ အခုအချိန်ကစပြီး သတိမလစ်ဖို့ အရေးကြီးတယ်"

ခြူဘွားဘွားက ဝင်ပြောရင်း အပြင်ဘက်မှ အသံတစ်သံကို နားစွင့်ဟန် ခေါင်းထောင်ကြည့်သည်။

"အချက်ပေး လေချွန်သံကိုကြားလို့ ဒီအိမ်ဝင်း ပတ်ဝန်းကျင်မှာ လျှို့ဝှက်လှုပ်ရှားနေတဲ့လူတွေ ရှိနေပြီ ထင်တယ်။ မသင်္ကာစရာကောင်းတဲ့လူတွေ ဖြတ်သွားဖြတ်လာလုပ်နေတာကို နေ့ခင်းကလဲ တွေ့ခဲ့သေးတယ်"

F.32

ခြုံဘွားဘွား ပြောနေသည့် လျှို့ဝှက် လှုပ်ရှားနေသူများမှာ မာထီဝါးတို့၏ လျှို့ဝှက် အဖွဲ့ဝင်များ ဖြစ်လိမ့်မည်ဟု ရှောင်းရိ တွေးမိသည်။

ယခုညတွင် ရွှေတောင်ပံသိန်းငှက် လှုပ်ရှားမှာ မဟုတ်ဟု သူ တွက်ဆသည်။

အတွေးဆွေးကြားတွင် သူ နှစ်မွန်းနေစဉ် အပြင်ဘက်မှ လျှောက်လာသော မာလုံးနှင့် လင်းလင်းတို့၏ ခြေသံများကို ကြားရလေ၏။

*



## အခန်း (၁၄)

ကြယ်ကလေးများမှာ ကောင်းကင်အနှံ့ ဖြန့်ကျဲထားသကဲ့သို့ ရှိနေသည်။

ကောင်းကင်တစ်ပြင်လုံး မှိတ်တုတ် မှိတ်တုတ်နှင့် လင်းနေသော ကြယ်ကလေးများနှင့် ပြည့်နေ၏။

သူဌေးကြီးပိုင်ယွင်၏ အိမ်ဂေဟာတွင် မီးရောင်များ ထိန်ထိန် လင်းနေသည်။

အိမ်ညှော်ခန်းဆီမှ ရယ်မောလိုက်သံများ အပြင်ဘက်သို့ ပျံ့လွင့်လာတတ်၏။

ပိုင်ရီဖုန်း၏ မင်္ဂလာပွဲအတွက် ပျော်ပွဲရွှင်ပွဲ ကျင်းပနေခြင်းဟု ခြံဝင်းအတွင်းရှိ သစ်ပင်မြင့်မြင့်ကြီးပေါ်သို့ ရောက်နေသော ရှောင်းရိ နားလည်လိုက်သည်။

သူက သစ်ပင်ခွဆုံတွင်ထိုင်ပြီး အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ် ငြိမ်သက်သည့် အချိန်ကို စောင့်နေသည်။

သူသည် သစ်ပင်ခွကြားတွင်ထိုင်ပြီး ပြဿနာအစအဆုံးကို အပြန်ပြန်အလှန်လှန် စဉ်းစားသည်။

ကျင်းလိန်မှစခဲ့သော အဖြစ်အပျက်သည်ကျန်းနန်ထိအောင် ရောက်လာသဖြင့် ရွှေတောင်ပံသိန်းငှက်၏ လှုပ်ရှားမှုကို စိတ်ထဲမှ စေးမှတ် တွက်ဆနေမိသည်။

ရွှေတောင်ပံသိန်းငှက်သည် အစီအစဉ်ချပြီး အကွက်ကျကျ လုပ်ကိုင်တတ်သူ ဖြစ်ကြောင်း တွေးမိလာ၏။

သူက ရွှေတောင်ပံသိန်းငှက်သည် ဝေးဝေးလံလံတွင်မရှိဘဲ သူဝင်ရောက်ပတ်သက်မိသော အသိုင်းအဝိုင်း တွင်သာ ရှိရမည်ဟု ယုံကြည်သည်။

ရုပ်ဖျက်ပညာတော်ပြီး သိုင်းပညာ ထက်မြက်သော ရွှေ တောင်ပံ သိန်းငှက်သည် သူ့ပတ်ဝန်းကျင်မှ မည်သူများ ဖြစ် နိုင်မှာပါလိမ့်ဟု တစ်ယောက်စီ၏အကြောင်းကို စဉ်းစားရင်း ဆင်ခြင်သုံးသပ်ကြည့်သည်။

သူနှင့် တွေ့စဉ်က ရွှေတောင်ပံသိန်းငှက်မှာ ယောကျ်ားပျို တစ်ယောက်အသွင် ဖြစ်သော်လည်း အချို့ နေရာများတွင်





မိန်းကလေးတစ်ယောက် အသွင်နှင့် တွေ့ရတတ်သည်ဟု သူ ကြားသိထားရသည်။

လုပ်ပုံ ကိုင်ပုံ လှုပ်ရှားပုံအရ ရွှေတောင်ပံ သိန်းငှက်သည် ယောကျ်ားတစ်ယောက်ဖြစ်နိုင်သလို မိန်းကလေးတစ်ယောက် လည်း ဖြစ်နိုင်သည်။

သူက မာလုံး၊ လင်းလင်း၊ ပိုင်ရီဖုန်း၊ ရွှေမင်းသား တန် မင်းလီ အစရှိသည့် ငယ်ရွယ်သူများအနက် ဖြစ်နိုင်ချေရှိသူ ကို စဉ်းစားကြည့်သည်။

တစ်ယောက်ပြီးတစ်ယောက် စာရင်းမှ ပယ်ခဲ့ရင်း နောက် ဆုံး ပိုင်ရီဖုန်း တစ်ယောက်သာ ကျန်ခဲ့သည်။

အသက်အရွယ် ကြီးရင့်သူများအား စဉ်းစားကြည့်သည့် အခါ ကျန်းနန်မြို့စား၊ ချူဘွားဘွား၊ သူဌေးကြီး ပိုင်ယွမ်တို့ကို မသက်ာစရာ ကောင်းသူများအဖြစ် သတ်မှတ်သည်၊

ထိုသူ သုံးယောက်စလုံးသည် ဖြစ်နိုင်ချေရှိသူများပင်။

ဖြစ်နိုင်ချေရှိသူ သုံးယောက်အနက်မှ သူဌေးကြီး ပိုင်ယွင် နှင့် ပတ်သက်ပြီး ယနေ့ညတွင် အဖြေသိရအောင် စုံစမ်းမည် ဟု ရှောင်းရီ စဉ်းစားထားသည်။

ထို့ကြောင့်ပင် သူသည် သစ်ပင်မြင့်မြင့်ပေါ်၌ ဒုက္ခခံကာ ထိုင်နေခြင်း ဖြစ်၏။

အိမ်ကြီးဆီမှ ပေါ်ထွက်လာသည့် ရယ်မောသံကြောင့် ရှောင်းရီ အတွေးပျက်သွားသည်။

သူ့အာရုံက ရယ်သံကြားရသော အိမ်ကြီးဆီသို့ ရောက်သွားသည်။

သူက မီးလင်းနေသော အိမ်ကြီးဆီသို့ လှမ်းကြည့်လိုက်၏၊

ထိုအခါ အိမ်ခေါင်မိုးပေါ်မှ လျှို့ဝှက်လှုပ်ရှားနေသော လူရိပ်ကို တွေ့လိုက်ရသည်။

ရှောင်းရီသည် လှုပ်ရှားနေသူအား မျက်ခြည်မပြတ် ကြည့်သည်။

ထိုသူ အိမ်အမိုးပေါ်တွင် မှောက်ချလိုက်သဖြင့် အမိုးပေါ်ရှိ အပေါက်တစ်ပေါက်မှအောက်ဘက်သို့ချောင်းမြောင်းကြည့်ရှုနေခြင်းဟု နားလည်လိုက်သည်။

အိမ်ကြီးဆီမှ ရယ်မောသံများ ရုတ်တရက် ပျောက်သွားသည်။





ရယ်မောသံအစား ဆူဆူညံညံ အသံဗလံများ ပေါ်လာ၏။

အိမ်အမိုးပေါ်တွင် မှောက်နေသူ နေရာမှ ရုတ်တရက် ထလိုက်သည်။

သူက ဘေးဘီကို တစ်ချက်ကြည့်ပြီး အမိုးပေါ်မှ ပေါ့ပါးညင်သာစွာ ခုန်ချသည်။

ထိုသူ မြေပြင်ပေါ် ခြေအကျတွင် အော်ဟစ်သံများ ပို၍ဆူညံစွာ ပေါ်လာ၏။

"ရန်သူဟေ့.... ရန်သူ"

"လိုက်ကြစမ်း"

"ဟိတ်.... မပြေးနဲ့"

အိမ်အမိုးပေါ်မှ ခုန်ချလာသူ နေရာမှ လျင်မြန်စွာ ပြေးထွက်သည်။

သူက ကိုယ်ဖော့ပညာသုံးလျက် ခြံဝင်းအတွင်း လှည့်ပတ်ပြေးလွှားသည်။

သူဌေးကြီး ပိုင်ယွင်၏ အမှုထမ်းသိုင်းသမားများက ပြေးနေသူ နောက်သို့ တသီတတန်းကြီး လိုက်ကြသည်။

ညာသံပေး အော်ဟစ်လျက် ပြေးလိုက်ရင်း ထိုသူတို့ တစ်ယောက်ပြီး တစ်ယောက် မြေပြင်ပေါ်သို့ လဲကျကုန်၏၊

မီးလင်းနေသော အိမ်အတွင်းမှ သူဌေးကြီး ပိုင်ယွင်၊ ပိုင်ရီဖုန်းနှင့် ရွှေမင်းသား တန်မင်းလီတို့ ပြေးထွက်လာကြသည်၊

အိမ်ဝင်းထဲ ကျူးကျော်ဝင်ရောက်လာသူ လှည့်ပတ် ပြေးလွှား နေရာမှ ကိုယ်ဖော့ပညာသုံးပြီး အုတ်တံတိုင်းကို ခုန်ကျော်လျက် အပြင်သို့ ပြေးထွက်သွား၏။

"ပြေးပြီ၊ ပြေးပြီ"

"လိုက်ကြဟေ့"

သူဌေးကြီး ပိုင်ယွင်၏ အမှုထမ်းသိုင်းသမား အများအပြား ခြံဝင်းအပြင်သို့ ပြေးထွက်သွားကြသည်။

တစ်ခဏအကြာ ခြံဝင်းအပြင်ဘက်မှ တိုက်ခိုက်သံများ ပေါ်လာ၏။





သူဌေးကြီး ပိုင်ယွင်တို့ လူစုသည် အိမ်ရှေ့တွင်ရပ်ပြီး အခြေအနေ ကြည့်နေကြသည်။

ပြီးနောက် တိုင်ပင်ထားသည့်အလား အားလုံး ခြံဝင်းထဲသို့ ပြေးဆင်းလိုက်ကြ၏။

ရှောင်းရီသည် သူ့အတွက် အခွင့်အရေးပေါ်ပြီဟု တွေးမိပြီး သစ်ပင်ပေါ်မှတစ်ဆင့် အိမ်ကြီး၏ လသာဆောင်သို့ ခုန်ဆင်းသည်၊

လသာဆောင်တွင် ခေတ္တရပ်၍ အခြေအနေကို ကြည့်ပြီး အိမ်ထဲသို့ ဝင်လိုက်သည်။

သူသည် တစ်ခန်းဝင် တစ်ခန်းထွက်ဖြင့် လျင်မြန်စွာ လှုပ်ရှားပြီး သူဌေးကြီး ပိုင်ယွင်၏ အခန်းကို ရှာသည်။

အိမ်ကြီး၏ ညာဘက်အစွန်တွင်ရှိသော ခမ်းခမ်းနားနား ပြင်ဆင်ထားသည့် အခန်းသည် သူဌေးကြီး ပိုင်ယွင်၏ အခန်းဟု သိလိုက်၏။

သူက အခန်းထဲတွင် လျင်မြန်စွာ မွှေနှောက်ရှာဖွေသည်၊

သေတ္တာတစ်လုံးထဲမှ ရုပ်ဖျက်ဆေးများ၊ မျက်နှာတု သားရေပြားများကို တွေ့သဖြင့် သူက မျက်နှာတု တစ်ခုကို ယူပြီး သိမ်းဆည်းလိုက်သည်။

ပြီး…. အခန်းထဲတွင် အံ့ဝှက်များ၊ လျှို့ဝှက်ထွက်ပေါက် များ ရှိ မရှိ ဆက်ပြီး စစ်ဆေးကြည့်ရှုသည်။

သူက သူဌေးကြီး၏ ကြေးခုတင်ခေါင်းရင်းရှိ မီးတိုင်ကို ထွန်းကြည့်သည်။

မီးတိုင်စောင်းသွားပြီး ကျွီခနဲ မြည်သံနှင့်အတူ အခန်းနံရံတွင် တံခါးပေါက်တစ်ပေါက် ပေါ်လာ၏။

သူက ထိုတံခါးပေါက်ထဲသို့ ပြေးဝင်လိုက်သည်၊

သူ ဝင်မိသည်နှင့် ပွင့်နေသည့် တံခါးပေါက် ဝုန်းခနဲ ပြန်ပိတ်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွားလေ၏၊

*



ရန်သူ၏ ထောင်ချောက် အတွင်းသို့ သူ ကျရောက်ပြီဟု ရှောင်းရိ တွေးမိသည်။

သူက အမှောင်ထဲတွင် နံရံကို လက်ဖြင့်စမ်းပြီး တရွေ့ ရွေ့ ရွေ့တိုးခဲ့၏။

ရွေ့ရင်း တိုးရင်း သူ၏ ခြေထောက်များက ကြမ်းပြင်ကိုသာနင်းမိပြီး အောက်သို့ ဝုန်းခနဲ ကျသွားရသည်။

ရှောင်းရိက အောက်သို့ ကျဆင်းစဉ်တွင် ကိုယ်ဖော့ပညာသုံးပြီး အပေါ်သို့ ပြန်ခုန်တက်ရန် ကြိုးစားသည်။

ထို့ကြောင့်ပင် အောက်ခြေကြမ်းပြင်ပေါ်သို့ သူကျသည့်အခါ ရပ်လျက်သား ကျသွားခြင်းဖြစ်၏။

သူသည် အမှောင်ထဲတွင် ခေတ္တငြိမ်ပြီး ရပ်နေ၏။

မြေတိုက်ခန်းတစ်ခုတွင် သူ ပိတ်မိပြီဟု တွေးလျက် ထွက်ပေါက်ကို ရှာရန် စဉ်းစားသည်။

သူက ခြေလှမ်းတစ်လှမ်းစီရွေ့ရင်း ဘေးတစ်ဖက်တစ်ချက်ကို လက်ဖြင့်စမ်းသည်။

အမာခံ တစ်စုံတစ်ရာကိုမှ မစမ်းမိဘဲ လေကိုသာ စမ်းမိ၏။

သူက စိတ်မလျှော့ဘဲ ခြေလှမ်း ရွှေ့မြဲ ရွှေ့ပြီး ဘေးပတ်လည်ကို စမ်းကြည့်သည်။

ရွှေ့ရင်း စမ်းရင်းနှင့် နံရံတစ်နေရာကို စမ်းမိသွား၏၊

သူသည် နံရံဘေးမှကပ်ပြီး တရွှေ့ရွှေ့နှင့် တိုးရွှေ့ခဲ့သည်၊

ငါဟာ ထောင်ချောက်ကိုတောင် မသိရအောင် မိုက်မဲလှပါလားဟု ခြေလှမ်းရွှေ့ရင်းမှ သူ့ကိုယ်သူ အပြစ်တင်မိသည်၊

အမှန်စင်စစ် သူသည် ထောင်ချောက်အတွင်းသို့ ကျနေခြင်း မဟုတ်ဘဲ လျှို့ဝှက်မြေအောက်ခန်းသို့ အမှတ်မထင် ကျခဲ့ခြင်းသာ ဖြစ်သည်။

သူက ဘေးတိုက် ရွှေ့ခဲ့ရင်းမှ အမှောင်ထဲတွင် မျက်စိကျင့်သားရအောင် ကြိုးစားသည်။

သူ့မျက်လုံးအစုံ အမှောင်ထဲမှာ ကျင့်သားမရခင် စူး၍သော အလင်းရောင်ကို ဖျတ်ခနဲ တွေ့လိုက်ရ၏။

ရှောင်းရိက မျက်လုံးများ ပြာဝေသွားသဖြင့် မျက်နှာကို လက်ဖြင့် ကာလိုက်သည်။



တစ်ခဏမျှကြာအောင် ငြိမ်နေပြီးနောက် သူသည် လက်ဖယ်၍ မျက်လုံးအစုံကို ဖြည်းညင်းစွာ ဖွင့်သည်။

အလင်းရောင်ဝင်ရောက်နေသည့်နေရာမှာ မြေအောက်ခန်း၏ ထွက်ပေါက်ပင် ဖြစ်သည်။

ထိုထွက်ပေါက် ပွင့်လာခြင်းကို သူ စဉ်းစားမရ၊ အဖြေရှာ၍ မရဘဲ ရှိနေ၏။

သူသည် အခွင့်သာခိုက်တွင် လှုပ်ရှားတတ်သူပီပီ အပြင်ဘက်သို့ ရိပ်ခနဲ ခုန်ထွက်လိုက်သည်။

မြေပြင်ပေါ် ခြေချမိချိန်မှာပင် လေတိုးသံနှင့်အတူ အေးစိမ့်သော လေတစ်ချက် ကျောပြင်ဘက်မှ ဝှေ့ယမ်းလာသည်။

ရှောင်းရိက အပေါ်သို့ ခုန်တက်ပြီး လေထဲတွင် ကျွမ်းပစ်၍ သူ ကျောခိုင်းထားခဲ့ရာသို့ ကြည့်သည်၊

ထွက်ပေါက်ဘေး နံရံတွင်ကပ်ရပ်ပြီး အတွင်းမှ ထွက်လာသော ရှောင်းရိကို လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သူမှာ ပိုင်ရီဖုန်း ဖြစ်နေသည်။

ရှောင်းရိက သူ့အား တိုက်ခိုက်သူသည် ပိုင်ရီဖုန်းဟု သိသည်နှင့်....

"မင်းက ကျုပ်ကို မကျေနပ်လို့ ထောင်ချောက်ဆင်ပြီး တိုက်ခိုက်တာပေါ့ ဟုတ်လား"

ရှောင်းရှိ၏ စကားအဆုံးတွင် ပိုင်ရီဖုန်း အေးစက်စက် ရယ်မောလိုက်သည်။

သူက ရှောင်းရှိထံ လက်ဝါးတစ်ချက် ရိုက်သွင်းပြီး....

"အထဲကို ရောက်နေတဲ့လူဟာ ရှင်မှန်း ကျွန်မ မသိဘူး၊ သိရင် တစ်ချက်တည်းနဲ့ အသေသတ်တယ်"

ရှောင်းရှိက ပိုင်ရီဖုန်း၏ ရိုက်ချက်ကို အလွယ်တကူ ရှောင်သည်။

ရှောင်တိမ်းရင်းနှင့် သူက ခြောက်ကပ်စွာ ရယ်လိုက်သည်၊

"မင်း သတ်ချင်ပေမယ့် ကျုပ်က လွယ်လွယ်နဲ့သေနိုင်တဲ့ လူမျိုး မဟုတ်ပါဘူး။ ကျုပ်ကတော့ မင်းအပေါ် အနာတရ တောင် မဖြစ်စေချင်လို့ သွားတော့မယ်"

"ရပ်လိုက်"





ပိုင်ရီဖုန်းက အော်ဟစ်တားဆီးသော်လည်း ရှောင်းရှိသည် ကိုယ်ဖော့ပညာသုံးပြီး ပြေးထွက်သည်။

သူသည် ခြေဦးတည့်ရာသို့ ပြေးခဲ့ရင်းမှ ရွှေတောင်ပံ သိန်း ငှက်နှင့် တွေ့ဆုံတိုက်ခိုက်ခဲ့သည့် နေရာသို့ ရောက်လာသည်၊

သည်နေရာမှ သူဌေးကြီး ပိုင်ယွင်၏ အိမ်အောက် မြေတိုက် ခန်းသို့ လျင်မြန်စွာ ရောက်နိုင်ကြောင်း စဉ်းစားမိပြီး ပိုင်ရီဖုန်း နှင့် သူဌေးကြီး ပိုင်ယွင်တို့အပေါ် ပို၍ သင်္ကာမကင်း ဖြစ်လာ မိသည်။

သူသည် ပိုင်ရီဖုန်း နောက်မှ ပြေးလိုက်လာသည်ကို သိသဖြင့် ကြယ်ရောင်ကို အားပြုပြီး မြို့ဘက်သို့ ဆက်ပြေးသည်၊

မြို့အဝင်သို့ ရောက်သောအခါ ပြေးနေခြင်းကို ရပ်ပြီး နောက်သို့ တစ်ချက်ပြန်ကြည့်သည်။

ကြယ်ရောင်အလင်းတွင် မည်းမည်းရိပ်ရိပ်နှင့် ပြေးလာနေ သော ပိုင်ရီဖုန်းအား တွေ့လိုက်ရ၏။

ရှောင်းရှိသည် သစ်ပင်တစ်ပင်အကွယ်သို့ ဖျတ်ခနဲ ဝင်လိုက် သည်။

ပြီး.... ပြေးလာနေသည့် ပိုင်ရီဖုန်းအား စောင့်သည်။

ပိုင်ရီဖုန်း သူ့အနားသို့ အရောက်တွင် သစ်ပင် အကွယ်မှ ဖျတ်ခနဲထွက်ပြီး ပိုင်ရီဖုန်းအား အကြောထိုးပိတ်လိုက်သည်။

ပြေးလာနေသည့် ပိုင်ရီဖုန်း၏ ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။

တစ်ဆက်တည်းပင် သူသည် မြေပြင်ပေါ် ဒူးထောက်လျက်သား ကျသွား၏။

"ကျုပ်က မင်းကို ရန်မရှာချင်ပေမယ့် မင်းကတော့ ကျုပ်ကို အမြဲရန်ရှာတယ်။ ဒါပေမယ့် ကျုပ် မင်းကို မတုံ့ပြန်ပါဘူး။ နောက် နာရီဝက်ကြာရင် မင်းရဲ့ အကြောတွေ အလိုလို ပြန်ပွင့်လာလိမ့်မယ်။ လောလောဆယ် မင်းကို အန္တရာယ်ကင်းအောင် လုံခြုံတဲ့နေရာ ရွှေ့ပေးထားခဲ့ပါမယ်"

ရှောင်းရီက ပိုင်ရီဖုန်းအား ပွေ့ချီပြီး လုံလုံခြုံခြုံရှိသော ခြုံပုတ်တစ်ခုအတွင်း၌ ချထားသည်။

သူက ကြယ်ရောင်အလင်းဖြင့် ပိုင်ရီပိုန်းအား စူးစိုက်ကြည့်ပြီး....





"ကျုပ် အခုလို မလုပ်ချင်ပါဘူး၊ ဒါပေမယ့် ဒီလိုမလုပ်ရင် မင်း ကျုပ်ကိုလိုက်ပြီး ရန်ရှာနေဦးမှာမို့ မတတ်သာလို့ ထားခဲ့ရတာပါ။ ကျုပ် သွားတော့မယ်"

ရှောင်းရီသည် အမှောင်ထဲတွင် အရောင်တဖျပ်ဖျပ် လက်နေသော ပိုင်ရီဖုန်း၏ မျက်လုံးအစုံကို စူးစူးစိုက်စိုက် ကြည့်ပြီး နေရာမှ ပြေးထွက်သည်။

လမ်းတ လျှောက်လုံးတွင် သူသည် ပိုင်ရီဖုန်း၏ အမုန်းမျက်လုံးများကို မြင်ယောင်နေမိသည်။

သို့နှင့်အမျှ သူ့ရင်ထဲတွင် မခံချိမခံသာ ဖြစ်နေရ၏။

သူသည် လမ်းအတိုင်းပြေးနေရာမှ အနီးဆုံးရှိ အိမ်တစ်အိမ်၏ အမိုးပေါ်သို့ ခုန်တက်လိုက်သည်။

အိမ်တစ်အိမ်၏ အမိုးပေါ်မှ နေ၍ အခြား တစ်အိမ်၏ အမိုးပေါ်သို့ ခုန်ကူးပြီး မြို့စားစံအိမ်ရှိရာသို့ ပြေးခဲ့သည်။

မြို့စားစံအိမ်နှင့် တဖြည်းဖြည်းနီးလာ၏။

ပိုင်ရီဖုန်းကျန်ခဲ့ရာနှင့် တဖြည်းဖြည်း ဝေးလာသည်။

F 33



လွင်စာပေ

သူက ပြေးသွားရင်း ကိုယ်တွင်ဝှက်ထားသော မျက်နှာတုကို စမ်းမိသွား၏။

ရွှေတောင်ပံသိန်းငှက်သည် ပိုင်ချီဖုန်း သို့မဟုတ် သူဌေးကြီးပိုင်ယွင်တို့ တစ်ယောက်ယောက်ဖြစ်နေမည်ဟု ခိုင်မာစွာ ယူဆမိလေ၏။

*



## အခန်း (၁၅)

လေက ဟူးဟူးရားရား တိုက်ခတ်နေသည်။

သစ်ပင်ဝါးပင်တို့၏ အကိုင်းအခက် အလက်အရွက်များ လေအဟုန်တွင် တလွင့်လွင့်ပါနေ၏။

တိုက်ခတ်နေသည့် လေထဲတွင် မိုးစက်မိုးပေါက်များ ပါလာသည်။

တစ်ချက်တစ်ချက်တွင် လျှပ်ပန်းနွယ်မှာ တဝင်းဝင်းလက်သွားတတ်၏။

မြို့စားစံအိမ်ဗဟိုလည်တွင် ထွန်းထားသည့် မီးပုံးများမှာ ပြင်းထန်သော လေအဟုန်ကြောင့် ငြိမ်းသေကုန်၏။

မြို့စားကြီးက ခြံဝင်းအတွင်း လှည့်ပတ်နေသော အစောင့်များကို စံအိမ်ရှေ့ အမိုးအကာအောက်သို့ ခေါ်ယူပြီး အချို့ကို အိမ်နောက်ဖေးဘက်တွင် နေရန် နေရာချလိုက်သည်။

ကျန် အိမ်သူအိမ်သားများနှင့် ရှောင်းရိတို့အား ဧည့်ခန်းတွင် စုဝေးနေစေ၏။

ညအမှောင်က တဖြည်းဖြည်း ရင့်လာသည်။

အဆက်မပြတ် တိုက်ခတ်နေသည့် လေ တဖြည်းဖြည်း ငြိမ်သွား၏။

ခပ်ကျဲကျဲရွာနေသည့် မိုးက တဖြည်းဖြည်း သည်းလာသည်။ မကြာခင်မှာပင် တာရိုးကြီးကျိုးကျသလို မိုးကြီး သဲမဲရွာလေ၏။

မိုးထဲရေထဲတွင် ရန်သူလာမှာမဟုတ်ဟု စိတ်ချ ယုံကြည်မှု ပြုလာ၏။

ဧည့်ခန်းတွင် စုဝေး နေသူများ ရေနွေးကြမ်းသောက်သူ သောက်၊ အရက်သောက်သူ သောက်၊ စားသောက်ဖွယ်ရာများ စားသူ စားနှင့် စကားတွေဖောင်ဖွဲ့ ပြောဆိုနေကြသည်။





ရှောင်းရိသည် ဖောင်ဖွဲ့ပြောဆိုနေသည့် စကားဝိုင်းတွင် မဝင်ဘဲ ရေနွေးကြမ်းသောက်ရင်း အပြင်ဘက်သို့ မကြာခဏ နားစွင့်သည်။

မိုးပေါက်ကျသံမှအပ အပြင်ဘက်တွင် အခြား အသံဗလံ မရှိ။

သို့သော် ရှောင်းရိသည် စိတ်ချလက်ချမရှိနိုင်ဘဲ သတိမြဲစွာနှင့် နေမြဲအတိုင်း နေနေသည်။

မိုးက အတန်ကြာအောင် သဲသဲမဲမဲရွာနေပြီးနောက်တဖြည်းဖြည်း မိုးအကျကျဲလာသည်။

လေပြည် ဝှေ့ယမ်းလိုက် မိုးတဖွဲဖွဲရွာလိုက်နှင့် ဆက်ပြီး ရွာနေ၏။

မပြတ်ကြားနေရသည့် မိုးသံလေသံကြားမှ တိုးတိတ် ညင်သာစွာ ပေါ်ထွက်နေသော အသံတစ်သံကို ရှောင်းရိ သတိပြုလာမိသည်။

ထက်မြက်သော သူ၏ နားအာရုံကို လာရောက် ရိုက်ခတ်သည့် ထိုအသံမှာ လူတစ်ယောက်၏ သိမ်မွေ့ ညင်သာစွာ လှုပ်ရှားသံဟု စိတ်ထဲက ထင်မှတ်လိုက်မိ၏။

သူသည် နေရာမှ ဖြည်းညင်းစွာ ထလိုက်၏။

အသံပေါ်ထွက်နေရာသို့ ခြေလှမ်းကို လျင်မြန်စွာ ရွှေ့လှမ်းသည်။

သူ၏ အခြေအနေကို ကြည့်နေပုံရသော မာလုံးနှင့် လင်းလင်းတို့ နောက်မှကပ်ပြီး ပါလာသည်။

ကြားနေရသည့် အသံကို ဖုံးအုပ်လျက် ပေါ်လာသော မာလုံးတို့၏ ခြေသံကြောင့် ရှောင်းရိ စိတ်အနှောင့်အယှက် ဖြစ်သွားသည်။

သူက နောက်မှလိုက်လာသော မာလုံးတို့ အနားသို့ ရောက်သည်ထိ ရပ်ပြီး သူတို့အနား ရောက်လာသောအခါ အသံမထွက်စေရန် လက်ဟန်ပြလိုက်သည်။

မာလုံးတို့၏ ခြေသံများ ပျောက်သွားသည်နှင့် တိုးတိတ်စွာ ပေါ်ထွက်နေသော အသံကို ဆက်ပြီး နားစွင့်သည်။

ထိုအသံမှာ ရေစွတ်စွတ်စိုနေသော မြေပြင်ပေါ် လျင်မြန်ပေါ့ပါးစွာနင်းပြီး ပြေးလာသည့် ခြေသံပင် ဖြစ်သည်။

"ရန်သူ လာနေပြီ၊ ညှော်ခန်းမှာရှိတဲ့ လူတွေကို သွားပြီး သတိပေးလိုက်ပါ"





ရှောင်းရိက မာလုံး၏နားသို့ ကပ်ပြီး ပြောသည်။

မာလုံး ထွက်သွားသည်နှင့် သူက အိမ်ရှေ့တံခါးဘက်သို့ ခြေဖော့နင်း ပြေးထွက်သည်။

"ဝှစ်"

"အား"

အသံနှစ်သံကို တစ်ပြိုင်နက်တည်း ကြားရသည်။

ရှောင်းရိသည် အစောင့်များရှိနေသော အိမ်ရှေ့ခန်းသို့ ခုန်ဝင်လိုက်၏။

ဖွင့်ထားသည့် ပြတင်းပေါက် အနီးတွင် ထိုင်နေသော အစောင့်တစ်ယောက်၏ ရင်ဘတ်တွင် မားတန်းလန်း စိုက်နေသည်ကို တွေ့ရသည်။

ရုတ်တရက် ဖြစ်သွားသည့် အဖြစ်ကြောင့် ကျန်အစောင့်များ ကြက်သေ သေနေကြသည်။

ရှောင်းရိက မားစိုက်ဝင်နေသူအား ဆွဲထူပြီး မားကို နုတ်ယူလိုက်သည်။

ဓားအရိုးတွင် အသေအချာ ချည်ထားသော စာတစ်စောင် ပါသည်ကို တွေ့ရ၏။

သူက အစောင့်၏ ဓားဒဏ်ရာ အနီးဝန်းကျင်ကို သွေးကြော ပိတ်လိုက်သည်။

ကျန်အစောင့်များအား ဖျတ်ခနဲကြည့်၍....

"ဘာကြောင်နေကြတာလဲ။ ရန်သူလာသွားပြီဆိုတာ မသိဘူးလား။ ပြတင်းပေါက်ကို မြန်မြန်ပိတ်။ ဒီအမှောင်ထဲမှာ ရန်သူကို ထွက်ရှာလို့လဲ တွေ့မှာမဟုတ်ဘူး"

အစောင့်က ခေါင်းညိတ်ပြပြီး ပြတင်းပေါက်ကို ထပိတ်လိုက်သည်။

ရှောင်းရိုက ဒဏ်ရာရထားသည့် အစောင့်ကို ချီမပြီး အတွင်းဘက်သို့ ခေါ်ခဲ့သည်။

ဧည့်ခန်းဆောင်တွင် အသံဗလံတွေ တိတ်ဆိတ်နေပြီ ဖြစ်သည်။

မာလုံး အကြောင်းကြားသဖြင့် ရန်သူ့အသံကို နားစွင့်နေကြသူများက ရှောင်းရို ရောက်လာသည်နှင့် အနားသို့ ဝိုင်းလာသည်။





"ဝိုင်းမလာကြနဲ့။ ဘေးဖယ်နေပါ။ ဒီမှာ ဒဏ်ရာရထားတယ်။ သူ့ကို ပြုစုကုသပေးကြပါ"

ရှောင်းရို နောက်သို့ အရိပ်ပမာ လိုက်နေခဲ့သော လင်းလင်းက ဒဏ်ရာရသူအား ပြုစုကုသရန် လွှဲယူလိုက်သည်။

သူက ဒဏ်ရာရသူ၏ အင်္ကျီရင်ဘတ်စကို ဖွဲပြီး ဓားဒဏ်ရာ အနီးတွင် ပေကျံနေသည့် သွေးများကို သုတ်သည်။

ပြီး.... ဒဏ်ရာထဲသို့ ဆေးရည်ညိုညိုများ လောင်းထည့်၏။

"ဒဏ်ရာက နက်ပေမယ့် အတွင်းကလီစာတွေကို ထိပုံမရဘူး။ အနာကျက်ဆေး ထည့်လိုက်ရင် ကောင်းသွားမှာပါ"

ရှောင်းရိုသည် လင်းလင်း၏ လက် ဖြူဖြူသွယ်သွယ်လေး ကျင်လည်စွာ လှုပ်ရှားနေပုံကို ငေးကြည့်၏။

အတန်ကြာမှ သူက သတိဝင်လာပြီး လက်ထဲတွင် ကိုင်ထားသော ဓားမြှောင်ကို ကြည့်သည်။

ဓားမြှောင်အရိုးတွင် ပတ်ချည်ထားသော စာကို ဖြုတ်ယူလိုက်၏။

မြို့စားကြီး....

ခင်ဗျားဆီက ပစ္စည်းကို ပေးအပ်ဖို့ အသင့်ပြင်ထားပါ။ အသက်ထက်ပိုပြီး တန်ဖိုးရှိတာ ဘာမှ မရှိဘူး။ ဒါကိုသိရင် ခင်ဗျားဆီက ပစ္စည်းကို မက်မနေပါနဲ့။ ကျုပ်ကို ပေးချင်တဲ့ဆန္ဒ မရှိရင်တော့ ခင်ဗျား သေလူဖြစ်ပြီဆိုတာ သိထားပါ။ ကျုပ် သုံးရက်အတွင်း လာယူမယ်''

ရွှေတောင်ပံ သိန်းငှက်

စာမှာ ရွှေတောင်ပံသိန်းငှက်အတုက ရေးပို့သော စာနှင့် အနည်းငယ် ကွဲလွဲသည်။

လက်ရေးလက်သား တူသော်လည်း အသုံးပြုသည့် စုတ်တံနှင့် စာရွက် မတူပေ။

ရှောင်းရိက သူ့လက်ထဲမှ စာကို မြို့စားကြီးအား လှမ်းပေးသည်။

မြို့စားကြီးက စာကို ယူပြီး ကပျာကယာ ဖတ်၏။





စာဖတ်ပြီးသောအခါ မြို့စားကြီးမှာ အတန်ကြာအောင် ငေးငိုင်သွားသည်။

တစ်ခဏအတွင်းမှာပင် ညှော်ခန်းဆောင်တစ်ခုလုံး မီးကို ရေဖြင့် ငြိမ်းသတ်သလို တိတ်ဆိတ်သွားလေ၏။

*

"ရန်သူကို အခုလိုပုံစံမျိုးနဲ့ စောင့်ရင် ဖမ်းမိဖို့နေနေသာသာ ဒီမှာရှိနေတဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက် အမှည့်ကြွေ ကြွေသွားကြလိမ့်မယ်။ ရန်သူဟာ သိပ် ပါးနပ်တယ်။ ပြီးတော့ သူလိုချင်တာရအောင် သည်းခံ စောင့်ဆိုင်းတတ်တဲ့အကျင့်ရှိတယ်။ ခင်ဗျားတို့တစ်တွေ အခုထက်ပိုပြီး သတိမြဲမယ် စိတ်ရှည်ရှည်နဲ့ စောင့်နိုင်မယ်ဆိုရင်တော့ ရန်သူကိုမိမှာအမှန်ပဲ''

မြို့စားကြီးသည် ရှောင်းရိအား တည်ကြည်လေးနက်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

"ကျုပ်တို့ ရန်သူ လာတာကို မသိလောက်အောင် ပေါ့လျော့သွားမိတာ အမှန်ပဲ။ ဒါလောက် မိုးသည်းနေချိန်မှာ ရန်သူဟာ မိုးထဲလေထဲ ဖြတ်လာမှာမဟုတ်ဘူးလို့ ထင်မြင်မိတဲ့အတွက် အခုလို ဖြစ်ရတာပဲ။ ရန်သူဟာ အတွက်အချက် ကောင်းပြီး ပါးနပ်ထက်မြက်တယ်၊ သူ့ကို ခုခံမယ့် သူတွေ မထင်မှတ်ချိန်မှာ ရောက်လာပြီး လေလိုပဲ ပြန်ထွက်သွားတာဟာ သူ့အရည်အချင်းပဲ။ တကယ်လို့ သူက ကျုပ်တို့ အားလုံးကို အဆိပ်နဲ့ လုပ်ကြံရင် ကျုပ်တို့ အခုအချိန်မှာ အသက်ရှိကြတော့မှာတောင် မဟုတ်ဘူး"

မြို့စားကြီး၏ စကားကြောင့် အခန်းထဲတွင် ရှိနေသူများသည် ကိုယ့်အားနည်းချက်ကို ကိုယ် ဆင်ခြင်မိပြီး ခေါင်းငုံ့သွားကြလေ၏။

"ဒီညအဖို့တော့ ရန်သူ ထပ်လာတော့မှာ မဟုတ်ဘူး။ ဒါပေမယ့် အဲဒါကို လုံးလုံး စိတ်ချထားလို့တော့ မရဘူး၊ ရန်သူက ဥာဏ်သိပ်များတော့ မလာဘူးလို့ ထင်တဲ့အချိန်မှာ ရောက်ချင် ရောက်လာလိမ့်မယ်။ အိမ်ရှေ့နဲ့ နောက်ဖေးဘက်မှာ အစောင့်တွေကို အလှည့်ကျထားပြီး အိပ်ကြပါ။ အားလုံး သတိရှိရှိနဲ့ အိပ်ဖို့လိုတယ်"

ရှောင်းရိက ညှိခန်းဆောင်ထဲတွင် ရှိနေသူများအား လှမ်းပြော၏။





ပြီး.... ရန်သူအား ထောင်ချောက် ဆင်နိုင်ရေးအတွက် အသေးစိတ် တိုင်ပင်ရန် မြို့စားကြီးတို့လူစုအားခေါ်ပြီး အခန်းဆောင် တစ်ဆောင်တွင် စုလိုက်ကြသည်။

ရှောင်းရိတို့ လူစုတွင် မြို့စားကြီး၊ ချူဘွားဘွား၊ မာလုံး၊ လင်းလင်းနှင့် စံအိမ်တော် လက်ရွေးစင် သိုင်းသမား ခေါင်းဆောင် တိမ်ပျံကုန်းချီတို့ ပါ၏။

ရှောင်းရိက သူစဉ်းစားထားသည့် အစီအစဉ်ကို ပြောပြသည်။

မြို့စားကြီးတို့က ရှောင်းရိ၏ အစီအစဉ်တွင် ဟာကွက် ပေါ့ကွက်ရှိသည်များကို ထောက်ပြပြီး ပြုပြင်သင့်သည်တို့ကို အကြံပေးသည်။

"ယန္တရားဆင်ထားတဲ့ စာကြည့်ဆောင်မှာ ရန်သူသလိုရှိတဲ့ ပစ္စည်းကို ထားပြီး အဲဒီအခန်းမှာ မြို့စားကြီးကိုယ်တိုင်စောင့်။ အနီးအနားက အခန်းတွေမှာ ဒီက လူတွေ စောင့်ကြတာ ကောင်းပါတယ်။ ရန်သူဟာ ပုံမှန်အတိုင်း ဖောက်ဝင်လာရင် အပိုခံရမှာ အသေအချာပဲ။ ဒါပေမယ့် သူက ပုံမှန်အတိုင်း မလာဘဲ အမိုးကိုဖောက်ပြီး ဆင်းလာခဲ့ရင်တော့ စီစဉ်ထားတာတွေ အားလုံး ပျက်စီးမှာ သေချာတယ်"

အသက် အငယ်ဆုံးဖြစ်သော မာလုံး၏ စကားကြောင့် မြို့စားကြီး သဘောကျသွားသည်။

သူက ရှောင်းရီအား လှမ်းကြည့်ပြီး ခေါင်းညိတ်ပြ၏။

ရှောင်းရီက မာလုံးဘက်သို့ လှည့်၍....

"အဲဒီလိုဝင်လာခဲ့ရင်မင်း ဘယ်လိုတားမယ်ကြံထားသလဲ၊ မင်းမှာ စိတ်ကူးရှိရင် ပြောပြပါ"

"လွယ်လွယ်လေးပါ။ ကျွန်တော့်မှာ နဂါးဖမ်းပိုက်ကွန် ပါလာပါတယ်၊ စာကြည့်ဆောင် အပေါ်ဘက်မှာ ပိုက်ကွန် ဆင်ထားလိုက်မယ်။ ဒါဆိုရင် ရန်သူ ဘယ်ကလာလာ ပြေး မလွတ်နိုင်တော့ဘူး"

မြို့စားကြီး မျက်မှောင်ကြုံ့သွားသည်။

သူက မာလုံးအား စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး....

"နဂါးဖမ်းပိုက်ကွန် ဟုတ်လား။ အဲဒါ မင်းရဲ့ ကိုယ်ပိုင် ပစ္စည်းလား"

"ဟုတ်ပါတယ်"





"ဒါဆိုရင် မင်းဟာ နဂါးနက်မာစင်းလျှံနဲ့ ပတ်သက်ရမယ်။ မင်းက သူ့တပည့်လား"

"သူ့သမီးပါ"

မာလုံးက အမှတ်မဲ့ပြောမိပြီးမှ သူ့လျှို့ဝှက်ချက်ကို သူ့ဘာသာသူ ဖော်ထုတ်မိသွားသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွား၏။

မြို့စားကြီးက မာလုံးအား ပြုံးပြလိုက်ပြီး....

"ကျုပ်က မင်းကို မိန်းမဆန်တဲ့ ကောင်လေးတစ်ယောက်လို့ ထင်နေတာ၊ မင်းက တကယ့် မိန်းကလေး အစစ်ကိုး၊ မင်း ခုအချိန်အထိ ပိပိရိရိနဲ့ နေနိုင်တာ ချီးကျူးစရာပဲ၊ နေပါဦး.... မင်းအဖေ နဂါးနက်က ဘယ်ရောက်နေသလဲ။ သိုင်းလောကထဲ ဝင်လာလေ့ မရှိတဲ့ သူက သူ့သမီးဖြစ်တဲ့ မင်းကို သိုင်းလောကထဲ လွှတ်လိုက်သလား"

"ဖေဖေက လွှတ်လိုက်တာမဟုတ်ပါဘူး၊ ကျွန်တော် အင်း.... ကျွန်မတာသာ ကျွန်မ ထွက်လာခဲ့တာပါ။ ထွက်လာခဲ့တာကလဲ ဖေဖေ့ မှတ်တမ်းကို ဖတ်ပြီး ပျောက်ဆုံးနေတဲ့ ရတနာမြေပုံကို ရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ ရတနာမြေပုံပျောက်ဆုံးနေတဲ့

ကိစ္စမှာ လိမ်လည်မှုတွေ၊ မသမာမှုတွေ၊ သစ္စာဖောက်တာတွေ ရှိနေတော့ ဒါတွေကို ကျွန်မ သိပ်ရှင်းချင်တယ်"

"မင်းက နဂါးနက်ကြီးရဲ့ သမီးပီပီ ထက်ထက်မြက်မြက် ရှိသားပဲ။ မင်းအဖေ ငယ်တုန်းက မင်းလိုပဲ သိပ်ထက်မြက်ခဲ့တယ်၊ မတရားဘူးလို့ ယူဆတဲ့ ကိစ္စမှာ သူက အနေသာကြီး နေမယ့် ဝင်စွက်ဖက်တတ်တယ်။ မာလုံးဆိုတာ မင်း နာမည် အရင်း မဟုတ်ဘူး ထင်တယ်"

"ကျွန်မ နာမည်က မာလျန်းလျန်းပါ၊ ကျွန်မရဲ့ အစ်ကို နှစ်ယောက်ဖြစ်တဲ့ မာထိဝါးနဲ့ မာကုန်းလျှောင်းတို့လဲ ဒီမြို့ကို လျှို့ဝှက်ပြီး ရောက်နေကြပါတယ်။ သူတို့က ကျွန်မကို ရှာဖို့ လာကြရင်း ရွှေတောင်ပံ သိန်းငှက်ကို ရှင်းချင်တာနဲ့ လျှို့ဝှက် အဖွဲ့အစည်းတစ်ခုထဲ ဝင်ပါနေကြပါတယ်"

"ဒါဆိုရင် မင်းအဖေ တစ်ယောက်တည်း နဂါးစံအိမ်မှာ ကျန်ခဲ့တာပေါ့"

"ဟုတ်ကဲ့၊ ဖေဖေက ဆယ်နှစ်လုံးလုံး နဂါးနက်စံအိမ်က မခွာပါဘူးလို့ ကျိန်ဆိုထားတဲ့အတွက် ဟိုမှာပဲ နေခဲ့ပါတယ်"

"ဒီကိစ္စထဲမှာ ခင်းတို့ မောင်နှမတစ်တွေ ပါလာတာ အားတက်စရာပဲ။ အခု နဂါးပိုက်ကွန် ဆင်မယ်ဆိုတာ ဆင်





ပေးတော့။ ရန်သူအတွက် အချိန်ဆိုတာ မရှိဘူး။ သူက ရောက်ချင်တဲ့ အချိန် ရောက်လာမှာ။ ကျုပ်တို့ အားလုံး အသင့်ဖြစ်တားဖို့ လိုတယ်"

"ကျွန်မ အခုပဲပိုက်ကွန်ဆင်လိုက်ပါမယ်။ အစ်ကို ရှောင်းရိ ကျွန်မနဲ့ ခဏလိုက်ခဲ့ပါ"

ရှောင်းရိက ခေါင်းညိတ်ပြလိုက်သည်။

မြို့စားကြီးက တိမ်ပျံကုန်းချီအား လှမ်းကြည့်၍....

"ကုန်းချီ၊ စာကြည့်ဆောင်ကို မင်းကိုယ်တိုင် လိုက်ပို့ပေးလိုက်။ ယန္တရား ဆင်ထားတာတွေနဲ့ ပတ်သက်လို့ မင်းကို ပြထားပြီးပြီပဲ၊ အန္တရာယ်မဖြစ်အောင် ယန္တရား ခလုတ်တွေ ခဏ ပိတ်ပေးလိုက်ပေါ့"

တိမ်ပျံကုန်းချီက ရှောင်းရိတို့အား လှမ်းကြည့်သည်။

ရှောင်းရိ နေရာမှ ခွာသည်နှင့် သူ့နောက်မှ လိုက်ခဲ့ကြလေ၏။

*

F.34

## အခန်း (၁၆)

တောက်ပပူနွေးသော နေရောင်ခြည်သည် မြက်ခင်းစိမ်းစိမ်းတောအုပ်ညိုညို တောင်တန်းပြာပြာတို့ပေါ် အဆီးအတားမဲ့ ကျနေသည်။

နေရောင်ကြောင့် အစိမ်းတို့သည် တောက်ပနေပြီး အပြာတို့က လွင်နေသည်။

ရှောင်းရိနှင့် မာလျှန်းလျှန်း အခုတွင် ထင်ထင်ရှားရှား နေနေပြီးသော မာလုံးတို့သည် မြက်ခင်းပြင်ကို ဖြတ်ပြီး ဘုံကျောင်းဆီသို့ လျှောက်ခဲ့ကြ၏။

ရှောင်းရိက အနီရောင်ဝတ်စုံ ဝတ်ထားသော မာလျှန်းလျှန်း၏ လက်ကို တယုတယ ဆုပ်ကိုင်ထားသည်။

မာလျှန်းလျှန်း၏ မျက်နှာမှာ တောက်ပသော နေအလင်းထက် ပို၍ ကြည်လင်တောက်ပသော အပြုံးတို့ ရှိနေသည်၊





"ဘဘ ထင်းဆန်းကွေးဟာ ပြဿနာ အရှုပ်အထွေးတွေကြားထဲကို သိပ်ဝင်ချင်ပုံ မရဘူး။ မြို့စားကြီးက ဘဘကို အကြိမ်ကြိမ် ခေါ်ပြီးပြီ။ သူ ခေါ်လို့မရတဲ့အတွက် အစ်ကိုကို အကူအညီ တောင်းတာပဲ"

"အစ်ကိုက တရားအားထုတ်နေတဲ့ လူတစ်ယောက်ကို ရှုပ်ရှုပ်ထွေးထွေး ကိစ္စတွေထဲ ဆွဲမခေါ်ချင်ပါဘူး။ ဒါပေမယ့် ရတနာမြေပုံနဲ့ ပတ်သက်ရင် ဘဘ ထင်းဆန်းကွေးတစ်ယောက်ပဲ အကျွမ်းဝင်ဆုံးအဖြစ် ရှိတယ်လို့ မြို့စားကြီးက ပြောတော့ သူ့ကို မခေါ်မဖြစ် ခေါ်ရမှာပဲ။ မြေပုံကို ဘယ်လိုပဲ ရထားရထား တောမကျွမ်းရင် ရထားတဲ့ မြေပုံဟာ အသုံးမကျပါဘူး"

ရှောင်းရိတို့သည် စကားတပြောပြောနှင့် ဘုံကျောင်းရှေ့သို့ ရောက်လာကြသည်။

သူတို့က ဘုံကျောင်းရှေ့ပိုင်း ဘုရားပူဇော်ခန်းကို ဖြတ်ပြီး အတွင်းခန်းသို့ ဝင်ခဲ့ကြ၏။

ဘုံကျောင်းရှေ့ခန်းတွင် ဘုရားပူဇော်နေသော အဘိုးအိုတစ်ယောက် ရှိနေသည်။

ရှောင်းရိတို့က ထိုအဘိုးအိုကို ဖြတ်ကျော်ပြီး လျှောက်ခဲ့ကြ၏။

အတွင်းဘက်ရှိ ထင်းဆန်းကျေး၏ အခန်းရှေ့သို့ ထွက်သောအခါ တုံ့ရပ်လိုက်ကြသည်။

"ဒေါက်....ဒေါက်....ဒေါက်"

မာလျှန်းလျှန်းက ထင်းဆန်းကျေး၏ အခန်းတံခါးကို အသာအယာ ခေါက်လိုက်၏။

တံခါးခေါက်ပြီး တစ်ခဏကြာမျှ စောင့်သည်။

အတွင်းဘက်မှ လှုပ်ရှားသံကို မကြားရ။

မာလျှန်းလျှန်းက တံခါး ထပ်ခေါက်၏။

တံခါးခေါက်သံက ပဲ့တင်ရိုက်ခတ်မတတ် ပေါ်လာသည်။

"ဘဘ....ဘဘ"

တံခါးခေါက်ရင်းမှ မာလျှန်းလျှန်းက မတိုးမကျယ် ခေါ်သည်။

သို့သော် အခန်းတွင်းမှ လှုပ်ရှားသံကို မကြားရ။





မာလျှန်းလျှန်းနှင့် ရှောင်းရိတို့ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။

"ဘဘ အိပ်ပျော်နေလား မသိဘူး"

ရှောင်းရိ ခေါင်းခါပြသည်။

"သူဟာ ဒါလောက်ထိ သတိလက်လွတ် အိပ်နေမယ့် လူစားမျိုး မဟုတ်ဘူး"

"အိပ်နေတာ မဟုတ်ရင် သူ ဘာဖြစ်လို့ မထူးသလဲ"

"တံခါးကို ခပ်ကြမ်းကြမ်း ထုကြည့်စမ်း"

"ဘဘ။ ဘဘ ထင်းဆန်းကျေး"

မာလျှန်းလျှန်းက အခန်းတံခါးကို လက်သီးဆုပ်ဖြင့် ခပ်ကြမ်းကြမ်း ထုလိုက်သည်။

မာလျှန်းလျှန်း၏ လက်ချက်ကြောင့် ပိတ်ထားသည့်တံခါး ပွင့်သွားသည်။

မာလျှန်းလျှန်းနှင့် ရှောင်းရိတို့ နှစ်ယောက်စလုံး အခန်းထဲသို့ ပြေးဝင်လိုက်ကြ၏။

ထင်းဆန်းကွေးအား အခန်းထောင့်တွင် ခွေခွေလေး လှဲနေလျက် တွေ့ရသည်။

သူ့ရှေ့တွင် ရေနွေးကြမ်းတစ်အိုး၊ ငှဲ့ထားသည့် ရေနွေးကြမ်း တစ်ပန်းကန်နှင့် ဖွင့်ထားသော စာအုပ်တစ်အုပ်တို့ကို တွေ့ရသည်၊

"ဘဘ....ဘဘ"

မာလျှန်းလျှန်းက ထင်းဆန်းကွေးဘေးတွင် ထိုင်ချလိုက်ပြီး ပခုံးကို လှုပ်၍ ခေါ်သည်။

ရှောင်းရိက ထင်းဆန်းကွေး၏ မျက်နှာကို လှမ်းကြည့်လိုက်၏။

ထင်းဆန်းကွေး၏ နဖူးပြင်ပေါ်မှ ခရမ်းရောင် အရိပ်ကို မြင်သည်နှင့် သူသည် နေရာမှ ခုန်ထပြီး အပြင်သို့ပြေးထွက်ခဲ့သည်။

အပြင်ဘက် ဘုရားပူဇော်ခန်းတွင် ဘုရားရှိခိုးနေသော အဘိုးအို မရှိတော့ပေ။

ရှောင်းရိက ဘုံကျောင်းတံခါးဝသို့ ထွက်ပြီး ကြည့်သည်။





လျင်မြန်သောအရှိန်ဖြင့် ပြေးလွှားနေသူတစ်ယောက်အား အမည်းစက်တစ်စက်အဖြစ် မြင်ရ၏။

ထိုအမည်းစက်သည် တစ်ခဏအတွင်းမှာပင် ပျောက်ကွယ်သွားလေ၏။

ရှောင်းရိသည် ဘုံကျောင်းအတွင်းခန်းသို့ ပြန်ဝင်ခဲ့သည်။

သူက လေးလံသော ခြေလှမ်းဖြင့် ထင်းဆန်းကွေးရှိနေသော အခန်းဆီသို့ လျှောက်ခဲ့၏။

အခန်းထဲတွင် ထင်းဆန်းကွေးကို မူလအနေအထားအတိုင်း ခွေခွေလေး လဲနေလျက် တွေ့ရသည်။

မာလျှန်းလျှန်းမှာ စိတ်ထိခိုက်သောအမူအရာနှင့် ထင်းဆန်းကွေး၏ ဘေးတွင် ထိုင်နေ၏။

ရှောင်းရိသည် အခန်းတစ်ခန်းလုံးကို မျက်လုံးဝေ့ကြည့်သည်။

အခန်းထဲတွင် ရုတ်ရုတ်သဲသဲဖြစ်သွားသော လက္ခဏာမရှိ။

အမှတ်တမဲ့ကြည့်လျှင် ထင်းဆန်းကွေးသည် သွေးရိုးသားရိုးနှင့် သေဆုံးသွားသည်ဟု ထင်စရာ ဖြစ်နေသည်။

ရှောင်းရိမှာ စေ့စပ်သေချာသူဖြစ်၍ ထင်းဆန်းကွေးအား တစ်ချက်ကြည့်ရုံနှင့် အနီးကပ်ပြီး သတ်ဖြတ်ခြင်းကို ခံလိုက်ရမှန်း သိသည်။

ယုံကြည်စိတ်ချရသူဟု ထင်းဆန်းကွေးက ထင်မြင်သူ၏ လက်ချက်ဖြင့် သူ သေဆုံးသွားခြင်းဖြစ်ကြောင်း သံသယဖြစ်စရာ မလိုတော့ပေ။

ရှောင်းရိက ပွင့်ဟနေသော ထင်းဆန်းကွေး၏ မျက်လုံးအစုံကို ပိတ်ပေးလိုက်သည်။

သူက ဖွင့်ချထားသော စာအုပ်ကိုပါ ပိတ်ပေးမည်အပြု စာအုပ်ပေါ်တွင် ရေးထားသည့် စာတစ်ကြောင်းကို သတိပြုမိလိုက်သည်။

သူက ခေါင်းငုံ့ပြီး ထိုစာကို ဖတ်သည်။

''ထိစန်း.... ကုန်ဝါ တောင်နှစ်လုံးကြား အရှေ့အလယ်ပိုင်း ဒေသ''

ရှောင်းရိက စာကို ဖတ်ပြီး အသေအချာ မှတ်သားထားလိုက်၏။





ပြီး.... မာလျှန်းလျှန်းကို လှည့်ကြည့်၍....

''ရန်သူက လက်ဦးသွားပြီ။ ဘာဘနဲ့ သိပ်ရင်းနှီးတဲ့ လူကိုယ်တိုင်က လာပြီး နှုတ်ပိတ်သွားတာပဲ။ ဒါပေမယ့် ဘာဘက သူ အသိပေးချင်တာကို အသိပေးလိုက်ပါတယ်''

''ရန်သူဟာ သိပ်အဟောင်ရဲနေပြီအစ်ကို။ ဘာဘသေတာဟာလဲ ရွှေတောင်ပံသိန်းငှက်နဲ့ ပတ်သက်နေလိမ့်မယ် ထင်တယ်''

''ပတ်သက်နေတာ အမှန်ပဲ။ ရွှေတောင်ပံ သိန်းငှက်က မြေပုံနဲ့ ပတ်သက်ပြီး လုံခြုံအောင် ဘာဘကို နှုတ်ပိတ်လိုက်တာဖြစ်ရမယ်။ ညီမ အစ်ကိုတို့ ဒီကနေသွားကြမယ်။ ရွှေတောင်ပံ သိန်းငှက်ဟာ သူ့ ရည်ရွယ်ချက်ကို အမြန်ဆုံး အကောင်အထည်ဖော်တော့မယ်ထင်ပါတယ်''

''မြို့စားစံအိမ်ကို မသွားဘဲနဲ့ အစ်ကိုက ဘာဖြစ်လို့ ပန်းပုဆိုင်ကို ဝင်ရတာလဲ''

"ဒီဆိုင်မှာ အစ်ကိုတွေ့ရမယ့် လူတစ်ယောက် ရှိနေလို့ပါ ညီမ"

ရှောင်းရိကာ မာလျှန်းလျှန်း၏ လက်ကို ဆွဲပြီး ဆိုင်ထဲသို့ ဝင်သည်။

ပန်းပုဆိုင်ပိုင်ရှင်သည် ရှောင်းရိအား မြင်သည်နှင့် ဂါရဝ ပြုလိုက်ပြီး သူ့နောက်သို့ လိုက်ခဲ့ရန် မျက်ရိပ်ပြသည်။

ရှောင်းရိက သူ့နောက်မှ လိုက်သည်။

ဆိုင်ရှင်သည် အတွင်းဘက် ဧည့်ခန်းရှေ့တွင်ရပ်ပြီး တံခါးကို ခေါက်လိုက်သည်။

ပြီး.... တံခါးကို တွန်းဖွင့်၍ အတွင်းသို့ ဝင်၏။

အခန်းထဲတွင် ထိုင်နေသော အမတ်ချုပ်ကြီးက ရှောင်းရိအား တွေ့သည်နှင့် နေရာမှ ထပြီး ဂါရဝ ပြုလိုက်သည်။

"တူမောင် အရေးတကြီး ကိစ္စရှိလို့လား"

ရှောင်းရိက ခေါင်းညိတ်ပြလိုက်၏။





"အမတ်ချုပ်ကြီး မြို့စားစံအိမ်ကို သွားပါ"

"မြို့စားစံအိမ်ကို ဟုတ်လား၊ အဲဒီကို ဘာသွားလုပ်ရမှာလဲ"

"ကျွန်တော့် လျှို့ဝှက်ချက် ပေါ်သွားပါပြီ၊ ရွှေတောင်ပံသိန်းငှက်ဟာ မြို့စားဆီကို သတိပေးစာပို့လိုက်တယ်၊ သူ့ကို ရတနာမြေပုံ အပ်ရင်အပ် မအပ်ရင် ကိုယ်တိုင်လာယူမယ်လို့ ဆိုထားတယ်"

"သူက ဘယ်အချိန်လာမယ်ဆိုပြီး စာထဲ ထည့်ရေးသေးသလား"

"သုံးရက်အတွင်းလို့ ရေးထားတာပဲ။ ဒီရက်အတွင်းမှာ သူ လာမှာ သေချာပါတယ်"

အမတ်ချုပ်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ကျုပ် နေပြည်တော်က လက်ရွေးစင် သိုင်းသမားတွေ ရောက်နေပြီ၊ ကျုပ် သူတို့ကို ခေါ်သွားမယ်"

"ကောင်းပါတယ် အမတ်ချုပ်ကြီး.... နောက်ဆုံး ရွှေတောင်ပံသိန်းငှက်ကို ဖမ်းမိနိုင်တဲ့ နေရာဟာ မြို့စားကြီးရဲ့

အိမ်ဆိုတော့ အဲဒီကို သွားပြီး အင်အားစုထားတာ အကောင်းဆုံးပဲ"

"မင်းသားလေးကကော အခု ဘယ်ကိုသွားမှာလဲ"

"ကျွန်တော် တစ်နေရာကို ဝင်ပြီး မြို့စားစံအိမ် ပြန်မယ်၊ ဒီရက်အတွင်း အချိန်အပြည့်လိုလို မြို့စားစံအိမ်မှာ နေမှဖြစ်တော့မယ်"

အမတ်ချုပ်ကြီးက ခေါင်းညိတ်ပြသည်။

"ကျုပ် လက်ရွေးစင်သိုင်းသမားတွေကို ခေါ်လိုက်တော့မယ်"

"ခေါ်ပါ။ မြို့စားစံအိမ်ကို အမြန်ဆုံး သွားဖို့ လိုတယ်၊

ဟိုကိုရောက်ရင် အမတ်ချုပ်ကြီးဟာ ဘယ်သူဘယ်ဝါဆိုတာ ဖွင့်ပြောလိုက်ပေတော့"

"ကောင်းပါပြီ မင်းသားလေး"

ရှောင်းရိက မာလျှန်းလျှန်းအားခေါ်ပြီး အမတ်ချုပ်ကြီးရှိနေသော အခန်းထဲမှ ထွက်လိုက်သည်။





ထိုမှတစ်ဆင့် ပန်းပုဆိုင်အပြင်ဘက်သို့ ထွက်၏။

"အစ်ကို နောက်တစ်နေရာ ဝင်ဦးမလို့လား"

"ဟုတ်တယ် ညီမ"

"ဘယ်ကို ဝင်မှာလဲ အစ်ကို"

"မင်းတို့ အစ်ကိုတွေနဲ့တွေ့ပြီး သူတို့တစ်တွေပါ လှုပ်ရှားဖို့ သတိပေးရမယ်။ ရွှေတောင်ပံသိန်းငှက်ဟာ တခြားမှာမရှိဘူး။ ကျွန်းနန်သူဌေးကြီး ပိုင်ယွင်ရဲ့ အိမ်မှာပဲ ရှိလိမ့်မယ်၊ ပိုင်ယွင်တို့ သားအဖ နှစ်ယောက် ထဲက တစ်ယောက်ယောက်ဟာ ရွှေတောင်ပံ သိန်းငှက်လို့ အစ်ကို ထင်တယ်"

ရှောင်းရိ၏ စကားကြောင့် မာလျှန်းလျှန်း မျက်လုံးဝိုင်းသွားသည်။

"အစ်ကို စိတ်ကူးနဲ့ ပြောနေတာလား"

"ဆက်စပ်စဉ်းစားကြည့်ရင် အဖြေပေါ်ပါတယ်။ နောက်တော့ ဒီအကြောင်းကို အစ်ကို ပြောပြပါ့မယ်၊ လောလောဆယ် အားလုံးကို အချိန်မီအုပ်မိဖို့ သိပ် အရေးကြီးတယ်"

"ဒါဆိုရင်လဲ မြန်မြန်သွားကြမယ် အစ်ကို"

ရှောင်းရိတို့ ခြေလှမ်းသွက်သွက်လှမ်းလျက် လျှောက်သည်။

သူတို့သည် အဆောက်အအုံပျက်ကြီးရှိသော ခြံဝင်းကျယ်ကြီးဆီ ထွက်ခဲ့သည်။

အဆောက်အအုံပျက်တွင် မာထိဝါးတို့ ညီအစ်ကိုအား တွေ့ရသည်။

ရှောင်းရိက အခြေအနေကို ခပ်သွက်သွက် ပြောပြလိုက်၏။

"ခင်ဗျားတို့ ခေါင်းဆောင်ကော"

"သူက သဲလွန်စတစ်ခု နောက်ကို လိုက်မယ်ဆိုပြီး အရေးတကြီး ထွက်သွားတယ်။ တစ်ခုခု ထူးခြားလာရင် မိတ်ဆွေနဲ့ ဆက်သွယ်ဖို့ မှာသွားပါတယ်"

"ကျွန်တော် စောစောက ပြောတာကို ခင်ဗျားတို့ သိပြီနော်။ ကိုယ်လုပ်ရမယ့် အလုပ်ကို နားလည်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ခင်ဗျားတို့ကို ရန်သူက မသိဘူး။ ခင်ဗျားတို့ လှုပ်ရှားရတာ အဆင်ပြေပါလိမ့်မယ်။ ဒီမှာ ခင်ဗျားတို့ ခေါင်းဆောင်ကို စာတစ်စောင် ရေးခဲ့ပေါ့"





မာထိဝါးက ခေါင်းညိတ်ပြသည်။

ပြီး.... မာလျှန်းလျှန်းအား ကြည့်၍....

"အခုကိစ္စဟာ သိပ်အန္တရာယ်များတယ်။ ညီမလေး ရှေ့တန်းကို သိပ်မထွက်ပါနဲ့"

"ညီမအတွက် မပူပါနဲ့ အစ်ကိုကြီး၊ အစ်ကို ရှောင်းရိတစ်ယောက်လုံး ညီမ အနားမှာ ရှိနေပါတယ်"

"အစ်ကိုကြီးတို့က ညီမလေးကို ပစ်ထားသလို ဖြစ်နေလို့ သတိပေးရတာ"

"ခင်ဗျားတို့ ညီမအတွက် စိတ်ချပါ။ သူ့ကို မှဲ့တစ်ပေါက် မစွန်းစေရပါဘူး။ ကျုပ်တို့ သွားမယ်။ ခင်ဗျားတို့ စပြီး လှုပ်ရှားပေတော့"

"ကောင်းပါပြီ"

ရှောင်းရိနှင့် မာလျှန်းလျှန်းတို့ အဆောက်အအုံပျက်ကြီးထဲမှ ထွက်သည်။

ယခုတစ်ကြိမ်တွင် သူတို့သည် မြို့စားစံအိမ်ဆီသို့ တန်းတန်းမတ်မတ် လျှောက်ခဲ့ကြ၏။

မြို့စားစံအိမ်တွင် ထူးခြားမှု တစ်စုံတစ်ရာမှ ရှိပုံမရ။

နေ့လည်နေ့ခင်း ဖြစ်သော်လည်း အစောင့်များက တာဝန်မပျက် စောင့်ကြပ်နေကြသည်။

ရှောင်းရှိသည် ညှော်ခန်းဆောင်ဆီသို့ တန်းတန်းမတ်မတ် လျှောက်ခဲ့၏။

သြော့ခန်းဆောင်တွင် ခြူဘွားဘွားနှင့် တိမ်ဖျံကုန်းချီတို့ကို တွေ့ရသည်။

"မြို့စားကြီးကော"

"မြို့စားကြီး စာကြည့်ဆောင်ထဲမှာ ရှိနေပါတယ်"



## အခန်း (၁၇)

ရှောင်းရှိက စာကြည့်ဆောင် အဝင်ဝတွင် ဆင်ထားသော ယန္တရား ခလုတ်ကို စစ်ဆေးကြည့်သည်။

ခလုတ်အဖြစ် အသုံးပြုသော မောင်းတံကို ဆွဲချထားလျက် တွေ့ရသဖြင့် သူ့စိတ်ထဲတွင် အံ့သြသွားမိသည်။

သူက စာကြည့်ဆောင် တံခါးဆီသို့ လျင်မြန်စွာ လျှောက်သွားပြီး တံခါးကို ခေါက်သည်။

"မြို့စားကြီး.... မြို့စားကြီး"

အတွင်းမှ လှုပ်ရှားသံကို မကြားရ။

ဘုံကျောင်းတွင် ထင်းဆန်းကျေး၏ အခန်းတံခါး ခေါက်စဉ်က အဖြစ်ကို သတိရပြီး ရှောင်းရှိသည် စာကြည့်ဆောင် တံခါးကို တွန်းဖွင့်လိုက်၏။

တံခါး အလွယ်တကူ ပွင့်သွားသဖြင့် သူက အတွင်းသို့ ဝင်လိုက်သည်။

မြို့စားကြီးအား စားပွဲပေါ်တွင် မှောက်လျက်သား တွေ့ရသည်။

မြို့စားကြီး၏ ဦးခေါင်းအနီးတွင် စုတ်တံဖြင့် ခပ်ကြမ်းကြမ်း ရေးထားသော စာတစ်စောင်ကို တွေ့ရ၏။

"မြို့စားကြီး ....

ယန္တရားပညာကို လေ့စားလို့ မြို့စားကြီးရဲ့ အသက်ကို ချမ်းသာပေးလိုက်တယ်။ ယန္တရား ဆင်တဲ့အခါ အဖွင့်အပိတ် ခလုတ်က သိပ်အရေးကြီးတယ်။ မြို့စားကြီး ဆင်ထားတဲ့ ခလုတ်က သိပ်ထင်ရှားနေတော့ ကျုပ်အတွက် လမ်းက လွယ်လွယ်ကူကူ ပွင့်သွားတယ်။

ကျုပ်လိုချင်တာကို ယူသွားပါပြီ။ အနှောင့်အယှက် လိုက်ပေးဖို့ စိတ်ကူးရင် မြို့စားကြီး သမီးကို အရှင်လတ်လတ် ငရဲပို့လိုက်မယ်"

ရွှေတောင်ပံ သိန်းငှက်





စာကို ဖတ်ပြီးသည်နှင့် ရှောင်းရီ၏ ခေါင်းထဲတွင် မူးနောက်သွားသလို ခံစားလိုက်ရသည်။

သူက မြို့စားကြီး၏ စားပွဲပေါ်ရှိ အချက်ပေး ခေါင်းလောင်းကို ထုလိုက်သည်။

ကျယ်လောင်စွာ မြည်သွားသော မောင်းသံနှင့် ပရွေးမနှောင်း စာကြည့်ဆောင်ဆီသို့ ပြေးလာသော ခြေသံများကို ကြားရ၏။

စာကြည့်ဆောင်သို့ မာလျှန်းလျှန်းနှင့် ခြူဘွားဘွားတို့ ပထမဆုံး ရောက်လာသည်။

ရှောင်းရီက မာလျှန်းလျှန်းအား လှမ်းကြည့်ပြီး....

"ညီမ၊ လင်းလင်းကို သူ့အခန်းမှာ သွားရှာကြည့်စမ်း။ တွေ့မယ်တော့ မထင်ပါဘူး။ ဒါပေမယ့် သေချာအောင် သွားရှာကြည့်ပါ"

"ဘာဖြစ်လို့လဲ အစ်ကို"

"ရွှေတောင်ပံ သိန်းငှက် ဝင်မွှေသွားပြီ။ သူက ယန္တရားပညာကို နားလည်ပုံရတယ်။ ယန္တရားခလုတ်ပိတ်ပြီး မြို့စား

ကြီးကို မေ့ဆေးငွေ့နဲ့ လုပ်ကြံပြီး မြေပုံခိုးသွားပြီ၊ သူ့စာထဲမှာ လင်းလင်းကိုပါ ဖမ်းခေါ်သွားသလို ရေးထားတယ်"

မာလျှန်းလျှန်းက စာကို ခပ်သွက်သွက်ဖတ်ပြီး အခန်းအပြင်သို့ လျင်မြန်စွာ ပြေးထွက်သွားသည်။

ရှောင်းရိက မြူဘွားဘွားဘက်သို့ ညွှန့်လိုက်ပြီး....

"မြို့စားကြီးကို သတိရအောင် ပြုစုပါဦး ဘွားဘွား"

မြူဘွားဘွားက ခေါင်းညိတ်ပြပြီး မြို့စားကြီးအနီးသို့ တိုးကပ်သည်။

ပြီး.... မြို့စားကြီး၏ ကိုယ်ပေါ်မှ အကြောများကို လက်ညှိုးဖြင့် လှမ်းလှမ်းထောက်၏၊

အတန်ကြာအောင် အကြောများကို ထောက်ပြီး အကျီအတွင်းမှ ဆေးတစ်ဘူးထုတ်၍ ဆေးဘူးအဖုံးဖွင့်ကာ မြို့စားကြီး၏ နှာဝတွင် ထေ့ပေးလိုက်သည်၊

"သူ မေ့ဆေးငွေ့ တော်တော်များများကို ရှူမိသွားပုံပေါ်တယ်၊ တော်ရုံ ရှူမိတာနဲ့ အခုလို သတိလက်လွတ် ဖြစ်မှာမဟုတ်ဘူး"





ရှောင်းရိက စာကြည့်ဆောင်သို့ ရောက်လာသော တိမ်ပျံကုန်းချီအား လှမ်းကြည့်လိုက်သည်။

"ဒီမနက် စံအိမ်ထဲကို ဘယ်သူလာပြီး ဘယ်သူ အပြင်ထွက်သွားသေးသလဲ"

တိမ်ပျံကုန်းချီက ခေါင်းခါပြသည်။

"အပြင်လူ ဘယ်သူမှ မလာပါဘူး"

"အတွင်းလူကော"

"မာလျှန်းလျှန်း တစ်ခေါက် ပြန်လာပြီး သခင်မလေးနဲ့အတူ ပြန်ထွက်သွားတာပဲ"

ရွှေတောင်ပံ သိန်းငှက်သည် မာလျှန်းလျှန်းဟန်ဆောင်ပြီး ဝင်လာခြင်းဖြစ်ကြောင်း သိလိုက်ရ၏။

ရှောင်းရိက အံတင်းတင်းကြိတ်ပြီးနောက်ဟောက်တစ်ချက်မြင်းမြင်း မခေါက်လိုက်လေသည်။

*

"ကျုပ် ပေါ့လျော့သွားမိတယ်။ အမှုထမ်းတွေအားလုံး သိအောင် ယန္တရားခလုတ် မောင်းတံကို ထင်ထင်ရှားရှား လုပ်ထားမိတယ်၊ ရွှေတောင်ပံသိန်းငှက်ဟာ ယန္တရားပညာတတ်ပုံရတယ်။ ပြီးတော့ သူဟာ အဆိပ်နဲ့ပတ်သက်လို့လဲ ကျွမ်းကျင်ပုံ ရတယ်"

မြို့စားကြီးက သူ့ကိုယ်သူ အပြစ်တင်ဟန်ဖြင့် ပြော၏။

ရှောင်းရိက ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

"ညီမ လင်းလင်းကို သူက စိတ်ပြောင်း အဆိပ်ဆေးနဲ့ ထိန်းချုပ်ပြီး ခေါ်သွားတာ ဖြစ်ရမယ်။ သူဌေးကြီးပိုင်ယွင်ရဲ့ အိမ်ကို အမြန်ဆုံး သွားစုံးမှ ဖြစ်မယ်။ သူဟာ အဆိပ်နဲ့ ပတ်သက်ပြီး ကျွမ်းကျင်တယ်လို့ မြို့စားကြီး ကြားဖူးသလား"

"သူဌေးကြီးပိုင်ယွင်ဟာ သိပ်လျှို့ဝှက်တဲ့လူပါ မင်းသားလေး၊ သူ့အကြောင်းကို အပြင်လူတွေ သိပ်မသိပါဘူး။ အဆိပ်ပညာနဲ့ ယန္တရားပညာမှာ ကျွန်တော်မျိုးထက် ပိုပြီး ကျွမ်းကျင်တဲ့ လူတစ်ယောက်တော့ ရှိတယ်၊ အဲဒီလူက ကျင်းလိန်မြို့စားပဲ"

"ဒါဆိုရင် သူ့ပညာကို သူ့သားက တတ်မှာပေါ့"





မြို့စားကြီးက ရှောင်းရိ၏ စကားကို ထောက်ခံဟန် ခေါင်းညိတ်ပြသည်။

"သူဌေးကြီးပိုင်ယွင်တို့ သားအဖဟာ ရွှေတောင်ပံသိန်းငှက်ဆိုရင် ရွှေမင်းသား တန်မင်းလီက သူတို့ရဲ့ အစေအပါးပဲ။ တကယ်လို့ သူကိုယ်တိုင်က ရွှေတောင်ပံသိန်းငှက်ဆိုရင်"

"သူဌေးကြီးပိုင်ယွင်တို့ဟာ သူ့အစေအပါး ဖြစ်မှာပေါ့"

"ဒီအကြောင်း အမြန်ဆုံးသိရအောင် ကျွန်တော် သူဌေးကြီး ပိုင်ယွင်ရဲ့ အိမ်ကို လိုက်သွားမယ်။ သူဌေးကြီးရဲ့ အခန်းထဲမှာ ရုပ်ဖျက်ပစ္စည်းတွေရှိတာ တွေ့ဖူးထားတော့ သူကိုယ်တိုင် ရွှေတောင်ပံသိန်းငှက် အဖြစ် လှုပ်ရှားနေတာဖြစ်မယ်။ အဲသလိုမှ မဟုတ်ရင်လဲ သူက ရွှေတောင်ပံသိန်းငှက်ကို ရုပ်ပြောင်းပေးတဲ့လူ ဖြစ်ရမယ်၊ တိမ်ပျံကုန်းချီ လက်ရွေးစင်သိုင်းသမားတွေ ခေါ်ပြီး ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

"ဟုတ်ကဲ့.... မင်းသားလေး"

ရှောင်းရိမှာ ဟန်ဆောင် ဖုံးကွယ်ရန် မလိုတော့သဖြင့် ဘုရင့်ညီတော် မင်းသားလေးအသွင်ကို ယူလိုက်၏။

သူက စာကြည့်ဆောင်မှ ထွက်မည်အပြုတွင် အပြင်မှဝင်လာသော အမတ်ချုပ်ကြီးအား တွေ့ရသဖြင့်....

"အမတ်ချုပ်ကြီး ရောက်လာတာ အတော်ပဲ၊ ကျွန်တော်နဲ့ သူဌေးကြီးပိုင်ယွင်ရဲ့ အိမ်ကို လိုက်ခဲ့ပါ၊ လက်ရွေးစင် သိုင်းသမားတွေကို တပါတည်း ခေါ်သွားမယ်"

"ကောင်းပါပြီ.... မင်းသားလေး"

ရှောင်းရိ စာကြည့်ဆောင်မှ အထွက်တွင် အမတ်ချုပ်ကြီး ပြန်လိုက်သွား၏။

အဖြင်ဘက်သို့ရောက်သည်နှင့် သူဌေးကြီး ပိုင်ယွင်၏ အိမ်ရှိရာသို့ ထွက်ခဲ့ကြသည်။

ရှောင်းရိသည် လမ်းတွင် အမတ်ချုပ်ကြီးအား အခြေအနေ အရပ်ရပ်ကို ပြောပြသည်။

အမတ်ချုပ်ကြီးက သူ့ထင်မြင်ချက် သဘောထားကို ပြန်ပြော၏။

လက်ရွေးစင် သိုင်းသမားသုံးဆယ်ခန့်ပါသော ရှောင်းရိတို့ လူစု သူဌေးကြီးပိုင်ယွင်၏အိမ် အနီးသို့ ရောက်လာသည်။

ရှောင်းရိက ငြိမ်သက်နေသော အိမ်ကြီး၏ အခြေအနေကို တစ်ချက်လှမ်းကြည့်ပြီး ခြံဝင်းအတွင်းသို့ ဝင်ခဲ့သည်။





"ရန်သူဟာ အကောက်ကြံတတ်တယ်။ အားလုံး သတိထားကြပါ။ ကျွန်တော် အိမ်ထဲကို အရင်ဝင်မယ်။ ကျွန်တော်က အချက်ပေးမှ ခင်ဗျားတို့ လိုက်ဝင်ကြပါ"

"နေပါဦး.... မင်းသားလေး"

ရှောင်းရိက တားဆီးရန် စကားစလိုက်သော အမတ်ချုပ်ကြီးအား လက်ကာပြပြီး သူဌေးကြီး ပိုင်ယွင်၏ အိမ်ထဲသို့ ခုန်ဝင်လိုက်လေ၏။

*

အခန်း (၁၈)

အိမ်ကြီးတစ်အိမ်လုံးမှာ တိတ်ဆိတ်နေသည်။

ရှောင်းရိသည် အိမ်ကို လှည့်ပတ်ကြည့်ရင်း စိတ်ထဲမှ သက်ာယာနမကင်း ဖြစ်လာ၏။

ထို့ကြောင့် သူက အပြင်သို့ ပြန်ခုန်ထွက်လိုက်သည်။

ထိုအချိန်မှာပင် အိမ်ကြီး၏ ညာဘက်ထောင့်မှ မီးတောက်ကြီးတစ်ခု ဝုန်းခနဲ ထတောက်လာ၏။

"အားလုံး မြန်မြန် နောက်ဆုတ်ကြ"

ရှောင်းရိက အမတ်ချုပ်ကြီးနှင့်အတူ ရှိနေသော လက်ရွေးစင် သိုင်းသမားများအား လှမ်းပြောပြီး ခြံဝင်းအပြင်ဘက်သို့ ရောက်သည်ထိ ပြေးထွက်၏။





သူ့နောက်မှ အမတ်ချုပ်ကြီးနှင့် လက်ရွေးစင်သိုင်းသမားများ ပါလာသည်။

ရှောင်းရိတို့ ခြံအပြင်သို့အရောက်တွင် အိမ် တစ် အိမ် လုံးနေရာအနှံ့အပြားမှ မီးတောက်တွေ တဝုန်းဝုန်းနှင့်ထလာသည်။

တစ်ခဏအတွင်းမှာပင် အိမ်ကြီး တစ်ခုလုံးကို မီးအရှိန်ကောင်းကောင်းဖြင့် လောင်၏။

"သူဌေးကြီးတို့ ဒီကနေ အပြီးအပိုင် ထွက်သွားပါပြီ။ အဲဒါ သူတို့ ရတနာစခမြေပုံကို ပြည့်ပြည့်စုံစုံ ရသွားပြီဆိုတဲ့ သဘောပဲ"

"သူတို့ မြေပုံအညွှန်းအတိုင်း သွားကြမှာပဲ။ ကျန်းနန်မြို့စားကြီးက ဒီမြေပုံနဲ့ပတ်သက်ပြီး ဘာမှ မပြောနိုင်ဘူးလား"

"မပြောနိုင်ဘူးထင်တာပဲ။ သူ ရထားတဲ့ မြေပုံတစ်ပိုင်းက အစလဲ မဟုတ် အဆုံးလဲမဟုတ်တဲ့ အလယ်ခေါင်က ဖြစ်လိမ့်မယ်။ မြို့စားကြီး မသိပေမယ့် သူဌေးကြီးပိုင်ယွင်တို့ ဘယ်ကို သွားကြမယ်ဆိုတာ ကျွန်တော် သိပါတယ်"

"မင်းသားလေး.... သိတာကို အမိန့်ရှိပါဦး"

"ကျွန်းနန်မှာ ရတနာမြေပုံနဲ့ ပတ်သက်ပြီး ကျွမ်းကျွမ်းဝင်ဝင် သိတဲ့ လူတစ်ယောက်ရှိခဲ့တယ်။ အဲဒီလူက ဘုံကျောင်းစောင့်ကြီး ထင်းဆန်းကွေးပဲ၊ ရွှေတောင်ပံသိန်းငှက်ဟာ ဒါကို သိပြီး သဲလွန်စမကျန်အောင် ထင်းဆန်းကွေးကို သတ်ပြစ်လိုက်တယ်၊ ဒါပေမယ့် ထင်းဆန်းကွေးက သူ မသေခင်မှာ မြေပုံနဲ့ပတ်သက်ပြီး သိတာ စာနဲ့ ရေးသွားခဲ့တယ်"

"သူက ဘာရေးသွားလို့လဲ မင်းသားလေး"

"ထီစန်း၊ တုန်ဝါတောင်နှစ်လုံးကြား အရှေ့အလယ်ပိုင်းဒေသဆိုတဲ့ စာကို သူ အမြဲဖတ်နေတဲ့ စာအုပ်မှာ ရေးသွားတယ်၊ အဲဒါကြည့်ရင် သူဌေးကြီး ပိုင်ယွင်တို့က အရှေ့အလယ်ပိုင်းကို သွားကြမှာပဲ။ ထီစန်းတောင်နဲ့ ထုန်ဝါတောင်နှစ်လုံးကြားကို ကျွန်တော်တို့ ရှာရမယ်။ ဒီတောင်နှစ်လုံးနီးနီးကပ်ကပ်ရှိတဲ့နေရာဟာ ဘစ်နေရာပဲရှိလိမ့်မယ်ထင်တယ်"

ရှောင်းရိ၏ ထင်မြင်ချက်ကို အမတ်ချုပ်ကြီးက လက်ခံဟန်ခေါင်းတဆတ်ဆတ် ညိတ်သည်၊

ပြီး.... မီးဟုန်းဟုန်း တောက်လောင်နေသော အိမ်ကြီးကို ကြည့်၏။





ကျောက်ဖြူသားဖြင့် လှပခန့်ငြားစွာ ဆောက်ထားသော သူဌေးကြီး ပိုင်ယွင်၏ အိမ်မှာ မကြာခင် မီးလောင်ပြာကျတော့မည် ဖြစ်၏၊

"ကျွန်တော်တို့ မြို့စားကြီး စံအိမ်ကို ပြန်ပြီး သူဌေးကြီး ပိုင်ယွင်တို့နောက် လိုက်ကြမယ်၊ သူတို့ဟာ နေ့ဝက်ခရီးလောက်တော့ ကျွန်တော်တို့ထက် ပိုစောနေတယ်၊ ဒါပေမယ့် သိပ်အဝေးကြီးကိုတော့ ရောက်မှာ မဟုတ်သေးပါဘူး"

ရှောင်းရိသည် အမတ်ချုပ်ကြီးအား ပြောရင်းမှ မာထိဝါးတို့ကို ဖျတ်ခနဲ သတိရလိုက်သည်၊

မာထိဝါးတို့က သူ့အစီအစဉ်အတိုင်း လုပ်ကိုင်ကြလျက်ယခုအချိန်၌ ပိုင်ယွင်တို့နောက်မှ ပါသွားပြီဟု တွေးမိသည်။

"သူဌေးကြီး ပိုင်ယွင်တို့ဟာ ဘယ်လောက်ပဲ မြန်အောင်ပြေးပြေး၊ ကျွန်တော်တို့ လက်ကနေ မလွတ်နိုင်ပါဘူး၊ ကျွန်တော် စီစဉ်ထားတဲ့အတိုင်း တစ်သွေမတိမ်းလုပ်ရင် ကျွန်တော်တို့ လူတချို့ သူတို့နောက်က ပါသွားလောက်ပါပြီ။ အဲဒီလူတွေက သူတို့သွားတဲ့ လမ်းကြောင်းမှာ အမှတ်အသားတွေလုပ်သွားကြပါလိမ့်မယ်"

*

မာလျှန်းလျှန်းသည် ရှေ့ဆုံးမှနေကာ ရှောင်းရိနှင့် အတူ လမ်းရှာ၍ ကပ်ပြီးလိုက်သည်။

သူက သူ၏ အစ်ကိုများဖြစ်သော မာထိဝါးနှင့် မာကုန်းလျောင်းတို့ ထားခဲ့သည့် အမှတ်အသားကို သေးသေးငယ်ငယ်လေးကအစ နားလည်ပြီး လမ်းညွှန်နိုင်၏။

''ညီမသာ မပါရင် မာထိဝါးတို့ ထားခဲ့တဲ့ အမှတ်အသားကို အစ်ကိုတို့ ဘယ်လိုမှ သိနိုင်မှာ မဟုတ်ဘူး။ ညီမတို့ နဂါးနက် စံအိမ်ရဲ့ ပညာ ဒီနေရာမှာ သိပ်အသုံးတည့်တာပဲ''

''အမှတ်အသားက ညီမတို့ချင်းပဲသိတဲ့ လျှို့ဝှက် အမှတ်အသားတွေမို့ပါ။ အစ်ကိုကြီးတို့ဟာရန်သူနောက်က ထက်ကြပ်မကွာ လိုက်သွားတယ်လို့ အမှတ်အသားတွေက ပြောနေတယ်''

သစ်ရွက်လေးများ ကျိုးပြတ်ပြီး လမ်းပေါ် ကျနေပုံ၊ သစ်ကိုင်းငယ်များ ကျိုးပဲ့နေပုံ၊ မြက်ပင် အထုံးအဖွဲ့များက မြားတစ်ခုပမာ ညွှန်ပြနေပုံတို့ကို ကြည့်ပြီး မရပ်မနား ခရီးဆက်ရင်း ရွာငယ်တစ်ရွာအနီးသို့ ရောက်လာသည်။

အမှတ်အသားများက ရွာထဲသို့ မဝင်ဘဲ ရွာကို ကွင်းပတ်သွားသဖြင့် သူဌေးကြီး ပိုင်ယွင်တို့သည် လူသိခံရဲပုံ ရဟုတွေးထင်ရ၏။





ရှောင်းရိကိုသည်လည်း ရွာထဲသို့ မဝင်ဘဲ ရွာကို ကွင်းပတ်ပြီး အဆက်မပြတ် ကွေ့နေရသော လမ်းညွှန် အမှတ်အသားများအတိုင်း လိုက်သည်။

နေ့ဝက်ခရီးသို့ သွားမိသည်နှင့် သူတို့သည် တောင်ခြေတစ်ခုသို့ ရောက်လာသည်။

လမ်းညွှန် အမှတ်အသားများအရ လည်းကောင်း၊ ပိပြားနေသော တောင်ခြေရှိ မြက်ပင်များကို ကြည့်၍လည်းကောင်း သူဌေးကြီး ပိုင်ယွင်တို့အဖွဲ့ သို့မဟုတ် မာထိဝါးတို့အဖွဲ့ တစ်ဖွဲ့ဖွဲ့ စခန်းချသွားခြင်း ဖြစ်မည်ဟု ယူဆရ၏။

ရှောင်းရိက သူတို့ပါ ထိုနေရာတွင် စခန်းချရန် ဆုံးဖြတ်ပြီး နောက်မှလိုက်လာသူများအား လက်မြှောက်ပြလိုက်သည်။

''ဒီမှာ ခဏနားပြီး မနက်စာ စားမယ်။ ဆရာကုန်းချိကင်းသမားတွေ ရှေ့ပါ။ ဘယ်သူမှ ဆူဆူညံညံ မလုပ်ပါနဲ့။ မီးဖို မသုံးပါနဲ့။ ကျွန်တော်တို့ ရိက္ခာခြောက်တွေပဲ စားကြမယ်''

ရှောင်းရိသည် မာလျှန်းလျှန်းနှင့်အတူ သစ်ပင် တစ်ပင်အောက်တွင် ထိုင်လိုက်၏။

အမတ်ချုပ်ကြီးမှာ ရှောင်းရိရှိရာသို့ လာမည်ပြုပြီးမှ မလာတော့ဘဲ ကျန်းနန်မြို့စားဘေးတွင် ထိုင်လိုက်သည်။

"အစ်ကို မမအတွက် သိပ်စိတ်ပူနေသလား"

မာလျှန်းလျှန်း၏ အသံက ထူးထူးခြားခြား နူးညံ့သိမ်မွေ့နေသည်။

ရှောင်းရိက သက်ပြင်းချပြီး....

"စိတ်ပူတော့ကော ဘာတတ်နိုင်မှာလဲ၊ အစ်ကိုတို့ အခု အစွမ်းကုန် ကြိုးစားနေကြတာပဲ မဟုတ်လား။ ဒီလမ်းခရီးမှာ အန္တရာယ်ဖြစ်မှာ တစ်ခုကို သတိထားရမယ်"

"ဘာကိုလဲ အစ်ကို"

"အဆိပ်အန္တရာယ်ပါ။ ရွှေတောင်ပံ သိန်းငှက်ဟာ အဆိပ်ကျွမ်းကျင်တဲ့လူဆိုတော့ သူတို့ နောက်က လိုက်လာတဲ့လူရှိရင် အားလုံး ဒုက္ခဖြစ်အောင် အဆိပ်နဲ့ လုပ်ကြံထားလိမ့်မယ်"

"ဟုတ်တယ် အစ်ကို။ ရေတွေ့တိုင်း မသောက်ဖို့၊ အသီးအနှံတွေ တွေ့တိုင်း မစားဖို့ မှာထားမှ ဖြစ်မယ်"





"အဲဒါ အစ်ကို တာဝန်ထားပါ၊ ညီမက လမ်းမှန်ပြပေးဖို့ပဲ တာဝန်ယူ၊ စားသောက်ပြီးတာနဲ့ အစ်ကိုတို့ ခရီးဆက်မယ်။ ညနေပိုင်းမှာ ပိုပြီး မြန်မြန်သွားကြဖို့လိုတယ်။ ဒါမှ ရှေ့က သူတွေ ခရီးမလွန်ခင် အုပ်မိမှာ။ မာတိဝါးတို့နဲ့ ပေါင်းမိရင်တော့ ရွှေတောင်ပံ သိန်းငှက်တို့ နောက်ကို လိုက်ရ... လွယ်သွားပါလိမ့်မယ်၊ မနက်ဖြန်ဆိုရင် သူတို့ကို ...ညာ... ထင်တယ်။ ညီမ ထိုင်နေဦး၊ အစ်ကို ရွှေ... စီစဉ်မယ်"

...အခင် သွားမှာပါ။

...သည်။

*

မာလျှ...)
နေသည်။

ရှောင်းရိက...က်တွင် ခြေရာ ရှုပ်ရှုပ်ထွေးထွေးများကို

"စိတ်ပဲ
အစွမ်းထဘး ဟစ်ဖက်တစ်ချက်ရှိ သစ်ပင် ချုံနွယ်အချို့
...ဘထွက်နေသည်ကိုပါ တွေ့ရ၏။

ပတ်ဝန်းကျင် အခြေအနေကို ကြည့်ပြီး ရှောင်းရိတို့သည်
မာထိဝါးတို့အတွက် စိုးရိမ်မိသွား၏။

သူက ရှေ့ခရီးကို ကိုယ်ဖော့ပညာသုံးလျက် ဆက်သွားရန်
ဆုံးဖြတ်လိုက်သည်၊

သူက နောက်မှနေ၍ လက်ရွေးစင် သိုင်းသမားများအား
အုပ်ချုပ်လာသော အမတ်ချုပ်ကြီးနှင့် မြို့စားကြီးတို့ထံ ချဉ်း
ကပ်ပြီး သူ့သဘောထားကို ပြောပြသည်။





"ကိုယ်ဖော့ပညာသုံးပြီး သွားတာ အကောင်းဆုံးပါပဲ။ ဒါမှ မြန်မြန်ခရီးရောက်မှာ။ သိုင်းစွမ်းအား နည်းတဲ့လူတချို့ နောက်မှာ ကျန်ချင် ကျန်ခဲ့လိမ့်မယ်။ ဒါပေမယ့် အားလုံးဟာ လက်ရွေးစင် သိုင်းသမားတွေဆိုတော့ သိပ်အဝေးကြီး ကျန်ခဲ့မှာ မဟုတ်ပါဘူး။ မင်းသားလေးတို့ကသာ ကိုယ်ဖော့ပညာ အစွမ်းကုန် မသုံးပါနဲ့"

"ကျွန်တော်တို့ ခရီးတွင်ရုံပဲ မြန်အောင် သွားမှာပါ။ နောက်လိုက်ခဲ့ကြပေတော့"

စကားအဆုံးတွင် ရှောင်းရိ ရှေ့သို့ ပြေးထွက်သည်။

အမှတ်အသားများကို ကြည့်ပြီး စောင့်နေသော မာလျှန်း လျှန်းက ရှောင်းရိ နောက်သို့ ပြေးလိုက်၏။

ကိုယ်ဖော့ပညာ သုံးပြီး ပြေးနေသဖြင့် မြင်ကွင်းများက တရိပ်ရိပ် ပြောင်းနေသည်။

ကိုယ်ဖော့ပညာကြောင့် နောက်မှလိုက်လာသော လူသုံးဆယ်၏ ခြေသံများ လုံသွားသည်။

ပြေပြစ်သော လမ်းသည် တဖြည်းဖြည်း ကြမ်းတမ်းပြီး အမြင့်သို့ တက်ရစ ပြုလာသည်။

ရှောင်းရိတို့သည် ပြေးနေသည့်အရှိန်ကို မလျှော့ဘဲ တောင်ပေါ်သို့ တက်၏။

အမြင့်သို့ အရောက်တွင် သူက ပတ်ဝန်းကျင်ကို ကြည့်သည်၊

အရှေ့ဘက် ခပ်ဝေးဝေးမှ ဖုန်လုံးများထနေသည်ကို တွေ့သဖြင့် သူက မာလျှန်းလျှန်းအား ညွှန်ပြလိုက်သည်။

"ဟိုမှာကြည့်စမ်း ညီမ၊ အဲဒါ သူဌေးကြီး ပိုင်ယုင်တို့ ဖြစ်လိမ့်မယ်။ အခုအတိုင်းဆိုရင် သူတို့ ဟန်ကျီးနယ်ဘက် သွားနေတာပဲ၊ အလယ်ပိုင်း ဒေသဆိုတာ ဟန်ကျီးနယ်ကို ပြောတာ"

"ညီမတို့ ဖြတ်လမ်းကနေ လိုက်ကြမလား အစ်ကို"

ရှောင်းရိက ခေါင်းခါပြလိုက်၏။

"ဒီခရီးက အစ်ကိုတို့ ကျွမ်းကျင်တဲ့ခရီး မဟုတ်ဘူး။ ပြီးတော့ အစ်ကိုတို့အထဲမှာ လမ်းပြလဲ မပါဘူး။ အမှတ်အသားတွေ ကြည့်ပြီး နောက်ကလိုက်တာပဲ ကောင်းတယ်၊ အသွားနှုန်းကို မြှင့်လိုက်ရင် သူတို့ကို မီနိုင်ပါတယ်"

"သူတို့ကို မီဖို့လိုသလို မြေပုံကို ပြန်ရဖို့လဲ လိုတယ်"





"ဟုတ်တယ် ညီမ။ နောက်တစ်ခုက ရွှေတောင်ပံ သိန်းငှက်ရဲ့ မန်ချူးအဆက်အသွယ်ကို မီဖို့ပဲ၊ ဒါမှ ကိစ္စအားလုံး တစ်ခါတည်း ပြီးမှာ"

ရှောင်းရိတို့သည် ခရီးတွင်အောင် ပြေးလွှားရင်း စကားအခြေအတင် ပြောနေကြခြင်း ဖြစ်သည်၊

သူတို့သည် တောင်ပေါ်မှ ဆင်းလိုက်စဉ် မြက်ခင်းလွင်ပြင်ကြားမှ ဖြတ်သွားနေသော လူဆယ်ယောက်ခန့်ကို တွေ့ရသည်၊

ထိုသူအားလုံးမှာ အနက်ရောင် ဝတ်ဆင်ထားသူများ ဖြစ်၏။

"ရှေ့က လူတွေဟာ မာထိဝါးတို့ ဖြစ်လိမ့်မယ် ထင်တယ်၊ ညီမ နောက်ကလူတွေကို စောင့်ပြီး လိုက်ခဲ့ပါ။ အစ်ကို သူတို့ဆီ မြန်မြန်ရောက်အောင် သွားလိုက်မယ်"

ရှောင်းရိက မာလျှန်းလျှန်း၏ သဘောတူညီချက်ကိုမစောင့်တော့ဘဲ ကိုယ်ဖော့ပညာကို အစွမ်းကုန်ထုတ်သုံး၍ ပြေးထွက်သည်။

သူ၏ ခြေဖဝါးများသည် မြက်ခင်းပြင်နှင့် ထိသည်ဟု မထင်ရဘဲ လျှပ်မြန်စွာ ဖြတ်သန်းနေ၏။

တရိုင်ရိပ်နှင့် ပြေးခဲ့ရင်း သူသည် ရှေ့မှ သွားနေသော မာထိဝါးတို့နှင့် နီးလာသည်။

ရှောင်းရိက လေချွန်သံဖြင့် အချက်ပေးလိုက်၏။

ရှေ့ကို အာရုံစိုက်ပြီး သွားနေသော မာထိဝါးတို့ လူစု တုံ့ခနဲ ရပ်သွားသည်။

ဝတ်စုံနက် ဝတ်ဆင်ထားသူများက ရှောင်းရိအား တိုက်ခိုက်ရန် ပြင်လိုက်ကြ၏။

မာထိဝါးက သူ့လူများအား လက်ကာပြပြီး....

"ဒါ ရန်သူမဟုတ်ဘူး"

ရှောင်းရိသည် မာထိဝါးအနီးသို့ ခုန်ပျံလျက် ရောက်ရှိသွားသည်။

မာထိဝါးက ဝမ်းသာအားရ ဖြစ်သွားဟန်ဖြင့် ဆီးကြိုပြီး....

"ညီမလေးတို့ကော ပါလာတယ် မဟုတ်လား"

"ပါလာပါတယ်။ သူက လမ်းညွှန် အမှတ်အသားတွေကို ကြည့်ဘဲလို့ အခုလို မြန်မြန်ဆန်ဆန် လိုက်လာနိုင်တာပေါ့။ မာကုန်းလျှောင်းကော"





"သူက အရိုင်မဲ့ ကိုယ်ဖော့ပညာ တတ်ထားတဲ့အတွက် သူဌေးကြီး ပိုင်ယွင်တို့နောက် ကပ်လိုက်သွားခိုင်းထားတယ်။ လမ်းတစ်လျှောက်လုံးမှာ အမှတ်အသားတွေ လုပ်ထားခဲ့တာ သူ့ လက်ချက်ပါ"

"ခင်ဗျားတို့ လမ်းမှာ အတိုက်အခိုက် ခံရတာ ရှိသေးသလား"

"လူလူချင်း တိုက်ခိုက်ရတာ မရှိပါဘူး။ တောဝက် တစ်ကောင်က ဝင်တိုက်ခိုက်လို့ ပြန်တိုက်လွှတ်လိုက်ရတယ်။ ဒဏ်ရာအကြီးအကျယ်ရပြီး ထွက်ပြေးသွားတာ တောထဲမှာ သေသွားမှာပဲ"

"ရှေ့က ရန်သူတွေ အင်အား ဘယ်လောက်ရှိသလဲဆိုတာ သိလိုက်ရဲ့လား"

"အင်အား လေးဆယ်လောက်ရှိတယ်။ ဒါပေမယ့် သူတို့အထဲမှာ အရေးထားလောက်တဲ့ လူဆိုလို့ ဆယ်ယောက်ပဲ ပါပါတယ်။ ကျွန်တော်တို့ ခေါင်းဆောင် အဖမ်းခံရပြီး သူတို့နဲ့ ပါသွားလေတော့ ဇောင်တော်ဆိုးတယ်"

*

မာထိဝါး၏ စကားကြောင့် ရှောင်းရီ အံ့အားသင့်သွားသည်။

သူက မနီးမဝေးသို့ ရောက်လာပြီဖြစ်သော မာလျှန်းလျှန်းတို့ လူစုအား တစ်ချက်ကြည့်ပြီး....

"ခင်ဗျားတို့ခေါင်းဆောင် အဖမ်းခံရတယ် ဟုတ်လား။ ဘယ်လိုလုပ် အဖမ်းခံရတာလဲ"

"ကျွန်တော်လဲ မသိဘူး။ ကျွန်တော့်လူတွေက အတင်းဝင်ကယ်မယ် လုပ်နေကြတယ်။ ဒါပေမယ့် ခေါင်းဆောင်ကြီးကို ကြည့်ရတာ ဆေးမိထားတဲ့ ပုံပေါ်နေလို့ ဆေးပြေတဲ့ အချိန်ကျမှ ဝင်လုမယ်ဆိုပြီး ကျွန်တော့်လူတွေကို တားထားရတယ်"

လင်းလင်းသာမက ရွှေတောင်ပံသိန်းငှက်သည် လျှို့ဝှက်အဖွဲ့ခေါင်းဆောင်ဖြစ်သော လျှို့ဝှက်မိန်းကလေးကိုပါ ဖမ်းခေါ်သွားကြောင်း သိရသဖြင့် ရှောင်းရီ၏ စိတ်ထဲတွင် ခံပြင်းသွားမိ၏။

"သူတို့ ဟန်ကျိုးမြို့ကို သွားကြမယ်လို့ ကျွန်တော်ထင်တယ်။ အစ်ကိုကော ဘယ်လိုထင်သလဲ"



မာထိဝါးသည် ရှောင်းရီ၏ အခေါ်အဝေါ် ကြောင့် အံ့အားသင့်သွားပုံရ၏။

သူက အသာအယာပြုံးလိုက်ပြီး....

"ကျွန်တော်လဲ အဲသလိုပဲထင်ပါတယ်၊ သူတို့ မန်ချူးတွေနဲ့ အဆက်အသွယ်ရှိတာ မှန်ရင်တော့ ဟန်ကျိုးမြို့မှာ ဒီညနားပြီး အဆက်အသွယ်ကို စောင့်ကြလိမ့်မယ်"

မာလျှန်းလျှန်းတို့ လူစု ရောက်လာသဖြင့် စကားပြတ်သွားကြသည်။

မာလျှန်းလျှန်းက သူ့ အစ်ကိုကြီးအား ဝမ်းသာအားရ နှုတ်ဆက်ပြီး....

"အစ်ကို လတ်ကော...."

"သူက ရှေ့ကသွားနေတယ်။ လမ်းသိဖို့အတွက် သူ့ကိုပဲ အားကိုးနေရတယ် ညီမလေး"

မာလျှန်းလျှန်း ခေါင်းညိတ်လိုက်၏။

"အမှတ်အသားတွေကို မြင်တာနဲ့ အစ်ကိုလတ်ရဲ့လက်ရာလို့ ညီမ ထင်လိုက်ပါတယ်"

"သူ့ကို သိပ်အတင့်မရဲဖို့ မှာထားတာပဲ။ ရွှေတောင်ပံ သိန်းငှက်က သိပ်ရက်စက်တယ်"

"အစ်ကိုလတ်က ပါးနပ်ပါတယ်။ သူ့အန္တရာယ်ကို သူရှောင်တတ်မှာပါ"

မာလျှန်းလျှန်းနှင့် မာထိဝါးတို့ စကားပြောနေစဉ် ရှောင်းရိက အမတ်ချုပ်ကြီးတို့နှင့်တွေ့ပြီး ခရီးစဉ်အကြောင်းကို တိုင်ပင်သည်။

ဟန်ကျီးမြို့သို့ လူစုခွဲပြီး ဝင်ရန် ဆုံးဖြတ်လျက် ကျန်းနန်မြို့စားတို့ကတစ်ဖွဲ့ အမတ်ချုပ်ကြီးကတစ်ဖွဲ့ ခွဲလိုက်၏။

ရှောင်းရိတို့မှာ အမတ်ချုပ်ကြီး၏ အဖွဲ့တွင် လိုက်ပါရန် ဆုံးဖြတ်ပြီး မာထိဝါးတို့နှင့်အတူ ခရီးဆက်သည်။

မြို့စားကြီးတို့လူစုမှာ လမ်းကြောင်းပြောင်းပြီး ဟန်ကျီးမြို့သို့ ထွက်ခွာသွားကြ၏။





နေရောင်မရှိတော့.....။

အလင်းရောင်က ကဖြည်းဖြည်း အားနည်းလာသည်။

မကြာခင်တွင် အမှောင်ရိပ်တို့ သိသိသာသာထင်လာတော့မည်ဖြစ်၏။

အမတ်ချုပ်ကြီး ဦးဆောင်သောအဖွဲ့သည် ဟန်ကျီးမြို့စားစံအိမ်သို့ ဝင်ကြသည်။

မာထိဝါးတို့လူစုက သူဌေးကြီး ပိုင်ယွင်တို့နောက် အနီးကပ် လိုက်သွားသော မာကုန်းလျောင်း ချထားမည့် အမှတ်အသားများကို ရှာရန် ထွက်သွားသည်။

မာထိဝါးတို့နှင့်အတူ မာလျှန်းလျှန်းပါ လိုက်သွား၏။

ရှောင်းရိသည် ဟန်ကျီးမြို့စား အမတ်ချုပ်ကြီးတို့နှင့် ရန်သူကို ရှာဖွေတိုက်ခိုက်ရန် တိုင်ပင်ကြသည်။

ဟန်ကျီးမြို့စားက မြို့စောင့် တပ်သားများကို အဖွဲ့ငယ်များ ခွဲလျက် မြို့အနှံ့ကင်းလှည့်ရန် အမိန့်ပေးလိုက်သည်။

ညစာစားသောက်ပြီး အမှောင်စိုးမိုးချိန်တွင် မာလျှန်းလျှန်း ပြန်ရောက်လာသည်။

သူက သူဌေးကြီးပိုင်ယှင်တို့ မြို့အနောက်ဘက်ရှိ သားရေကုန်သည်ကြီးအိမ်တွင် ခိုအောင်းနေကြောင်းသတင်းပေးသည်။

ရှောင်းရီနှင့် လက်ရွေးစင် သိုင်းသမားများက ထိုအိမ်ကို ဝိုင်းရန် ထွက်ခဲ့ကြ၏။

အမတ်ချုပ်ကြီးမှာ ကျန်းနန် မြို့စားတို့ ရောက်လာသည့်အခါတွင် လမ်းပြနိုင်ရန် ဟန်ကျိုးမြို့စားအိမ်တွင် နေရစ်ခဲ့သည်။

သားရေကုန်သည်ကြီး၏အိမ်မှာ ကျယ်ဝန်းသော ခြံဝင်းအတွင်း၌ ရှိသည်။

ခြံဝင်းကို မြင့်မားစွာ အုတ်တံတိုင်းဖြင့် ပတ်လည် ကာရံထား၏။

မာထီဝါးတို့လူစုသည် ကျယ်ဝန်းသော ခြံဝင်းပတ်လည်တွင် ဝိုင်းရံထားကြပြီး ဖြစ်သည်။

ရှောင်းရီက သူနှင့်အတူပါလာသော လက်ရွေးစင် သိုင်းသမားများအား ခြံဝင်းတောင်ဘက် တောတန်းလေးတွင် နေရာချပြီး သူတစ်ယောက်တည်း ခြံဝင်းအတွင်းသို့ဝင်သည်။





သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ခုန်ပျံကူးသန်းပြီးနောက် သူသည် **အိမ်ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်၏။**

အိမ်ခေါင်မိုးပေါ်မှနေ၍ အိမ်အတွင်းမှ လှုပ်ရှားမှုတို့ကို တိတ်တဆိတ် အကဲခတ်သည်။

သားရေကုန်သည်ကြီး၏ အိမ်ဧည့်ခန်းတွင် သူဌေးကြီးပိုင်ယှင်၊ ပိုင်ရီဖုန်းနှင့် ရွှေမင်းသားတာန်မင်းလီတို့ ရှိနေကြသည်။

သူတို့သည် ဧည့်ခန်းတွင် ထိုင်ပြီး တစ်စုံတစ်ယောက်ကို စောင့်မျှော်ဟန် အပြင်ဘက်သို့ မကြာခဏ လှမ်းလှမ်းကြည့်နေကြ၏။

"မနက်ဖြန်ဆိုရင် ကျုပ်တို့ အကြံအောင်ပါပြီ၊ အကြံအောင်တာနဲ့ ကျုပ် ကတိပေးထားတဲ့ အတိုင်း ဦးလေးကို နယ်တစ်နယ် အပိုင်စားပေးပြီး နယ်စားကြီးအဖြစ် ချီးမြှင့်ပါမယ်"

ရွှေမင်းသားတာန်မင်းလီက ဝံ့ကြွားသည့်ဟန်ဖြင့်ပြောသည်။

သူဌေးကြီးပိုင်ယှင်သည် တာန်မင်းလီအား မရှုံမရဲနှင့်ကြည့်ပြီး....

"ကျုပ် နယ်စားဖြစ်ဖို့က အရေးမကြီးပါဘူး….။ ကျုပ် သမီးလေး စိတ်ချမ်းသာဖို့က အရေးကြီးပါတယ်"

"ဟား….ဟား…. သူက ကျုပ်ရဲ့ ဇနီးဖြစ်နေပြီပဲ။ ကျုပ်ရဲ့ အခြေအနေ ကောင်းမွန်တိုးတက်ရင် သူ့ အခြေအနေလဲ ကောင်းမှာပါပဲ။ ဘုရင်ခံတစ်ယောက်ရဲ့ ဇနီးအဖြစ်ကိုရောက် ရင် သူ မပျော်ဘဲ နေပါ့မလား"

တန်မင်းလီက စကားပြောရင်း ပိုင်ရီဖုန်းအား ဖျတ်ခနဲ လှမ်းကြည့်သည်။

ပိုင်ရီဖုန်းသည် ပင်ပန်းနွမ်းနယ်ဟန်ဖြင့် ဇာစ်ချက်သမ်းဝေ လိုက်ပြီး….

"အခု ဒီမှာ ကျွန်မရှိနေဖို့ လိုသေးသလား။ ကျွန်မ ဒီမှာ နေရတာထက် ဟိုအကျဉ်းသားနဲ့အတူ သွားနေရင် မကောင်း ဘူးလား"

"သူက စိတ်ညှိုဆေးမိထားတဲ့သူပဲ။ သူ့ အတွက် စိုးရိမ်စရာ မရှိပါဘူး။ မင်း ပင်ပန်းလို့ နားချင်တယ်ဆိုရင်တော့ သွားပြီး နားပါ။ အစ်ကိုတို့ နယ်ခြားစေတမန်တွေနဲ့ တွေ့မယ့်ကိစ္စမှာ မင်း မရှိရင်လဲ ရပါတယ်"





"ဒါဆိုရင် ကျွန်မ သွားနားတော့မယ်"

ပိုင်ရီဖုန်းက သမ်းဝေလိုက်ပြန်ပြီးနောက် နေရာမှထလျက် အတွင်းခန်းသို့ ဝင်လိုက်သည်။

ပိုင်ရီဖုန်းဝင်သွားသော အခန်းတွင် လင်းလင်း ရှိနေလိမ့် မည်ဟု ရှောင်းရီ ခန့်မှန်းမိ၏။

သူက တန်မင်းလီတို့၏ စကားကို ဆက်နားထောင်သည်။

အခြေအနေ ပြည့်ပြည့်စုံစုံသိသည်နှင့် သူသည် အိမ်အမိုး ပေါ်မှ ခုန်ဆင်းပြီး ခြံဝင်းအပြင်သို့ ထွက်ခဲ့လေသည်။

## အခန်း (၂၀)

အကြောပိတ်ခံထားရသဖြင့် မလှုပ်နိုင်တော့သည့် မန်ချူးလေးယောက်အား မြို့စောင့်တပ်မှူးလက်ထဲ အပ်လိုက်သည်။

ရွာရှင်းရှိ မာလျှန်းလျှန်း မာထိဝါးနှင့် မာကုန်းလျှောင်းတို့သည် မန်ချူးများ၏ အဝတ်အစားများကို ချွတ်ယူပြီး ဝတ်ဆင်ကြသည်။

မန်ချူးများကဲ့သို့ ကျစ်ဆံမြီးရှည်ရှည်ချ၍ ဦးထုပ်ဝိုင်းများ ဆောင်းလိုက်ကြ၏။

ရုပ်ဖျက်ပညာတတ်သော မာထိဝါးက အားလုံး၏မျက်နှာကို မန်ချူးများနှင့်တူအောင် ပြုပြင်ပေးလိုက်၏။

ပြီးနောက် သူတို့လေးယောက်သည် လေးရေကုန်သည်ကြီး၏ အိမ်ဝင်းတံခါးဆီသို့ လျှောက်ခဲ့ကြသည်။





အဝေးဆီမှ ခွေးအူသံက ရင်ထိတ်ဖွယ် ပေါ်လာ၏။

မန်ချူးလေးယောက်သည် မှောင်ရိပ်ခိုလျက် ခြံကျယ်ကြီး၏ ဝင်းတံခါးအနီးသို့ ချဉ်းကပ်သည်။

ခြံဝင်းတံခါးအနီးတွင် ရှိနေသော အစောင့်တစ်ယောက် ဖျတ်ခနဲ ရှေ့တိုးလာသည်။

သူက မှောင်ရိပ်ခိုနေသူ လေးယောက်အား ကြည့်ပြီး....

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

"အရှေ့ဘက်ကမ်းက ကုန်သည်တွေပါ"

"အရောင်းအဝယ် လုပ်ချင်ကြလို့လား"

"ဟုတ်ပါတယ်"

"ညကြီးအချိန်မတော်မှာ ခင်ဗျားတို့က ဘာရောင်းမလို့လဲ"

"ရွှေချောင်းရောင်းကြမလို့ပါ။ ဟောဒီမှာ နမူနာ ကြည့်ပါ"

ရှောင်းရီက အဝတ်လိပ်တစ်လိပ်ကို အကာအရံ ကြားမှ ထိုးသွင်းပေးလိုက်သည်။

ထိုအဝတ်လိပ်မှာ မန်ချူးများထံမှ ရထားသည့် အမှတ်အသား အလံဖြစ်သည်၊

ရှောင်းရီသည် အိမ်ခေါင်မိုးပေါ်မှ နေ၍ တန်မင်းလီတို့ အပြန်အလှန် ပြောနေသည့်စကားကို နားထောင်ရင်း မန်ချူးစေတမန်လေးယောက် လာမည့်အချိန်၊ ဆက်သွယ်ပြောဆိုမည့် စကားနှင့် ပြသမည့် အမှတ်အသားအလံတို့အကြောင်းသိခဲ့ရသဖြင့် ရွှေတောင်ပံသိန်းငှက်နှင့် တွေ့ရန် လာသော မန်ချူးလေးယောက်အား တိတ်တဆိတ်ဖမ်းဆီးပြီး သူတို့ဟန်ဆောင်၍ ခြံဝင်းထဲ ဝင်နိုင်ရန် ကြိုးစားကြခြင်း ဖြစ်သည်။

ခြံဝင်းတံခါး အဘွင်းဘက်မှ အစောင့်သည် အမှတ်အသားအလံကို စစ်ဆေးပြီး မှန်ကန်နေသဖြင့် မန်ချူးလေးယောက် ဝင်သာအောင် တံခါးဖွင့်ပေးလိုက်သည်၊





မန်ချူးလေးယောက်အသွင် ယူထားသော ရှောင်းရီတို့က ခြံဝင်းအတွင်းသို့ လျင်မြန်စွာ ဝင်လိုက်ကြသည်၊

"ကျုပ်နောက်က လိုက်ခဲ့ပါ"

ဝင်းတံခါးတွင် စောင့်နေသူက ရှေ့မှ ဦးဆောင်ပြီး လျှောက်သွားသည်။

ရှောင်းရီတို့သည် သူ၏ နောက်မှ လိုက်ခဲ့၏၊

မီးရောင် ကင်းမဲ့ပြီး တိတ်ဆိတ်နေသော လမ်းအတိုင်း လျှောက်ခဲ့ပြီးနောက် အိမ်ရှေ့သို့ အရောက်တွင် လမ်းပြသူ အစောင့်က လေချွန်သံဖြင့် အချက်ပေးသည်၊

အတွင်းမှ တုံ့ပြန်သံ ပေါ်လာသည်နှင့် သူက တံခါးကို ဆွဲဖွင့်လိုက်၏။

"ဝင်သွားပါ၊ ဧည့်ခန်းမှာ သခင်လေး ရှိပါတယ်"

ရှောင်းရီတို့သည် မီးပုံးငယ်များ ချိတ်ဆွဲထားသော အိမ်ထဲသို့ဝင်သည်။

ဧည့်ခန်းဆောင်သို့အရောက်တွင် သူတို့အား စောင့်မျှော်နေသော တန်မင်းလီနှင့် သူဌေးကြီး ပိုင်ယွင်တို့ကို ခေါင်းညိတ်ပြ နှုတ်ဆက်လိုက်သည်။

"စေတမန်ကြီးတို့က အချိန်မှန်သားပဲ"

ချောင်းရီ ခေါင်းညိတ်ပြလိုက်ပြန်၏။

သူက အသံသြအောင် လည်ချောင်းကို တင်းပြီး....

"ဘဏ္ဍာတော်အခြေအနေ ကောင်းနိုင်သလားလို့ ဧကရာဇ်က အမေးရှိလိုက်ပါတယ်"

"ဟား....ဟား၊ တွေ့တွေ့ချင်း ဘဏ္ဍာတော်အကြောင်း ပြောနေပါလား၊ ကျုပ်က တာဝန်ယူထားတာ ကျေပွန်အောင် လုပ်တတ်ပါတယ်၊ ဘဏ္ဍာတော်တွေ ရပါစေ့မယ်"

"ကျုပ်တို့ဘက်ကလဲ ပြောထားတဲ့အတိုင်း သူ့ရဲ့ကောင်းလေးကို ဂုဏ်ပြုဖို့ ပြင်ထားပြီးပါပြီ"

"ဘယ်လို ဂုဏ်ပြုမှာလဲ"





ချောင်းရီ ရုတ်တရက် စကားမဆက်နိုင် ဖြစ်သွား၏။

တန်မင်းလီက ချောင်းရီတို့အား မျက်မှောင်ကြုံ့လျက် ကြည့်ပြီး....

"ကျုပ်မေးတာကို ဖြေပါဦး"

"ဒီအဖြေကို ဧကရာဇ်ကြီးက ပေးပါလိမ့်မယ်"

တန်မင်းလီ မကျေမနပ် ဖြစ်သွားပုံရသည်။

သူက တစ်စုံတစ်ရာ ပြောမည် အပြုတွင် အပြင်ဘက်မှ အော်ဟစ်သံ တိုက်ခိုက်သံများ ပေါ်လာ၏။

တန်မင်းလီက စကားမဆက်တော့ဘဲ ထိုင်နေရာမှ ထလိုက်သည်။

"ရန်သူတွေ ဝင်လာပြီ"

"ခင်ဗျားတို့ လုံခြုံရေးကို ဂရုမစိုက်ဘူးလား၊ ရန်သူတွေကို ဘယ်လို လုပ်မလဲ"

တန်မင်းလီက ယပ်တောင်ကို ဆွဲထုတ်ပြီး တဖျပ်ဖျပ်ခတ်ရင်း....

"အားလုံးကို သတ်ပစ်မယ်၊ ကျုပ်က ရွှေတောင်ပံသိန်းငှက်ဆိုတာ စေတမန်ကြီးတို့ ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးပါတယ်၊ ကြားဖူးလို့လဲ မင်းနောက်ကို ဒီထိအောင် လိုက်လာတာပေါ့"

ရှောင်းရီက ခေါင်းပေါ်မှ ဦးထုပ်ကို ချွတ်ပစ်ပြီး ပြောသည်၊

တန်မင်းလီ အံ့အားသင့်သွားပြီး ရှောင်းရီအား မျက်လုံးပြူး၍ ကြည့်သည်၊

"ဟင်....မင်း"

"ကျုပ်.... ရှောင်းရီပါပဲ"

တန်မင်းလီက ရှောင်းရီအား အေးစက်စက်နှင့် ကြည့်ပြီး တစ်ချက် ရယ်လိုက်သည်၊





"ကျုပ်နောက်ကို ဒါလောက် သဲကြီးမဲကြီး လိုက်လာတာ ရွှေစင်အစိတ် ပြန်ပေးချင်လို့လား၊ ဒါမှမဟုတ်"

"မင်းလို သစ္စာဖောက်ကို သုတ်သင်ချင်လို့၊ တန်မင်းလီ မင်းကို အဖမ်းခံဖို့ ကျုပ် ရှောင်းရီ အမိန့်ပေးတယ်၊ ကျုပ်ရဲ့ အမိန့်ဟာ ဘုရင် ဧကရာဇ်ကြီးရဲ့ အမိန့်ပဲ"

ရှောင်းရီက ဃူ့လည်ပင်းတွင် ဆွဲထားသော အမိန့်ပေးတံဆိပ်ပြားကို ဆွဲထုတ်ကိုင်ပြီး ပြောသည်။

တန်မင်းလီက အေးစိမ့်စိမ့်နှင့် ရယ်လိုက်ပြီး....

"ရှောင်းရီ....ရှောင်းရီ၊ ဟုတ်ပြီ၊ မင်းက ဘုရင့်ညီတော်ကိုး၊ အတော်ပဲ၊ မင်းခေါင်းကိုဖြတ်ပြီး မန်ချူး ဧကရာဇ်လက်ထဲ အပ်ရမယ်၊ သေဖို့ပြင်ပေတော့"

တန်မင်းလီက ရွှေတောင်ပံ သိန်းငှက် ယပ်တောင်ကို ဝှေ့ယမ်းလိုက်သည်၊

ရှောင်းရီက လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်ပြီး....

"အဆိပ်အပ် သတိထား"

သူက အတွင်းအားကို အမြင့်ဆုံးရောက်အောင် စုစည်းပြီး တန်မင်းလီအား လျှင်မြန်ကြမ်းတမ်းစွာ တိုက်ခိုက်သည်။

မန်ချူးများအသွင် ဆောင်ထားသော မာထီဝါးတို့မှောင်နှမ သုံးယောက်က အဆိပ်အပ်ရန်မှ လွတ်အောင် ရှောင်ရင်း သူဌေးကြီး ပိုင်ယွင်အား ဝိုင်းတိုက်ကြသည်။

ထိုအချိန်မှာပင် အိပ်ခန်းထဲမှ ပိုင်ရိဖုန်း ပြေးထွက်လာ၏။

သူက ညှော်ခန်းမှ တိုက်ပွဲအခြေအနေကို ကြည့်သည်။

ပြီး.... သူ့ဖခင်အား ကူညီပြီး မာထီဝါးတို့ကို တိုက်ခိုက်သည်။

ရှောင်းရိနှင့် တန်မင်းလီတို့သည် တစ်ယောက်ကို တစ်ယောက် အဆင့်မြင့်တိုက်ကွက်များ အသုံးပြုပြီး တိုက်ခိုက်နေကြသည်။

တိုက်ခိုက်နေရင်းနှင့် တန်မင်းလီ၏ အင်အားမှာ ဖြောက်စရာကောင်းလောက်အောင် မြင်းထန်လာသည်။





ရှောင်းရိသည် တန်မင်းလီ၏ တိုက်ခိုက်မှုကို ထိပ်တိုက်ရင်မဆိုင်နိုင်ဘဲ ရှောင်တိမ်း ခုခံနေရ၏။

တန်မင်းလီက ယပ်တောင်တစ်ဖက် လက်ဝါးတစ်ဖက်ဖြင့် ရှောင်းရိကို တိုက်ခိုက်သည်။

ပိုင်ရိဖုန်းက မာလျှန်းလျှန်း တစ်ယောက်တည်းကို အညှိုးတကြီး တိုက်ခိုက်နေ၏။

သူဌေးကြီး ပိုင်ယွင်မှာ မာထီဝါးတို့ ညီအစ်ကို၏ တိုက်ကွက် ကြားတွင် ပိတ်မိစ ပြုလာသည်။

"မင်း သေရမယ် မင်းသားလေး။ ဒီနေ့ မင်း သေရမယ်"

တန်မင်းလီက အော်ဟစ်ပြီး ရှောင်းရိကို တရကြမ်း တိုက်ခိုက်သည်။

ရှောင်းရိ ရှောင်ရင်း ခြေလှမ်းတစ်ချက် မှားသွား၏။

ထိုအချိန်တွင် တန်မင်းလီ၏ ယပ်တောင်က သူ့ရင်ဝဆီသို့ တိုးဝင်လာသည်။

"ဝှစ်"

"အား"

အိမ်အတွင်းဘက်မှ ဆံထိုးဖြူဖြူတစ်ချောင်း လွင့်ပျံလာပြီး တန်မင်းလီ၏ ယပ်တောင်ကိုင်လက်ကို ထိသွားသည်။

တန်မင်းလီ အထိတ်တလန့်နှင့် လှည့်ကြည့်၏။

အိမ်ထဲမှ လေတွင် ခဲပျံသည့်ပမာ ပြေးထွက်လာသော လင်းလင်းအား တွေ့လိုက်ရသည်။

*

သိုင်းပညာတတ်ကျွမ်းခြင်းမရှိဟု သိထားသော လင်းလင်း၏ ကိုယ်ဖော့ပညာကြောင့် ရှောင်းရီ အံ့အားသင့်သွားသည်။

လင်းလင်းက တန်မင်းလီဆီ ပြေးဝင်ပြီး ရင်ဘတ်ကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။





ပြင်းထန်သော လေအရှိန်ဟပ်သွားပြီး တန်မင်းလီ၏ ရင်ဘတ်ပေါ်သို့ လက်ဝါးရိုက်ချက်ကျသွားသည်။

ဘုံးခနဲမြည်သံနှင့်အတူ တန်မင်းလီ နောက်သို့ ယိုင်သွားသည်။

ထိုအချိန်မှာပင် ရှောင်းရီက တန်မင်းလီအား လက်သီးဖြင့် လှမ်းထိုးလိုက်သည်။

ပြင်းထန်သော လက်သီးချက် တန်မင်းလီ၏ ပခုံးကိုထိပြီး သူ၏ကိုယ် နံရံထောင့်သို့ လွင့်စဉ်သွားသည်။

"မင်း.... မင်းတို့"

တန်မင်းလီက သွေးများ ဝေါခနဲအန်လိုက်ရင်းမှ ရှောင်းရီနှင့် လင်းလင်းတို့ကို ကြည့်သည်။

မာလျှန်းလျှန်းကို တိုက်ခိုက်နေသော ပိုင်ရှိဖုန်းသည် တန်မင်းလီ၏ အဖြစ်ကိုမြင်သည်နှင့် အနားသို့ ခုန်ဝင်သွားသည်။

"ညီမ.... အစ်ကို"

ပိုင်ရီဖုန်း၏ လက်ဝါးရိုက်ချက် တန်မင်းလီ၏ ခေါင်းပေါ်မှ အုပ်မိုးပြီးကျလာ၏၊

တန်မင်းလီက အုံ့အားသင့်သွားရာမှ ယပ်တောင်ကို ခေါက်ပြီး ထိုးထုတ်သည်၊

ပိုင်ရီဖုန်း၏ လက်ဝါးရိုက်ချက် တန်မင်းလီ၏ ဦးခေါင်းကို ကွဲကြေသွားစေသည်။

တန်မင်းလီ၏ ယပ်တောင်က ပိုင်ရီဖုန်း၏ ရင်ဘတ်ထဲ တိုးဝင်သွား၏။

"အား"

နာနာကျင်ကျင် အော်ဟစ်သံများ ပေါ်လာသည်။





တန်မင်းလီနှင့် ပိုင်ရီဖုန်းတို့ နှစ်ယောက်စလုံး ကြမ်းပြင်ပေါ် ပုံလျက်သား ကျသွားလေ၏၊

*

ရှောင်းရိက သွေးစွန်းနေသော မြေပုံအပိုင်းအစ သုံးခုကို အမတ်ချုပ်ကြီး၏လက်ထဲ အပ်လိုက်သည်၊

အမတ်ချုပ်ကြီးက မြေပုံအပိုင်းအစများကိုသိမ်းလိုက်ပြီး....

"ဘဏ္ဍာတော်တွေကို အမြန်ဆုံးသွားပြီး ဖော်ထုတ်ပါမယ် မင်းသားလေး"

"ကျွန်တော် နေပြည်တော်ကိုပြန်မယ် အမတ်ချုပ်ကြီး။ လဆန်းရက်ကို အမီပြန်လာခဲ့ပါ"

"လဆန်းရက်မှာ တာဝန်ပေးစရာရှိလို့လား မင်းသားလေး"

"ကျွန်တော့်မင်္ဂလာဆောင်ကို တက်စေချင်လို့ပါ"

အမတ်ချုပ်ကြီးက ပြုံးပြီး ခေါင်းညိတ်ပြသည်။

ပြီး.... မျက်မှောင်ကြုံ့လျက် မာလျှန်းလျှန်းကို ကြည့်လိုက်၊ လင်းလင်းအား ကြည့်လိုက်နှင့် ကြည့်သည်။

ရှောင်းရိက မာလျှန်းလျှန်းနှင့် လင်းလင်းတို့ နှစ်ယောက်စလုံး၏ လက်ကို ဆွဲကိုင်ပြီး....

"မင်္ဂလာဆောင်မှာ သတို့သမီး နှစ်ယောက် ဖြစ်လိမ့်မယ်။ မာလျှန်းလျှန်းက နဂါးနက် မာစင်းလျှ ရဲ့ သမီးပါ။ အဆင့်မြင့် သိုင်းပညာရှင်ဖြစ်ပြီး လျှို့ဝှက်အဖွဲ့တစ်ဖွဲ့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ လင်းလင်းက ကျန်းနန်မြို့စားကြီးရဲ့ သမီးပါ။ ကျွန်တော်သူတို့ နှစ်ယောက်စလုံးနဲ့ မခွဲနိုင်လို့ နေပြည်တော်ကို ခေါ်သွားပါတော့မယ်"





ရှောင်းရိ၏ စကားအဆုံးတွင် အမတ်ချုပ်ကြီး ရယ်လိုက်သည်။

ရှောင်းရိပါ အမတ်ချုပ်ကြီးနှင့်အတူ လိုက်ရယ်သည်။

မာလျှန်းလျှန်းနှင့် လင်းလင်းတို့က ရှက်ပြုံးပြုံးပြီး မျက်လွှာလေးများ ချလိုက်ကြလေသည်။

(ပြီးပါပြီ)

**စာဖတ်ပရိသတ် အားလုံး၏ မေတ္တာကို ခံယူလျက်....**

ရဲမင်းတိန်း

လွင်စာပေ
အမှတ် ၁၅/၁၃၀၊ မြေညီ
ဖုန်း ၂၁၀၄၅၅